# ဆင်းရဲ၏နောက် ချမ်းသာရောက်

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်




တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ
ဓာတ်ပုံဓမ္မဒါန
ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)

# "ဆင်းရဲ၏နောက် ချမ်းသာရောက်"

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

# ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၃၈၂/၉၉ (၇)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၃၉၉/၉၉ (၈)

◆ ထုတ်ဝေခြင်း

ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

တန်ဖိုး - ၂၃၀ ကျပ်

◆ ထုတ်ဝေသည့်ကာလ

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ

◆ အတွင်းသားပုံနှိပ်

မတင်စိန် (၀၅၅၂၉)၊ ဇော်ဦးပုံနှိပ်တိုက်
အမှတ်(၂)၊ ချွန်း(၁)လမ်း၊ ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်(၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊ (ရဲဘော်ကျော်ဆန်း)
ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊
ပုသိမ်ညွန့်၊ ရန်ကုန်မြို့။

သီရိစီစဉ်သည်


F 1B

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၄၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

ဆင်းရဲဆိုတာစကားအနေနဲ့သာပြောတာ
ကိုယ်ကဉာဏ်မျက်လုံးတပ်ပြီးပြီ
ချမ်းသာအတွက် အရင်းအနှီးစိုက်တာလို့
ဉာဏ်နဲ့မြင်တဲ့ပုဂ္ဂိုလ်များ
ပျော်ကြတာပေါ့။

တိပိဋကဓရ
(ယော) ဆရာဟော်

မာတိကာ

# ဆင်းရဲ၏နောက် ချမ်းသာရောက်

ထေရုပ္ပတ္တိ–
တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်၏
ဘဝဖြစ်စဉ်ကြောင်းကျိုးထင်
(ကိုယ်တိုင်ရေးထေရုပ္ပတ္တိ)
မြတ်စွာဘုရားဟောကြားတဲ့
ဒေသနာလေးတစ်ခု ... ၁
ဒွန်တွဲနေတာ ဆင်းရဲနှင့်ချမ်းသာ ... ၃
ချမ်းသာနောက်မှာဆင်းရဲ ... ၅
လူပျင်းချမ်းသာယူလိုက်တာ ... ၉
ချမ်းသာဖို့အရင်းအနှီးစိုက်တာပါ ... ၁၁
သတိအထိန်းလေးတပ်ပေးရုံပဲ ... ၁၃
ကိုယ့်အကြောင်းကိုယ်သိမှ ... ၁၅
ဉာဏ်မျက်လုံးမရှိရင် ... ၁၇
ပစ္စည်းဆိုတာဘုံဆိုင် ... ၁၉
ဗုဒ္ဓထိပေါက်သူတွေ ... ၂၁
ပညာရှိများကဲ့ရဲ့သောစကား(၂)ခွန်း ... ၂၃
ပညာရှိများချီးမွမ်းသောစကား(၃)ခွန်း ... ၂၅

ဘယ်တိုင်းပြည်နဲ့မှ အလိုက်ပေးမလဲ
နိုင်တဲ့ မြန်မာပြည် ... ၂၇
ကိလေသာသည် ဘယ်သူ့ကိုမှ
မျက်နှာမလိုက် ... ၂၉
ဗုဒ္ဓသာသနာလမ်းစဉ်နဲ့လေ့လာမှ ... ၃၁
ပူတာတွေငြိမ်းသွားတယ် ... ၃၃
သာသနာကျေးဇူးကြောင့် ... ၃၅
အောက်ခြေလွတ်ကုန်တယ် ... ၃၇
ကိုယ့်အကြောင်းကိုယ်မသိလို့ ... ၃၉
လူချမ်းသာ ... ၄၃
မြွေပူရာကင်းမှောင့် ... ၄၅
စိတ်နာရင်မြန်မြန်ပျောက်အောင်ကု ... ၄၉
တရားသာကိုယ်ပိုင်အစစ် ... ၅၃
ရောဂါရှိမှ ဆေးစွမ်းသိ ... ၅၅
တရားစွမ်းမှန်းသိချင်ရင်
လောကခံအာရုံနဲ့စမ်းပါ ... ၅၇
မှန်းတိမ်းမှလှမ်းတဲ့စပါး ... ၆၁

## ကိုယ့်ကိုကိုယ်ချစ် လူအစစ်

ကိုယ့်ကိုကိုယ်ချစ်တယ်ဆိုရင် ... ၆၇
အချစ်(၂)မျိုး ... ၆၉

ဘယ်လောက်ချစ်နေပြီလဲ ... ၇၁
ခန္ဓာ၏ ချီးကျူးခန်း ... ၇၃
ခန္ဓာကမေးသောစကား(၃)ခွန်း ... ၇၅
ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပိုင်ရှင်များ ... ၇၇
မြန်မာပြည်ပျော်စရာကောင်းတာက ... ၈၁
တရားနဲ့တွေ့မှလူချမ်းသာ ... ၈၃
ကိုယ့်ကိုကိုယ်မုန်းတဲ့သူ ... ၈၇
ကိုယ့်ကိုကိုယ်ချစ်ရင် ... ၉၃
မောင်ဦးနှင့်မထူး ... ၉၉
ဂုဏ်ပျက်တယ်ထင်လို့ ... ၁၀၃
သံသရာကြွေး ... ၁၀၅
ကိုယ့်အထုပ်ကိုယ်ထမ်း
ကိုယ့်လမ်းကိုယ်သွားရမှာ ... ၁၀၉
တရားနှလုံးသွင်းလမ်းကြောင်း
ဖြောင့်သွားတယ် ... ၁၁၁
ပညာကပြောနေတယ် ... ၁၁၅
ခန္ဓာဝန်ထုပ်ကြီးပေါ့သွားအောင် ... ၁၁၇
ဉာဏ်နဲ့ချိန်ကြည့်ပြီးပြီ ... ၁၁၉

လောကမှာ အရေးအကြီးဆုံးက
ကိုယ့်အကြောင်းကိုယ်သိဖို့ပဲ၊
ကိုယ့်အကြောင်းကိုယ်သိမှ
ကိုယ့်လမ်းကိုယ်သွားနိုင်ကြမယ်
ကိုယ့်အကြောင်းကိုယ်သိမှ
ကိုယ့်နေရာကိုယ်နေတတ်မယ်
အဲဒါမှ စွမ်းအားရကြမှာပါ။

တိပိဋကဓရ
(ယော)ဆရာတော်

ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း
မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ်
သ စ အ ပါဠိပါရဂူ အဂ္ဂမဟာအကျော်
တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

**တိပိဋက(ယော)ဆရာတော်**

**ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ**

၏

"ဘဝဖြစ်စဉ် ကြောင်းကျိုးထင်"
(ထေရပွတ္တိအကျဉ်း)

သာသနာ ၂၅၄၂၊ ကောဇာ ၁၃၆၀
တပေါင်းလ
၁၉၉၉ ခုနှစ်၊ မတ်လ
[သက်တော် ၅၆၊ သိက္ခာတော် ၃၇]

# ဘဝဖြစ်စဉ် ကြောင်းကျိုးထင်
# (ထေရုပ္ပတ္တိအကျဉ်း)

✸

## ဖွားမြင်ရောက်လာ လူ့တို့ရွာ

ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ဟိပိဋကယောဆရာတော်)သည် မကွေးတိုင်း ဂန့်ဂေါမြို့နယ် (ယောနယ်) လက်ပံရွာ၌ ခမည်းတော်ဦးရဲနိုင်၊ မယ်တော်ဒေါ်တုတ်ခိုင်တို့မှ (၁၃၀၄)ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် (၂၆–၃--၄၃) သောကြာနေ့နံနက် ၄–နာရီခွဲအချိန်တွင် ဖွားမြင်သော (မွေးချင်း ၆ ယောက်တွင်) သားဦးရတနာဖြစ်၍ ငယ်နာမည် (လူအမည်) မောင်သာမောင်ဖြစ်ပါသည်၊ မိဘတို့ထံ၌ အတိတ်ကုသိုလ်ကံက ရေးခြယ်ပေးလိုက်

သော လူ့ဘဝအရုပ်ကလေးတစ်ခု ပေါ်လာခဲ့သည်၊ အတိတ်ကုသိုလ်ကံက စိုက်ပျိုးပေးလိုက်သော လူ့ဘဝခန္ဓာ အပင်ကလေးတစ်ပင် ပေါက်လာခဲ့သည်၊ အသုံးဝင်သော လူ့ဘဝခန္ဓာတစ်ခုဖြစ်လာရန် အတိတ်ဘဝက စိတ်ကောင်း ကံကောင်း အရင်းအနှီးကို မြောက်များစွာ စိုက်ထုတ်ပေးခဲ့ရသည်။

* * *

# ကလေးဘဝ တက်လမ်းစ

ငယ်စဉ်ကစ၍ တည်ငြိမ်အေးဆေးသည်၊ အလွန်အကဲကစားမှုကို ဝါသနာမပါ၊ ကစားလျှင်လည်း တစ်ယောက်တည်းသာ ကစားတတ်သည်၊ လူတောသို့ ဝင်ရ ရောနှောရမည်ကို ဝန်လေးတတ်သည်၊ သူတစ်ပါးတို့နှင့် ခွန်းတုန့်ခွန်းပြန်ငြင်းခုံ၍ စကားပြောလေ့မရှိ၊ သူတစ်ပါးက စတင်ငြင်းခုံလာလျှင်လည်း ကိုယ်ကသာ အရှုံးပေးတတ်သည်။ မကျန်းမမာဖြစ်လျှင်ပင် သူတစ်ပါးကို မပူဆာတတ်၊ ကိုယ့်ဒုက္ခကို ကိုယ်သာ အောင့်အည်းသည်းခံတတ်သည်၊ ငယ်စဉ် စကားပြောတတ်ခါစ အရွယ်မှစ၍ မိခင်က စာပေများကို နှုတ်တိုက်ချပေးခဲ့၏၊ ဘိုးဘွားများက ပုံဝတ္ထုဇာတ်နိပါတ်

တော်များကို မကြာမကြာပြောပြ၍ ပုံသွင်းပေးခဲ့ကြသည်၊ ပုထုဇဉ်လူသားတိုင်း ကိုယ့်ကိုကိုယ်မနိုင်သေးသမျှ ကိုယ့်အပေါ် ဩဇာညောင်းသည့်အထိန်း တွန်းအား လမ်းညွှန် အမြဲရှိနေရစမြဲဖြစ်သည်၊ ကိုယ့်ကိုကိုယ်လည်း မထိန်းတတ်၊ ဘေးကအထိန်းကောင်းလည်း ကင်းလွတ်ခဲ့လျှင် လူ့ဘဝတိမ်းပါးချွတ်ချော်ကာ ဝိုင်းပယ်ခံရသည့် လူ့အမှိုက်ဖြစ်သွားတတ်သည်။

* * *

# ဘုန်းကြီးကျောင်းသား သူတပွား

၁၃၁၄ ခုနှစ် (၁၀)နှစ်သားအရွယ်၌ မိဘများက လက်ပံရွာကျောင်းဆရာတော် ဦးတိဿထံ ပညာသင်ကြားရန် အပ်နှံကြသည်၊ ဆရာတော် ဦးတိဿနှင့် ဦးရိုးတော် ဦးမောင်သန်း (ထိုစဉ်က ကျောင်းသားကြီး)တို့၏ စနစ်တကျဂရုစိုက်၍ သင်ပြပေးမှု၊ သူငယ်၏ ပညာလိုလားကြိုးစားမှု တို့ကြောင့်၁-နှစ်ခွဲအတွင်း ဆရာသမားများ၏ ချီးကျူးမှုကို အဖန်ဖန်ရရှိကာ ပါဠိမြန်မာစာပေ, ဂဏန်းသင်္ချာအခြေခံနှင့်တကွ ဗုဒ္ဓဘာသာယဉ် ကျေးမှု အခြေခံတို့ကို အခြေကျကျရရှိခဲ့သည်၊ စာပေညှို့ဖျင်းမှု, စာရိတ္တပျက်ပြားမှုတို့ကြောင့် ဆရာသမားများ၏ အပြစ်ပေးခြင်းကို တစ်ကြိမ်

တစ်ခါမျှ မခံခဲ့ရဘူးပေ၊ မျိုးစေ့ကောင်းသည် အပင်ကောင်းကို ပေါက်ပေး၍ အပင်ကောင်းသည် အသီးအပွင့်ကောင်းကို သီးပွင့်ပေးသကဲ့သို့ မိဘကောင်းသည် သားသမီးကောင်းကို မွေးဖွားပေး၍ ဆရာကောင်းသည် တပည့်ကောင်းကို ဖော်ထုတ်ပေးနိုင်စွမ်းရှိသည်။

* * *

# မူလတန်းကျောင်း တစ်ဆင့်ပြောင်း

၁၃၁၅ ခုနှစ်၊ နတ်တော်လ၌ ဆရာတော် ဦးတိဿ ရန်ကုန်မြို့သို့ ကြွရောက်သီတင်းသုံး ခိုက် မိဘများက သူငယ်၏ပညာရေး လစ်ဟင်း နှောင့်နှေးမည်ကို စိုးရိမ်ကြသဖြင့် ဘုန်းကြီးကျောင်း မှထွက်စေ၍ လက်ပံရွာ အစိုးရမူလတန်းကျောင်း ၌ အပ်နှံကြသည်၊ ကျောင်းဆရာများက သူငယ် ၏ အရည်အချင်းကို အ–သုံးလုံးစနစ်ဖြင့် စမ်းသပ် စစ်ဆေးကြည့်သောအခါ ရဲရဲတောက်ဖြေပြနိုင် သဖြင့် "အာဂဘုန်းကြီးကျောင်းသား"ဟု အံ့ဩ ချီးကျူးကာ ပထမတန်းမှ စ,တင်သင်ကြားစေကြ သည်၊ ဦးရိုးတော်ဆရာကြီး ဦးဘစန်၊ ဆရာဦးချစ် ကျော်၊ ဆရာဦးပုတို့ထံ၌ ပညာသင်ကြားခဲ့ရာ အနုစ်နာခံမှု၊ ပညာလိုလားကြိုးစားမှု စသည်တို့

F2A

ကြောင့် ကျောင်းသူကျောင်းသားများ၏ စံပြအဖြစ် ချစ်ခင်လေးစား အရေးထားမှုကို ခံယူရရှိကာ ဆရာများ၏ ချီးကျူးမှုကို ထပ်ကာထပ်ကာရရှိလျက် ပထမတန်းမှ စတုတ္ထတန်းအထိ နှစ်စဉ် ထိပ်ဆုံး နံပါတ်(၁)ကချည်းသာ အောင်မြင်ခဲ့သည်၊ အိမ်သို့ ရောက်လျှင်လည်း သားကြီးတစ်ယောက်ဖြစ်သဖြင့် မိခင်၏ အိမ်မှုကိစ္စအားလုံး အောက်ခြေသိမ်း ကူညီလုပ်ကိုင်ပေးရ၍ ဖခင်၏ တောင်သူလုပ်ငန်း ကိုပါ ကူညီပေးရသည်၊ စည်းကမ်းကြီးသော မိဘ များက မအားလပ်အောင် အလုပ်ဖြင့် စည်းကမ်း ဘောင်ခတ် ထိန်းကွပ်ပေးထားကြသဖြင့် အခြား ကလေးများကဲ့သို့ လည်ပတ်ချိန်၊ ကစားချိန်မရှိ သလောက် အလွန်နည်းပါးလှသည်၊ မောင်သာ မောင်သည် ငယ်စဉ်ကစ ပုပု ပိန်ပိန် သေးသေး ကလေးသာဖြစ်သည်။ သို့သော် မိဘများက သား ကိစ္စရော သမီးကိစ္စပါ အကုန်အားကိုးကြသည်၊ မိဘကောင်းကြောင့် အများကလည်း လေးစားကြ သည်။

*    *    *

F 2R

## သာမဏေပြု စာပေမှု

စတုတ္ထတန်းအောင်ပြီးနောက် ၁၃၁၈ ခုနှစ်၊ နှောင်းတန်ခူးလ (၁၄)နှစ်သားအရွယ်၌ မိဘတို့က မူလဆရာရင်း ဆရာတော်ဦးတိဿထံ ရှင်ပြု မင်္ဂလာ ပြုလုပ်ကြသည်၊ ခဏသာ သင်္ကန်းဝတ်ခွင့် ရကြောင်း သိရသဖြင့် ဆရာတော်များက ကိုရင်ဘွဲ့ နာမည် မပေးကြချေ၊ "ခဏဝတ်တာဆိုတော့ ကိုရင်သာမောင်ပေါ့ကွာ"တဲ့၊ ရှင်သာမဏေဘဝ၌ ဘထွေးတော်(ခမည်းတော်၏ညီတော်) ဘုန်းကြီး ဦးနန္ဒက–က လောကုတ်လောကီပညာရပ်များကို အချိန်ရသမျှ စနစ်တတကျ သင်ပြပေးသည်၊ သာသနာ၌ ပျော်ပိုက်လှသဖြင့် တစ်သက်လုံး

သက်န်းဝတ်၍ သာသနာ့တာဝန်ကို ထမ်းဆောင်လိုကြောင်း မိဘများထံ ခွင့်တောင်းသောအခါ သဘောမတူကြချေ၊ သာမဏေဘဝ၌ တစ်လသာနေ၍ လူဝတ်လဲခဲ့ရသည်၊ လောကဆွဲအားနှင့် ဓမ္မဆွဲအား ၂-မျိုးတွင် အစမထင် သံသရာကစ၍ ထုံလာခဲ့သော လောကဆွဲအားက အသာရတတ်စမြဲသာ ဖြစ်သည်၊ ကိုယ်က လက်ခံနိုင်သော်လည်း အများကမထောက်ခံလျှင် အကောင်းကိုပင် လက်လွှတ်ရတတ်သည်။

* * *

# အလယ်တန်းကျောင်း
# တစ်ဆင့်ပြောင်း

၁၃၁၉ ခုနှစ်၊ နယုန်လ၌ မိဘတို့၏ဆန္ဒအတိုင်း ဂန့်ဂေါမြို့နယ်၊ ကန်ရွာ အစိုးရအလယ်တန်းကျောင်း (ယခု အထက်တန်းကျောင်း)သို့ ပြောင်းရွှေ့၍ ဦးရီးတော်ဦးပြည့်ထွန်း၊ ဒေါ်ပေါခင်တို့၏ စောင့်ရှောက်မှုဖြင့် အလယ်တန်းပညာကို ဆက်လက်သင်ယူခဲ့သည်၊ ဆရာကြီးဦးခင်မောင်ဌေး၊ ဆရာဦးသိန်းမော်၊ ဦးရာမြို့၊ ဦးတင်လှ၊ ဦးခင်မောင်သိန်း၊ ဒေါ်ခိုင်လှ၊ ဒေါ်စန်းခင်တို့ထံ၌ ပညာသင်ကြားခဲ့ရာ တည်ငြိမ်မှု၊ ပညာလိုလားကြိုးစားမှုတို့ကြောင့် ဆရာဆရာမများ၏ အားရ

နှစ်သက် အမွှမ်းတင်မှုကို ခံရသည့်ပြင် ကျောင်းသား ကျောင်းသူများ၏ ခင်မင်လေးစား အရေးထားမှုကို ခံယူရသည်၊ လက်ပံရွာ ဦးရိုးတော်ဆရာကြီး ဦးဘစိုးကလည်း နွေရာသီကျောင်းပိတ်ရက်များ၌ အိမ်သို့ခေါ်ယူ၍ ကြိုးစားသင်ပြပေးခဲ့သည်၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်း ဗုဒ္ဓဘာသာစာမေးပွဲတို့ကို နံပါတ်တစ်ကချည်းသာ အောင်မြင်ခဲ့၍ ၁၃၂၂ ခုနှစ် (၁၉၆၀)ခု အစိုးရစစ် သတ္တမတန်းစာမေးပွဲကိုကား ပြိုင်ဘက်မရှိ တစ်ကျောင်းလုံး တစ်ယောက်တည်းသာ အောင်မြင်ခဲ့လေသည်၊ ကံ,ဉာဏ်,ဆန္ဒ,လုံ့လ ကျန်းမာရေး၊ ဆရာကောင်းနှင့်အားပေးသူ စသော အတွင်းအပ အကြောင်းကောင်းများ ပြည့်စုံခိုက် အားစိုက်သလောက် ပေါက်ရောက်တတ်စမြဲတည်း။

* * *

# သာသနာရောက် နှစ်ကြိမ်မြောက်

မောင်သာမောင် ကန့်ရွာ၌ ပညာသင်ကြား စဉ် ကန်တောရကျောင်းတိုက်သို့ မကြာမကြာ ရောက်ခဲ့သည်၊ ကန်တောရဆရာတော်ဘုရားကြီး များကို မကြာခဏ ဖူးတွေ့ရ၊ အဆုံးအမများကို မကြာခဏကြားရသည်မှာ အေးမြကြည်နူး တန်ဖိုး ကြီးမားလှသည်၊ သာသနာဓာတ် တစ်စ တစ်စ ကူးစက်စိမ့်ဝင်လာခဲ့သည်။

သတ္တမတန်း ဖြေဆိုအောင်မြင်ပြီးနောက် သာသနာဘောင်သို့ဝင်ရန် မိဘထံ ခွင့်တောင်း သော်လည်း သဘောမတူကြပေ၊ ဦးရိုးတော် ဦးပြည့်ထွန်းက တရားပြကာ နားချပေးသောအခါ မှသာ မိဘများ သဘောတူ ကျေနပ်ခဲ့ကြသည်။

ထို့ကြောင့် ၁၃၂၂ ခုနှစ်၊ နယုန်လဆန်း ၈-ရက်၊ (၁၈)နှစ်သားအရွယ်၌ မိဘတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဂန့်ဂေါမြို့နယ်၊ ကန်တောရကျောင်းတိုက်၌ ပထမကန်တောရဆရာတော် ဦးကေတုကို ဥပဇ္ဈာယ်ပြုလျက် ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြန်သည်၊ ကန်တောရ စာချဆရာတော် ဦးနန္ဒိမာက "ရှင်သိရိန္ဒ" ဟု ဘွဲ့မည်ပေးလေသည်။

ကန်တောရ ပထမဆရာတော် ဦးကေတုနှင့် တတိယဆရာတော် ဦးဝိသုတတို့က ရှင်သိရိန္ဒကို မကြာမကြာ အနားသို့ခေါ်၍ အေးမြကြည်နူးဖွယ် အဆုံးအမများကိုပေးသနားကာအားပေးချီးမြှောက်တော်မူကြသည်၊ တတိယဆရာတော် ဦးဝိသုတ၊ စတုတ္ထဆရာတော် ဦးကေလာသ၊ စာချဆရာတော် ဦးနန္ဒိမာ၊ ဦးသာကိန္ဒ(ဓမ္မစရိယ) တို့ထံ၌ သဒ္ဒါ၊ သင်္ဂဟ၊ ပါတိမောက်၊ ကစ္စည်း၊ ရူပသိဒ္ဓိ၊ မာတိကာ၊ ဓာတုကထာ၊ ပါဠိရေးနည်း၊ ဂါထာလင်္ကာစိကုံးနည်းတို့ကို ရှင်သာမဏေဘဝ(၂)နှစ်အတွင်း အခြေကျကျရရှိအောင် သင်ယူခဲ့သည်၊ မေတ္တာ, ကရုဏာ အသိပညာပြည့်ဝသော ပညာရှိ သူတော်ကောင်း

ကြီးများနှင့် တွေ့ဆုံခွင့်ရခြင်းသည် မည်သည့် ပစ္စည်းနှင့်မျှ မလဲနိုင်သည့် တန်ဖိုးမဖြတ်နိုင်သော အကောင်းမြတ်ဆုံးသော လာဘ်ကြီးတစ်ခုဖြစ်သည်၊ ပညာရှိသူတော်ကောင်းနှင့် တစ်ကြိမ်တစ်ခါ တစ်ခဏမျှ ပေါင်းသင်းဆက်ဆံခွင့် ရလျှင်ပင် တစ်သက်လုံး စောင့်ရှောက်တတ်စမြဲ ဖြစ်သည်၊ တက်လမ်းပွင့်သွားတတ်သည်။

* * *

# ရဟန်းအဖြစ် ဘဝသစ်

၁၃၂၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ စနေနေ့၌ ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက် ခဏ္ဍာသိမ်ဝယ် တတိယကန်တောရဆရာတော်ဦးဝိသုတကိုဥပဇ္ဈာယ်ပြုလျက် လက်ပံရွာ ခမည်းတော် ဦးရဲနိုင်၊ မယ်တော် ဒေါ်တုတ်ခိုင်၊ ဘေးတော် ဒေါ်ခြို (အဖွား၏မိခင်)၊ ဘိုးဘွားများဖြစ်ကြသော ဦးကျော်သိုက်၊ ဒေါ်စိုးချုပ်၊ ဒေါ်ရွှေဖုံးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော

ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်၊ ဘွဲ့အမည်မှာ ဦးသိရိန္ဒပင်ဖြစ်သည်၊ မိမိ၏ ရဟန်းခံပွဲ၌ မိမိကိုယ်တိုင် တရားကို စတင်ဟောခဲ့၍ မိမိကိုယ်တိုင် ရတုပိုဒ်စုံနှင့် ဂါထာများ ရေးသားရိုက်နှိပ် ဖြန့်ဝေခဲ့သည်၊ သူ့မေတ္တာကို ကိုယ့်မေတ္တာဖြင့် တုန့်ပြန်မှ တာဝန်ကျေသည်ဟုခံယူကာ အရဲစွန့် ကြိုးစားခြင်းသာဖြစ်သည်။

* * *

## သိမ်ထပ်မင်္ဂလာ အခါခါ

ကလေးမြို့ သာစည်စမ်းချောင်းဆရာတော် ဦးစာရိတ္တ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်တို့၏ ချီးမြှောက်မှုဖြင့် (ဒကာမပါဘဲ) သိမ်ထပ်ခဲ့သည့်ပြင် မြို့စုံနယ်စုံ အဆင့်စုံ ဒကာ, ဒကာမများစွာတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အကြိမ်(၁၃၀)ကျော်ထိ (ဒကာ,ဒကာမတို့၏

စေတနာကိုငှဲ၍) အကြိမ်ကြိမ်အခါခါ သိမ်ထပ်မင်္ဂလာ ပြုလုပ်ခဲ့သည်။

* * *

# စာပေသင်ကြား ရှေ့သို့သွား

ရဟန်းခံပြီးနောက် ပညာဆက်လက်သင်ကြားရန်အတွက် ၁၃၂၄ ခုနှစ်၊ နယုန်လဆန်း(၁၁) ရက်နေ့တွင် ဂန့်ဂေါမှ မန္တလေးသို့ လေယာဉ်စီး၍ သွားရာ "ဓမ္မာစရိယ မအောင်မချင်း ဂန့်ဂေါနှင့် မွေးမြေကို ခြေမချတော့ပြီ"ဟု ဆုံးဖြတ်ချက်ချခဲ့သည်၊ (၆–နှစ်ပတ်လုံး နေရပ်သို့မပြန်ဘဲ စွဲစွဲမြဲမြဲ ကြိုးစားခဲ့သည်၊ ၁၃၃၀ ခုနှစ်၊ ဓမ္မာစရိယ ပါဠိ ပါရဂူ အဂ္ဂမဟာအကျော် အောင်ပြီးမှ နေရပ်သို့ ပြန်ဖြစ်ခဲ့သည်။)

မန္တလေး ဝိဇ္ဇာလင်္ကာရတိုက်၌ တစ်ပတ်ခန့် တည်းခိုသည်၊ ဝိဇ္ဇာလင်္ကာရတိုက်၌ နေထိုင်စဉ် ယခု မြို့သာဆရာတော် ဦးနရိန္ဒ၊ ယခု ဝိဇ္ဇာလင်္ကာရဆရာတော် ဦးကောသလ္လတို့သည် ညီအရင်းကဲ့သို့ အထူးပင် စောင့်ရှောက်ကူညီကြ

- ၂၄၀၈၉

သည်၊ ဝိဇ္ဇာလင်္ကာရဆရာတော် ဦးခေမာစာရ ကြက်ဖနက်ဆရာတော် ဦးကောသလ္လ၊ ထိုမာ ဆရာတော် ဦးပညာဝံသတို့ကိုယ်တိုင် မဟာဝိသုဒ္ဓါ ရုံ တိုက်သစ်သို့လိုက်၍ ကူညီအပ်နှံပေးကြသည်၊ ဦးပဏ္ဍိစ္စ (ယခု ကန်ရွာဦးဘသော်)၏ အကူအညီ ကို ရသောကြောင့် မန္တလေးမြို့ ရွှေကျင်ဂိုဏ်း၏ ဗဟိုဌာနချုပ် မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေ သာစည်ကျောင်း၌ လွယ်ကူချောမွေ့စွာ နေခွင့်ရ ခဲ့သည်။

သာသနာပိုင် မြောင်းမြဆရာတော် သံတော် ဆင့်ဆရာတော် သူဌေးတန်းကျောင်းဆရာတော် ဦးဂုရုဓမ္မ၊ အောင်မြေသာစည်ကျောင်းဆရာတော် ဦးဥတ္တရာဘိဝံနှင့် စာချဦးပဏ္ဍာဝံသတို့၏ ဆုံးမ ညွှန်ကြားမှုကို ခံယူကာ ပညာသင်ကြားခဲ့သည်။

မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ မစိုးရိမ်ကျောင်း တိုက်သို့သွား၍ မစိုးရိမ်ဆရာတော် ဦးဝိစိတ္တာ ဘိဝံသ၊ ဦးစန္ဒောဘာသာဘိဝံသ၊ ဦးကောသလ္လ (လေး)၊ ဦးသိရိန္ဒာဘိဝံသ၊ ဦးကောဝိဒါဘိဝံသ၊ ဦးရာဇဓမ္မာဘိဝံသ၊ ဦးဝိပုလ၊ ဦးဣန္ဒာစာရ၊ ဦးဓမ္မာနန္ဒတို့ထံ၌လည်းကောင်း၊ တောင်ထီးလင်း

တိုက်သို့သွား၍ ညဝါအကျော် ဆရာတော်ဦးဝဇိရ ဗုဒ္ဓိထံ၌လည်းကောင်း၊ ပရိယတ္တိပညာများကို လေ့လာသင်ကြားခဲ့သည်။

ငယ်စဉ်ကစ၍ ဆရာမိဘ ဘိုးဘွားကောင်း တို့၏ ထိန်းသိမ်းစောင့်ရှောက်မှုကို နှံ့နှံ့အောင် ခံယူခဲ့ရသော အရှိန်ကြောင့် မြို့ကြီး၌နေရသော်လည်း အပေါင်းအသင်းမမှားရ၊ မများရအောင် အာရုံများစွာ ဆွဲဆောင်ရာသို့ မလိုက်မိအောင် ထိန်းသိမ်းနိုင်စွမ်းရှိသည်၊

ဆွမ်းခံအိမ်ဖိတ်ရဲသော သတ္တိလုံးဝမရှိ၊ ဒကာ, ဒကာမများက ထိုင်ဆွမ်းပင့်သည်ကိုပင် စကားပြောရဲသောသတ္တိမရှိ၍ လက်မခံ၊ လက်ပံရွာ ရဟာန်းအစ်မကြီး အဖွားဒေါ်ရွှေဖုံးက ထမင်းဆိုင်၌ လခပေးထားမည်ဟုဆိုသည်ကိုလည်း စာသင်သား ဘဝနှင့် မတန်သဖြင့် အလိုက်သိသိဖြင့် ငြင်းပယ်ခဲ့သည်၊ ဆင်းရဲခက်ခဲပင်ပန်းမှသာ ပညာတန်ဖိုးရှိမည်ဖြစ်၍ ရှိသမျှ၊ ရသမျှဖြင့် တင်းတိမ်ရောင့်ရဲ ကျေနပ်ကာ ဖြောင့်မတ်ရိုးစိုက်စွာ ကြိုးစားသည်၊ အစီအစဉ်ပါသော ဆင်းရဲ၏နောက်မှာ ချမ်းသာ စောင့်ကြိုနေသည်ဟုလည်း စိတ်ကို အားသွင်းထားသည်။

မန္တလေး၌ ၅-နှစ်နေပြီး၍ မဟာဝိသုဒ္ဓါရုံ သံတော်ဆင့်ဆရာတော် ဦးတိလောက၏ တိုက်တွန်းညွှန်ကြား အပ်နှံပေးချက်အရ ၁၃၂၉ ခုနှစ်၊ နယုန်လ၌ ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်ဆရာတော် အရှင်ဝါသဝါဘိဝံသ၏ ခြေတော်ရင်းသို့ ရောက်ခဲ့သည်၊ ဝိသုဒ္ဓါရုံဆရာတော် ဦးဝါသဝါဘိဝံသ စာချဆရာတော် ဦးသီလာစာရာဘိဝံသ(ယခု စာရေးဆရာ(၄)ဘွဲ့ရ ဓမ္မာစရိယဦးသာဌေးမြင့်) အလယ်တောရ ဆရာတော် ဦးသူရိယာဘိဝံသတို့ထံ၌ စာပေပညာကို သင်ယူလျက် မိမိကလည်း စာသင်သားများအား နေ့စဉ် စာဝါ(၂)ဝါစီ သင်ပြပို့ချပေးကာ ကြိုးစားအားထုတ်ခဲ့သည်၊ ၁၃၂၉ ခုနှစ်၌ စာချ,တန်း မပြီးသေးသော်လည်း အရည်အချင်းကို ယုံကြည်စိတ်ချ ကျေနပ်သဖြင့် ဝိသုဒ္ဓါရုံဆရာတော်က စာချဘုန်းကြီးတာဝန် အပ်နှင်းချီးမြှောက်တော်မူသည်၊ စာသင်တစ်ဖက်၊ စာချတစ်ဖက်၊ တာဝန်(၂)ချက်ကို အားတက်သရော အထူးကြိုးစားရသည်။

* * *

# အောင်ပွဲဆင့်ဆင့် နွဲတိုင်းတင့်

မန္တလေး မဟာဝိသုဒ္ဓါရုံ၌နေခိုက် အချိန်မကုန် လူမပန်းဘဲ ၁၃၂၄ ခုနှစ်တွင် အငယ်တန်း၊ ၁၃၂၅ ခုနှစ်တွင် အလတ်တန်း၊ ၁၃၂၆ ခုနှစ်တွင် အကြီးတန်း၊ ၁၃၂၇ ခုနှစ်တွင် စာချတန်း ပါ+နိ၊ ၁၃၂၈ ခုနှစ်တွင် ဝိနယပါဠိပါရဂူနှင့် စေတိယင်္ဂဏစာသင်တန်းတို့ကို နှစ်စဉ်အောင်မြင်ခဲ့သည်၊ စေတိယင်္ဂဏစာသင်တန်း အောင်မြင်သဖြင့်“အဘိဝံသ” ဘွဲ့တိုးကာ “အရှင်သိရိန္ဒာဘိဝံသ”ဘွဲ့ ဖြစ်လာသည်။

ရန်ကုန် မဟာဝိသုဒ္ဓါရုံသို့ ရောက်လာသောအခါ ၁၃၂၉ ခုနှစ်၌ အစိုးရဓမ္မာစရိယစာမေးပွဲ

တွင် ကျမ်းရင်း(၃)ကျမ်း၌ တစ်နိုင်ငံလုံး နံပါတ် (၁) အမှတ်အများဆုံးရ၍ အောင်မြင်သဖြင့် "အဂ္ဂမဟာအကျော်"ဘွဲ့နှင့်"သာသနဓဇဓမ္မာစရိယ" ဘွဲ့ကို ရရှိသည်။

၁၃၃၀ ခုနှစ်၌ မန္တလေး သကျသီဟစာသင်တန်းကို အမှတ်(၁) အမှတ်အများဆုံးဖြင့် အောင်မြင်၍ ၁၃၃၁ ခုနှစ်၌ ရန်ကုန် စေတိယင်္ဂဏ စာချတန်း ၃ ကျမ်းပြီးသဖြင့် သိရိန္ဒာဘိဝံသစေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယဂဏဝါစက"ဘွဲ့ကို ရရှိသည်။

* * *

F 3B

# တိပိဋက လမ်းအစ

အရှင်သိရိန္ဒသည် (၁၃၂၄)ခုနှစ်က "ဓမ္မာစရိယအောင်လျှင် ကိုယ့်ရပ်ကိုယ့်နယ်သို့ပြန်၍ တောဘုန်းကြီးလေးတစ်ပါးအနေဖြင့် သာသနာပြုမည်"ဟူသော ရည်ရွယ်ချက်ဖြင့် မြို့သို့ ပညာသင်ရန် လာခဲ့ခြင်းဖြစ်သည်၊ မြို့ကြီးများ၌ အပြစ်ကင်းအောင် နေထိုင်ဖို့ ခဲယဉ်းသဖြင့် အမြဲနေထိုင်ရန် ဆန္ဒမရှိခဲ့ချေ၊ ဆရာ မိဘ ဆွေမျိုးများကလည်း မြို့ကြီးများ၌ အမြဲမနေစေလိုကြပေ၊ ထို့ကြောင့် ဓမ္မစရိယရိုးရိုးပြီးဖို့ တစ်ခုလောက်သာ စိတ်၌ ဦးတည်ရည်မှန်းခဲ့သည်၊ သကျသီဟ၊ စေတိယင်္ဂဏတို့ကို ခက်လှသည်ဟုကြားဖူး၍ စိတ်ကူး

မျှပင် မထည့်ခဲ့ချေ၊ တိပိဋကဓရဟူသည်ကိုကား မိမိနှင့် ထိုက်တန်သည်ဟုပင် မယူဆခဲ့ချေ၊ သို့ရာတွင် ကျေးဇူးရှင် ဝိသုဒ္ဓါရုံဆရာတော် ဦးဝါသဝါဘိဝံသ၏ အားပေးတိုက်တွန်းခြင်း၊ ဘုရားဟောပိဋကပါဠိတော်များကို အစွမ်းရှိသလောက် လေ့လာလိုခြင်း၊ နှလုံးသား၌ ဘုရားတည်လိုခြင်း စသော အကြောင်းများကြောင့် အကြောင်းအားလျော်စွာ တိပိဋကဓရလမ်းစသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။

* * *

## အသံမထွက် စာကိုကျက်

အရှင်သိရိန္ဒ၏ စာကျက်နည်းသည် ရှားရှားပါးပါး ထူးခြားသောနည်းဖြစ်သည်၊ စာကို အသံထွက်၍ မကျက်၊ ပါးစပ်လှုပ်၍ကျက်သည့်အခါပင် အလွန်နည်းသည်၊ မျက်စိကို ဖွင့်လိုက်မှိတ်လိုက် ကြည့်ရှု၍ နှလုံးသွင်းပြီးကျက်သည်၊ စာသတိပဋ္ဌာန်အလုပ်သဘောမျိုးပင် ဖြစ်၏၊ ကျက်ပြီး စာတို့ကိုလည်း အသံထွက်၍မပြန်ဘဲ မျက်စိထဲစိတ်ထဲ၌ ထင်ရှားသော မျက်စိမှိတ်ပြီး စိတ်ဖြင့် နှလုံးသွင်းသည်၊ စိတ်လွင့်တတ်သည့်အခါ လက်ချောင်းများကိုချိုး၍ အမှတ်ပေးပြီး နှလုံးသွင်းသည်၊ သူတစ်ပါးရှေ့၌ အစမ်းပြန်ပြသည့် အခါမျိုး၌သာ အသံထွက်သည်။

ဤအသံတိပ်နည်းသည် စာပေလုပ်ငန်းကြောင့် ကိုယ်ခန္ဓာမပင်ပန်းခြင်း၊ လေနာထခြင်းစသော ရောဂါမှ ကင်းဝေးခြင်း၊ မိမိအသံကြောင့် သူတစ်ပါး အနှောင့်အယှက်မဖြစ်ခြင်း၊ စိတ်ထဲ စွဲမြဲနေသဖြင့် ဖြေဆိုရာ၌ ပိုမိုခရီးရောက်ခြင်းစသော အကျိုးများစွာကို ရစေနိုင်သောကြောင့် ဖြစ်နိုင်လျှင် အသက်သာဆုံး အကောင်းဆုံးပင်ဖြစ်သည်။

ထို့ကြောင့်ပင် သကျသီဟစာသင်တန်းရော၊ စာချတန်းပါ နံပါတ်တစ်ဖြင့်ချည်းသာ အောင်ခဲ့စဉ်အခါက ရန်ကုန် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက "ဒီစာတွေ ဘယ်အချိန်မှာ ဘယ်လိုလုပ်ကျက်ထားတာလဲ၊ စာကျက်တာလဲမတွေ့ရ၊ စာအံသံလဲ မကြားရပါလား၊ သူများတွေ သကျသီဟစာမေးပွဲလုပ်ပြီဆိုရင် အသက်ထွက်မတတ် ကျက်နိုင်၊ အံနိုင် ၊ ကြိုးစားနိုင်မှ အောင်တတ်ကြပါတယ်၊ ကိုယ်တော့်ဟာကတော့ တစ်မျိုးပါလား"ဟု ချီးကျူး အံ့ဩသံဖြင့် မေးမြန်းသောအခါ "မှန်ပါ။ ဘုရားတပည့်တော်လဲ ကြိုးစားသင့်သလောက်တော့ ကြိုးစားရတာပါပဲဘုရား၊ ဒါပေမယ့် ဘုရား

တပည့်တော်နည်းက စာကျက်ပေမယ့် စာကျက်မှန်းကို အများကမသိနိုင်တဲ့ အသံတိတ်နည်း စိတ်မှတ်နည်းပါဘုရား”ဟု ပြန်လျှောက်ရာ ဆရာတော်က “ဩ...ဒီလိုလား၊ ဒီလိုဆို ကိုယ်တော့်နည်းနဲ့သာဆိုရင် ပိဋက(၃)ပုံကို ကျက်ရင်တောင် မပင်မပန်း သက်သက်သာသာနဲ့ ပြီးသွားနိုင်တယ်၊ ဖြစ်နိုင်ရင် ပိဋက(၃)ပုံကို ဆက်ပြီး ကျက်ပါအုံး”ဟု ဝမ်းသာအားရ အားပေးချီးမြှောက်စကား မိန့်ကြားတော်မူခဲ့လေသည်။

၁၃၃၁ ခုနှစ်၌ သကျသီဟစာချတန်းနှင့် စေတိယင်္ဂဏစာချတန်းကို ကြိုးစားရင်း စာသင်သားများအားလည်း စာ(၂)ဝါပို့ချရင်း ဝိနည်း(၅)ကျမ်း ပါဠိတော်ကို စတင်ကျက်မှတ်၍ တိပိဋကဓရ ရွေးချယ်ပွဲ၌ ပြန်ဆိုခဲ့ရာ အချိန်မီအောင် မကျက်လိုက်ရသောစူဠဝါဥဒါန်းစဉ်ဂါထာအချို့မှတပါး အားလုံး ချောမောစွာ ပြန်ဆိုနိုင်ခဲ့သည်၊ စာကုန်အောင် မကျက်ရသေးသဖြင့် မအောင်နိုင်မှန်းသိသော်လည်း သဒ္ဒါတရားသက်သက်ဖြင့် ကြည်လင်ပျော်ရွှင်စွာ ပြန်ဆိုခဲ့ခြင်းဖြစ်

သည်၊ သကျသီဟစာချ တန်း(၁)ကျမ်းစွဲ၍ စေတိယင်္ဂဏစာချတန်း (၃)ကျမ်းပြီးကာ ဝိနည်း(၅)ကျမ်းတော့ မအောင်ခဲ့ပါ။

*　*　*

# အခက် ၂ ပွဲ ၁ နှစ်ထဲ

(၁၃၃၂)ခုနှစ်၌ မပြီးပြတ်သေးသော သကျသီဟစာချတန်းကိုလည်း ကြိုးစားလျက် စာသင်သားများအား နေ့စဉ် စာဝါ(၂)ဝါကိုလည်း ပို့ချကာ ဝိနယပိဋကကိုလည်း တွဲဖက်၍ ကျက်မှတ်ကြိုးစားခဲ့ရာ သကျသီဟစာချတန်းကို နံပါတ်တစ် အမှတ်အများဆုံးဖြင့် အောင်မြင်၍ "သိရိနန္ဒာဘိဝံသ ပရိယတ္တိသာသနာဟိတဓမ္မာစရိယ" ဘွဲ့ကို ရရှိသည်၊ အဘိဝံသ(၂)မျိုး ဖြစ်လာသည်။

ထိုနှစ်၌ပင် (၂၃)ကြိမ်မြောက် တိပိဋကရွေးချယ်ပွဲတွင် ဝိနည်း(၅)ကျမ်းကို ပြန်ဆိုရေးဖြေခဲ့ရာ အာဂုံရေးဖြေ(၂)မျိုးလုံး အောင်မြင်သဖြင့် "ဝိနယဓရဝိနယကောဝိဒ" ဘွဲ့နှင့် လစဉ် ဆွမ်း

ဆန်တော်စရိတ်၊ ကုန်းရေခရီးသွားလာခွင့် အထက်တန်းလက်မှတ်၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိခဲ့သည်၊ တစ်နှစ်တည်း၌ အခက်ဆုံး(၂)ပွဲကို ထိပ်ဆုံးကချည်း အောင်မြင်ခဲ့သည်။

* * *

# အရှိန်မပျက် ဆက်၍တက်

၁၃၃၃ ခုနှစ်၊ အဘိဓမ္မာပထမပိုင်းအောင်၊ ၁၃၃၄ ခုနှစ်၌ မန္တလေးနိကာယ်သီလက္ခန်နှင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိပါဠိရဂု (ပါဠိပါဠိရဂု ၂ မျိုး ဖြစ်လာသည်၊) ၁၃၃၅ ခုနှစ်တွင် သုဝဏ္ဏဘူမိအာဘိဓမ္မိကတန်းနှင့် ဝိဘင်္ဂါဒိ မြန်မာဂုဏ်ထူး အောင်မြင်သဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ၁၃၃၆ ခုနှစ်၌ အဋ္ဌဝိသာရဒ မူလအာဘိဓမ္မိက ဘွဲ့နှင့် အဘိဓမ္မာ ပထမပိုင်းရေးဖြေ၊ ၁၃၃၈–ခုနှစ်၌ ဓမ္မဝိသာရဒမဇ္ဈိမအာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရ ရွေးချယ်ပွဲ အဘိဓမ္မာဒုတိယပိုင်း အာဂုံရေးဖြေ (၂)ရပ်လုံး အောင်မြင်သဖြင့် အာဘိဓမ္မိက အဘိဓမ္မ ကောဝိဒဘွဲ့ကို ရရှိသည်၊ ပိဋက(၂)ပုံပြီးသဖြင့် အရိးဝါကနက္ကဒဏ်ထိးဖြူတော်(၂)လက်တံဆိပ်

ပါရှိသော သာသနာ့အောင် လံတော်ကို လက်ခံရရှိခဲ့သည်။

၁၃၄၀ ခုနှစ်၊ နိကာယပေါင်းစုံ ဆွေးနွေးတကြား အတွက်ဝိသာရဒ ဒီဃဘာဏကဘွဲ့နှင့် တိပိဋကဓရရွေးချယ်ပွဲ ဒီဃဘာဏကဘွဲ့၊ သင်ရိုးပိဋက(၃)ပုံ အာဂုံပြီးဆုံးသဖြင့် တိပိဋကဓရဘွဲ့နှင့် အရိုးနိကနက္ကဒဏ်ထီးဖြူတော်(၃)လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်ကို ခံယူရရှိသည်။

*   *   *

# တိပိဋက အောင်ပွဲရ

၁၃၄၁ ခုနှစ်မှ ၁၃၄၅ ခုနှစ်ထိ (၅)နှစ်ပတ်လုံး တိပိဋကဘွဲ့အပေါ် အဓိပတိမတပ်သေးဘဲ စာချလုပ်ငန်းနှင့် တရားဟောလုပ်ငန်းကိုသာ ကြိုးစားနေခဲ့သည်၊ စာကို တစ်ခေါက်ပေါက်အောင်ပင် မဖတ်မိတော့ဘဲ တိပိဋကစာမေးပွဲကို ဖြေရုံသာ ဖြေနေခဲ့သည်၊ နှစ်ပေါင်းများစွာ မနေမနား အရှိန်အဟုန်ဖြင့် ချီတက်ကြိုးစားလာခဲ့ပြီး အပေါက်ဝရောက်လာခါမှ ခြေတစ်လှမ်း လက်တစ်ကမ်းလောက်သာ ကျန်ခါမှ အေးစက်စက်လုပ်နေသည်

ကို မည်သူမျှ မကျေနပ်ကြ၊ "တိပိဋကဘွဲ့ မလိုချင်သေးလို့ပါ" "တိပိဋကဘွဲ့ရသွားရင် ဒုက္ခထာဝန်တွေများမှာ ကြောက်လို့ပါ" စသည်ဖြင့် ချေပသည့် မရေရာ မခိုင်လုံသည့် အဖြေစကားကိုလည်း မည်သူမျှလက်မခံ၊ သူတို့က ကာယကံရှင်ထက် ပိုကဲနေကြသည်။ "မင်းကွန်းတိပိဋကဆရာတော်ကြီးလဲ သက်တော်(၄၀)ကျော်မှ တိပိဋကဘွဲ့ ရခဲ့တာဖြစ်လို့ အရွယ်နှင့်ဂုဏ် သိပ်ထိုက်တန်တာပဲ၊ ဦးပဏ္ဍိင်းလဲ အသက်(၄၀)ကျော်တော့ ဖြစ်လာမှာပေါ့" စသည်ဖြင့် တုန့်ပြန်သည်ကိုလည်း မည်သူမျှသဘောမတူ၊ တွန်းအားမျိုးစုံပေးကြသည်။

အမှန်အားဖြင့် အဓိပတိမတပ်သေးသည်မှတပါး အခြားမည်သည့်အကြောင်းမျှမရှိပါ၊ အချိန်မတန်သေး၍လည်း ဖြစ်နိုင်သည်၊ ၁၃၄၆ ခုနှစ်၌ကား အချိန်ကစကားပြောလာပြီဖြစ်သဖြင့် တန်ဆောင်မုန်းလကွယ်ထိ စာသင်သားများအတွက် စာ(၂)ဝါကို ကြိုးစား၍ သင်ပြပို့ပေးချခဲ့ပြီး နတ်တော်၊ ပြာသို(၂)လတိတိ မင်းကွန်းတောင်ရိုး ရတနာဂူချောင်သို့သွား၍ ဆရာတော်ဦးကာရဏိကဏ္ဍ၏

ကူညီစောင့်ရှောက် ချီးမြှောက်မှုဖြင့် စာကို အဓိပတိ တပ်ဆင်ကာ ကြိုးစားကျက်မှတ်လိုက်သည်။

ထိုနှစ် တပို့တွဲလ၌ (၃၇)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲဒီဃနိကာယ်ကို ဖြေဆိုခဲ့ရာ အောင်မြင်သဖြင့် ဒီဃနိကာယကောဝိဒဘွဲ့ကို ရရှိသည်၊ သင်ရိုးပိဋက(၃)ပုံ အားလုံးပြီးဆုံးသည်၊ ပထမတိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသသည် သက်တော်(၄၂)နှစ် သိက္ခာတော် (၂၃)ဝါ၌ တိပိဋကဘွဲ့ကို ရရှိသကဲ့သို့ ပဉ္စမ တိပိဋကဓရ အရှင်သိရိန္ဒာဘိဝံသသည်လည်း "၄၂ နှစ်၊ ၂၃ ဝါ"၌ပင် တိပိဋကဘွဲ့ကို ရရှိလေသည်။

၁၃၄၆ ခုနှစ်၊ ၄၂ နှစ် (၂၃)ဝါတွင် သင်ရိုးပိဋက(၃)ပုံ ပြီးဆုံးသဖြင့် တိပိဋကကောဝိဒဘွဲ့ လစဉ်ဆွမ်းဆန်တော်စရိတ်နှင့် မိဘအတွက် လစဉ်ထောက်ပံ့စရိတ်၊ တပည့်(၂)ဦးနှင့်အတူ ကုန်းရေ လေ (၃)ဌာန၌ အခလွတ် ခရီးသွားလာခွင့် အထက်တန်းလက်မှတ်၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော်(၃)လက်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်တို့ကို ခံယူရရှိသည်။

စာချလည်းမပျက်၊ တရားဟောလည်းမလစ် ဟင်း၊ ကိုယ်ပိုင်ကိစ္စကိုလည်း ကြားညှပ်၊ ကျန်းမာ ရေးလည်း မထိခိုက်ဘဲ အေးအေးမှန်မှန် တက်လာ ခဲ့ရာ ငယ်စဉ်က လုံးဝစိတ်မကူးခဲ့ မမျှော်လင့်ခဲ့ သော အခြံအရံ ဘွဲ့များနှင့်တကွ တိပိဋကဘွဲ့ကို သာသနာကျက်သရေ မြန်မာ့ကျက်သရေကိုဆောင် ကာ ရရှိခဲ့လေတော့သည်။

တိပိဋကရွေးချယ်ပွဲ၌ အာဂုံရော ရေးဖြေပါ ကျရှုံးဖူးသည်၊ မိမိ၌ စာမလုံလောက်မှန်းသိပါ လျက် ပျော်မွေ့၍ ပြန်ဆိုရေးဖြေနေခြင်းသာဖြစ် သည်၊ ကျရှုံးခဲ့ဖူးသော်လည်း စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်း၊ အားငယ်ခြင်း၊ ညှိုးနွမ်းခြင်း၊ စိတ် ဓာတ်ကျခြင်း လုံးဝမဖြစ်ခဲ့ဖူးပေ၊ တစ်နေ့ စာ(၂)ဝါ မို့ချရင်း၊ တရားဟောရင်း တည်ငြိမ်အေးဆေးစွာ ပင် ပြန်ဆိုရေးဖြေခဲ့သည်။

တိပိဋကအားလုံးပြီး၍ နှစ်ကို လက်ချိုး ရေတွက်လိုက်သောအခါ (၁၆)နှစ်တိတိကြာသည် ဟု သိလိုက်သည်၊ သို့သော် သဒ္ဓါပီတိဖြင့် ပျော် မွေ့လွန်း၍ ၄–၅ နှစ်လောက်သာ ကြာမြင့်သည် ဟု ထင်နေမိခဲ့သည်။

တိပိဋကစာမေးပွဲကို ကြိုးစားရာ၌ စာသင်သားပုံစံဖြင့် တစ်စိုက်မတ်မတ် ဇောက်ချလုပ်ခဲ့သည်မဟုတ်ဘဲ စာချတစ်ဖက်၊ တရားဟောတစ်ဖက်၊ အခြားစာမေးပွဲများတစ်ဖက် တွဲလျက်အေးဆေးစွာ လုပ်ခဲ့သည်ဖြစ်၍ (၁၆)နှစ်ခရီးကို မြန်သည်ဟုပင် ထင်နေမိခဲ့သည်၊ (၁၆)နှစ်လုံးနှလုံးသား၌ ဘုရားတည်ခွင့်ရ၍ ဂုဏ်ယူဝမ်းမြောက် ကြည်နူးမှုသာ ဖြစ်နေခဲ့သည်။

ပျော်မွေ့သဖြင့် တိပိဋကပြီးသောအခါ ပဏ္ဏာသ(မဇ္ဈိမနိကာယ်)ကို ဆက်လက်ပြန်ဆိုရန် ကြိုးစားခဲ့သေးသည်၊ အချိန်လု၍ လုံးဝမရတော့သဖြင့် လက်လျှော့လိုက်ရလေတော့သည်၊ တိပိဋကပြီး၍ ပူဇော်ပွဲပြုကြလုပ်သည်ကိုလည်း မနှစ်သက်ပါ၊ "အပူဇော်ခံလို၍ တိပိဋကလုပ်သည် မဟုတ်၊ ပျော်စရာကောင်း၍သာ လုပ်သည်"ဟု ပြောကာ အများအားဖြင့် ပူဇော်ပွဲများကို ငြင်းပယ်ခဲ့သည်။

ဓမ္မရတနာကို ရတနာအသိဖြင့် စိတ်နှလုံး၌ ထည့်သွင်းထားရခြင်းကား လောက၌ မည်သည့်

အရသာနှင့်မျှ မနှိုင်းယှဉ်နိုင်လောက်အောင် ပျော်မွေ့ဖွယ်ကောင်း၍ အေးချမ်းမွန်မြတ်လှပေသည်။

* * *

F 4B

# ဘူမိနက်သန် မြေကောင်းမှန်

အရှင်သိရိန္ဒာဘိဝံသ၏ မွေးဖွားခဲ့ရာ လက်ပံရွာ၊ နေထိုင်ခဲ့ရာ ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်ကျောင်းကြီး၊ ရန်ကုန်မြို့၊ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သွားရောက်သင်ကြားခဲ့ရာဖြစ်သော မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်၊ မစိုးရိမ်တိုက်သစ်၊ တောင်ထီးလင်းတိုက်၊ ရန်ကုန်မြို့ အလယ်တောရကျောင်းတိုက်၊ သွားရောက်အနားယူ စာကျက်ခဲ့ရာဖြစ်သော ကလေးမြို့နယ်၊ မြို့လုလ္လာကျောင်း၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း၊

မန္တလေးမြို့ စိန်ပန်းတိုက်သစ်၊ ကဝမြို့နယ် သက္ကလရွာတောင်ကျောင်း၊ မင်းကွန်းတောင်ရိုး ရတနာဂူချောင်တို့သည် ဘူမိနက်သန် မြေကောင်း မှန်လှပေတော့သည်။

* * *

# အသားလွတ်စား သွေးသားစင်ကြယ်

အရှင်သိရိန္ဒာဘိဝံသသည် ကျန်းမာရေးကို အကြောင်းပြု၍ ၁၃၃၇ ခုနှစ်၊ အသက် (၃၃)နှစ် အရွယ်မှစ၍ သားငါးစားသောက်ခြင်းမှ ရှောင်ကြဉ်ကာ အသားလွတ် ဘုန်းပေးခဲ့သည်၊ အသားလွတ် ဘုဉ်းပေးခြင်းဖြင့် အချို့ရောဂါများ လုံးဝပျောက်ကင်းခြင်း၊ စိတ်ကြည်လင်ခြင်း၊ သွေးသားစင်ကြယ်၍ ကျန်းမာခြင်း၊ အစားအသောက်တာဝန်ပေါ့ခြင်း စသော ကောင်းကျိုးများစွာတို့ကို ရရှိခဲ့သည်၊ အကျင့်ထူးကြီးတစ်ခုလုပ်၍ ကျင့်နေခြင်း

ကား မဟုတ်ပေ၊ ထိုနှစ်မှစ၍ပင် ကျန်းမာရေး အတွက် နေ့စဉ် နံနက်တိုင်း ရေကျက်အေး(၂) ပုလင်းစီ သောက်နေခဲ့သည်။

* * *

# စာပေပို့ချ ဟောညွှန်ပြ

၁၃၂၉ ခုနှစ်မှစ၍ ယနေ့အထိ နေ့စဉ် စာဝါ(၂)ဝါ (၃)ဝါစီ ပုံမှန်ပို့ချ သင်ပေးလာခဲ့သည်၊ အထူးအားဖြင့် ညဝါကျမ်းများနှင့် စာချတန်းဆိုင်ရာ အဋ္ဌကထာ(၃)ကျမ်းလုံးကို နည်းစနစ်ရအောင် ချပို့သင်ပြပေးလျက်ရှိသည်၊ တိပိဋကစရေလောင်းလျာများ၊ သကျသီဟ၊ စေတိယင်္ဂဏ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာအကျော် တပည့်များမြောက်များစွာ ပေါ်ထွန်းခဲ့သည်၊ ဒကာ, ဒကာမများအတွက်လည်း ကာလဒေသကို ချင့်ချိန်၍ (စာသင်တိုက်ယန္တရား မထိခိုက် မရပ်တန့်ရအောင် နှိုင်းချိန်၍) မေတ္တာရှေ့ထားကာ လက်တွေ့အသုံးချ တရားများကို ဦးစားပေးရွေးချယ်လျက် တရား

ကိုလည်း စိတ်ပါလက်ပါ ထက်ထက်သန်သန် ဟောကြားပေးနေသည်၊ သာမန်အကြောင်းကိစ္စကြောင့် စာဝါအပျက်မခံတတ်ပါ၊ စာဝါထိခိုက်အောင် ပျက်အောင်လည်း တရားပွဲကို လက်မခံတတ်ပါ၊ တာရှည်ခံမည့် သာသနာပြုအလုပ်ကိုသာ ဦးစားပေးတတ်သည်။

*   *   *

# စာပေကျမ်းဂန် လမ်းအမှန်

၁။ ဘဝလမ်းညွှန်၊ ၂။ စိတ်ထိန်းကိရိယာ၊ ၃။ သာခုလေးပါး မြတ်တရား၊ ၄။ အပေါင်းလက္ခဏာ၊ ၅။ အနှစ်ထုတ်ယူ စွမ်းတဲ့လူ။ ၆။ ကံကိုထိန်းချုပ် စိတ်ခလုတ်၊ ၇။ စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်၊ ၈။ ကိုယ့်လမ်းကိုယ်လျှောက်ကောင်းရာရောက်၊ ၉။ အချိန်တန်ဖိုး လူ့တန်ခိုး၊ ၁၀။ ဘဝတစ်ကွေ့ ခဏတွေ့၊ ၁၁။ ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်၊ ၁၂။ တရားအသိ လူမျက်

စိ၊ ၁၃။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်၊ ၁၄။ နှလုံးသားဝယ် ဘုရားတည်၊ ၁၅။ မေတ္တာနှလုံး အလှဆုံး၊ ၁၆။ ပါထိကဝဂ္ဂပါဠိတော်နိဿယသစ် (ပထမ)၊ ၁၇။ ဓမ္မာစရိယလမ်းပြကျမ်း စသည်တို့ကို ရေးသားကာ ဓမ္မဒါနအဖြစ်ဖြင့် ဖြန့်ဝေလှူဒါန်းခဲ့သည်။

* * *

# သာသနာပြု အားထုတ်မှု

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးဝါသဝါ ဘိဝံသ ပျံလွန်တော်မမူမီ ၁၃၃၉ ခုနှစ်၌ ရန်ကုန်မြို့၊ ဗဟန်း မဟာပိသုဒ္ဓါရုံတိုက်သစ်ကို နောင်တော်ကြီး ဦးကောဏ္ဍညနှင့် တွဲဖက်၍ လွှဲထားခဲ့သဖြင့် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးသော ၁၃၄၁ ခုနှစ်မှစ၍ ၁၃၅၉ ခုနှစ်ထိ ဆရာတော် ဦးကောဏ္ဍညနှင့်တွဲဖက်၍ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို ကြီးပွားတိုးတက်စည်ကားအောင် အစွမ်းကုန် ကြိုးစားစောင့်ရှောက် သာသနာပြုခဲ့သည်။

ဆရာတော်ဦးကောဏ္ဍညနှင့် အရှင်သိရိန္ဒာဘိဝံသတို့သည် တစ်ကျောင်းတိုက်တည်း နှစ်ပါ

အတူတွဲ၍ နေရစေကာမူ ဆရာတူတပည့်ဖြစ်ခြင်း၊ တိုက်တာနှင့် သာသနာကြီးပွားစေလိုသောဆန္ဒ ချင်းတူခြင်း၊ ပျံလွန်တော်မူသွားသော ဆရာတော်ကြီးအပေါ် ချစ်ခင်လေးစားမှုတူခြင်း၊ တစ်ပါးနှင့်တစ်ပါး ညီအစ်ကိုရင်းလို စိတ်ထားတတ်ခြင်း စသော အကြောင်းများကြောင့် အချင်းချင်း ဆန့်ကျင်ဖက် လုံးဝမဖြစ်ခဲ့ဖူးချေ၊ သူ့တာဝန် ကိုယ့်တာဝန် ကျေပြွန်အောင် ထမ်းဆောင်လျက် ချစ်ခင်ညီညွတ်စွာ လက်တွဲကြိုးစားခဲ့ကြသည်၊ ထိုညီညွတ်မှုကို တွေ့မြင်ကြရသော ရဟန်းရှင်လူအများက လက်ဖျားခါ၍ အံ့ဩချီးကျူးခဲ့ကြသည်၊ အထူးအဆန်းတစ်ခုဟု အသိအမှတ်ပြုခဲ့ကြသည်၊ ညီညွတ်မှုကြောင့်ပင် ကျောင်းတိုက်ကြီး တစ်ဟုန်ထိုးတိုးတက်စည်ကား ကြီးပွားလာခဲ့သည်၊ အရေးအတွက်ထက် အရည်အချင်းကိုသာ ဦးစားပေးကာ စည်ကမ်းဘောင်ခတ် တင်းကျပ်တိကျစွာ အုပ်ချုပ်ခဲ့ကြသည်။

၁၃၄၅ ခုနှစ်၌ ကလေးမြို့ ဇောဓိကျောင်းဆရာတော် ဦးကောသလ္လ၊ ထိုမာရှာကျောင်းဆရာတော် ဦးပညာဝံသတို့၏ ပူဆာတိုက်တွန်း

လွှဲအပ်မှုကြောင့် ကလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို လက်ခံ၍ စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်၊ တပည့်ကြီး ဦးတေဇဝန္တနှင့် ဦးဉာဏဗလတို့အား တာဝန်ပေး၍ ကိုယ်တိုင်အဝေးမှ ကိုယ်အားဉာဏ်အားဖြင့် စွမ်းနိုင်သလောက် ထိန်းသိမ်းစောင့်ရှောက် သာသနာပြုလျက်ရှိသည်။

၁၃၅၁ ခုနှစ်၌ တောင်ဖီလာကောရဆရာတော် ဦးကောသလ္လ၏ ပုဆာတိုက်တွန်း လွှဲအပ်မှုကြောင့် ကလေးမြို့နယ် တောင်ဖီလာတောရကျောင်းတိုက်ကို လက်ခံ၍ စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ပေးပြန်သည်၊ တပည့်ကြီး ဦးရာဇိန္ဒအား တာဝန်ပေး၍ ကိုယ်တိုင် အဝေးမှ စောင့်ရှောက်ထိန်းသိမ်း သာသနာပြုလျက်ရှိပါသည်။

၁၃၅၉ ခုနှစ်၌ ဆရာတော်ဦးကောဏ္ဍညဘဝနတ်ထံ ပျံလွန်တော်မူသွားသဖြင့် ရန်ကုန်မြို့၊ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ ပဓာနနာယကအဖြစ် ဆက်လက်တာဝန်ယူရသည်၊ စာချဘုန်းကြီးများဖြစ်ကြသော ဦးတေဇဝန္တ (ဓမ္မာစရိ

ယ)၊ ဦးနရိန္ဒ(ဓမ္မာစရိယ)၊ ဦးသိရိကဉ္စန (အဂ္ဂမဟာကျော်ဝိနယဓရ)၊ ဦးနန္ဒဝံသ (ဓမ္မာစရိယ)၊ ဦးပညာဇောတ(ဓမ္မာစရိယ)၊ ဦးကေသရိန္ဒ(ဓမ္မာစရိယ)၊ ဦးဉာဏဗလ(ဓမ္မာစရိယ)၊ ဦးကုမာရ (ဓမ္မာစရိယ)၊ ဦးဥဇ္ဇောတ(ဓမ္မာစရိယ)၊ ဦးနန္ဒမာလာ၊ ဦးအာဒိစ္စ၊ ဦးစန္ဒောဘာသ၊ ဦးပညာဝံသ၊ ဦးကုန္ဒက (အဂ္ဂမဟာအကျော် ဝိနယဓရ) ဦးသောဘိတာလင်္ကာရ၊ ဦးခေမိကာလင်္ကာရ၊ ဦးဝဇိရပါဏလင်္ကာရ၊ ဦးနေမိန္ဒာလင်္ကာရာဘိဝံသ (သ စ အ ဓမ္မာစရိယ) စသော တပည့်ကြီးများနှင့် အတူလက်တွဲ၍ 'အရေအတွက်ထက် အရည်အချင်းကိုပင် ဦးစားပေးလျက် ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ကာ သာသနာပြုနေသည်။

ပရိသတ်ကို အုပ်ချုပ်သည့်အခါ ခန္တီမေတ္တာကို အများဆုံးသုံး၍ သိမ်မွေ့စွာ အုပ်ချုပ်သည်။

(၁) မတည့်အတူနေသဘောမျိုး မရှိစေဘဲ မိသားစုစိတ်ဓာတ်ထားကာ ပျော်ရွှင်ချမ်းမြေ့စွာ အတူလက်တွဲနေထိုင်ရေး၊

(၂) အဆင့်မမီသေးသူ အခက်အခဲကြုံနေရသူများကို ကရုဏာဖြင့် အေးမြစွာအရိပ်ပေး၍ ဖေးမကူညီ စောင့်ရှောက်ရေး၊

(၃) တကယ်တော်သူ ကောင်းသူများကို လက်မနှေးဘဲ မုဒိတာဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်တင်ချီးမြှောက်ရေး၊

(၄) မတော်မကောင်း တိမ်းစောင်းသွားသူ အပြစ်ရှိသူများကို ဥပေက္ခာဖြင့် အေးမြစွာ ပြစ်ဒဏ်ပေးရေး–ဟူသော ဗြဟ္မဝိဟာရလမ်းစဉ် (၄)ချက်ဖြင့်သာ အုပ်ချုပ်သည်၊ ရိုက်နှက်ဆူပူ ငေါက်ငမ်းခြင်း လုံးဝပြုလေ့မရှိပါ။

အလုပ်တာဝန်များပြားသော်လည်း အပူအရှုပ်မခံတတ်ပါ၊ တည်ငြိမ်ရင့်ကျက် အေးချမ်းစွာသာ ကိုင်တွယ်ဆောင်ရွက်လေ့ရှိသည်၊ ခြောက်ကပ်ကပ် ပရိယတ်မဖြစ်ရအောင် လက်တွေ့ပဋိပတ်ကိုလည်း အချိန်ပိုင်းခြားကန့်သတ်၍ နေ့စဉ်ကျင့်သုံးအားထုတ်စေသည်၊ ပရိယတ်ဖြင့် ပဋိပတ်ကို ထိန်းပေး၍ ပဋိပတ်ဖြင့် ပရိယတ်ကို အသက်သွင်းကာ အလှဆင်ပေးနေသည်၊ အရေအတွက်များဖို့ထက် အရည်အသွေးပြည့်ဝဖို့သာ အဓိကထား၍ မိမိကိုရော သူတစ်ပါးကိုပါ မြှင့်တင်ပေးလျက်ရှိပါသည်။

သာသနာရေး ဆောင်ရွက်ချက်များကို ပူဇော်သောအားဖြင့် ၁၃၅၁ ခုနှစ် (၁၉၉၀ ပြည့်နှစ်) အသက် (၄၇)နှစ်အရွယ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

* * *

# ဦးဆောင်လမ်းပြ ပါဝင်ရ

ပထမ(၅)နှစ်၊ ဒုတိယ(၅)နှစ်သက်တမ်းကာလပတ်လုံး ဝိနည်းဓိုရ်တာဝန်ကို ထမ်းဆောင်ခဲ့၍ ၁၃၄၆ ခုနှစ်မှစ၍ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်ဖြစ်ခဲ့သည်၊ ထို့နောက် ဆက်လက်၍နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋကဓရရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း ဩဝါဒါစရိယ၊ ဓမ္မသာကစ္ဆာအဖွဲ့ ဩဝါဒါစရိယ၊ တက္ကသိုလ်များဗုဒ္ဓဘာသာအသင်း ဩဝါဒါစရိယ၊ ဆူးလေစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း ဩဝါဒါစရိယ၊ ဓမ္မဗျူဟာသာသနာမာမကအဖွဲ့ ဩဝါဒါစရိယ၊ အပြည်ပြည်

F5A

ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယ၊ တိပိဋကဓမ္မရက္ခိတအဖွဲ့ ဩဝါဒါစရိယ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၏ ဩဝါဒါစရိယ၊ ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်း၏ ဩဝါဒါစရိယ၊ ရန်ကုန် မန္တလေး ယောနယ်အသင်း၏ ဩဝါဒါစရိယ၊ မြတ်မင်္ဂလာနှင့် ဓမ္မပူရတနာစာစောင်နာယက၊ မိုးကုတ်မြို့ နိကာယ်သာသနာတော်ကြီးပွားရေးအသင်း၏ ဩဝါဒါစရိယ မင်္ဂလာဗျူဟာအသင်းချုပ်၏ ဩဝါဒါစရိယ စသော တာဝန်များကို ထက်သန်ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။

* * *

F 5B

## ချီးမြှင့်ပေးကမ်း မေတ္တာစွမ်း

မိမိဇာတိ လက်ပံရွာ၌ သိန်း(၁၀၀)ကျော် အကုန်အကျခံ၍ ဘုရား၊ ကျောင်းကန်၊ ဓမ္မာရုံ၊ တံတိုင်း၊ ရေဝင်း၊ စာကြည့်တိုက်၊ ဗာသင်ကျောင်း၊ မီးစက် စသည်တို့ကို ဆောက်လုပ်ပြုပြင် တပ်ဆင် ပေးခဲ့သည်၊ မယ်တော်ကြီးအတွက် (ခမည်းတော်ကြီးရှိစဉ်က ခမည်းတော်ကြီးအတွက်ပါ) နှစ်စဉ် အနည်းဆုံး ငွေသား(၃)သိန်းနှင့် ပစ္စည်းမျိုးစုံ၊ တရားတိတ်ခွေနှင့် စာအုပ်မျိုးစုံပေး၍ ကျေးဇူးဆပ် နေသည်၊ တရားအားထုတ်နိုင်အောင်၊ အလှူလုပ်၍ ကုသိုလ်ပြုနိုင်အောင်လည်း အထူးဆောင်ရွက်ပေးခဲ့ သည်၊ အသက်(၇၀)ကျော် အဘိုးအဘွားများနှင့် ဂိလာနများအား နှစ်စဉ် ထောက်ပံ့လှူဒါန်းခဲ့၍ ပညာရည်ချွန်ကလေးများအားလည်း ဆုချီးမြှင့်ခဲ့ သည်။

ရန်ကုန် မန္တလေးရောက် ယောနယ်ဇာတိဖြစ်သော ပရိယတ္တိစာမေးပွဲနှင့် သာသနာရေးဆိုင်ရာ စာမေးပွဲများကို ဖြေဆိုအောင်မြင်ကြသော ရဟန်းသာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်များအားလည်းကောင်း၊ ကလေးမြို့ စာသင်တိုက်ခွဲ(၂)တိုက်မှ စာအောင်သံဃာများနှင့် စာချဘုန်းကြီးများအားလည်းကောင်း နှစ်စဉ် ဆုပေးပွဲကျင်းပကာ သက်နှင်းစသည်ကို လှူဒါန်းချီးမြှင့်နေခဲ့သည်၊ အနယ်နယ်အရပ်ရပ်မှ ထူးချွန်သူ စာအောင် ရှင်ရဟန်းတို့အားလည်း ဆုချီးမြှင့်ခဲ့သည်။

မိမိနေထိုင်ရာ ရန်ကုန် ဗဟန်း မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်အတွင်း၌ကား အနိမ့်ဆုံးစာမေးပွဲမှ အမြင့်ဆုံးစာမေးပွဲထိ ကျောင်းအစမ်းစာမေးပွဲပါမကျန် ပရိယတ္တိစာမေးပွဲမျိုးစုံကို ဖြေဆိုအောင်မြင်ကြသော ရဟန်းသာမဏေများ၊ သာသနာရေးဆိုင်ရာစာမေးပွဲကို ဖြေဆိုအောင်မြင်ကြသော ကျောင်းသားများအား နှစ်စဉ်၊ လစဉ်၊ အပတ်စဉ် အမြဲဆုချီးမြှင့် လှူဒါန်းနေပါသည်။

စာချဘုန်းကြီးများအားလည်း ကာလ ဒေသ ပုဂ္ဂလအားလျော်စွာ ဒါန ပေယျဝဇ္ဇ(ပိယဝါစာ)

အတ္တစရိယာ သမာနတ္တတာ ဟူသော သင်္ဂဟဝတ္ထု (၄)ပါးဖြင့် အားပေးချီးမြှောက် စောင့်ရှောက်လေ့ရှိသည်၊ မွေးနေ့အလှူကို လစဉ်ပြုလုပ်ပေး၍ ပါတိမောက္ခုဒ္ဒေသက (ပါတိမောက်ပြရဟန်း)အား ဥပုသ်တိုင်း ချီးမြှင့်လှူဒါန်းသည်၊ တိုက်သံဃာ ပစ္စည်း(၄)ပါးပြည့်စုံရေး၊ ပရိယတ္တိပညာပြည့်စုံရေး၊ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာရေးအတွက် အထူးကြောင့်ကျစိုက် အားထုတ်သည်၊ များဖို့ထက်ကောင်းဖို့ ကြာရှည်ခံဖို့ ဦးစားပေး ရွေးချယ်သည်၊ တိပိဋကဓမ္မကထိဖြစ်ရေးထက် တိပိဋကစာချဖြစ်ရေးအတွက်သာ အဓိကထားကြိုးစားသည်။

* * *

# စေတနာမှန် ကိုယ့်ထံပြန်

ဂန္ထန္တရဗဟုဿုတဂုဏ်၊ ဂန္ထရစနာဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ဗဟုဇနဟိတရေဂုဏ်၊ တိပိဋကဓရ တိပိဋကကောဝိဒလဒ္ဓလဍ္ဍနဂုဏ်တို့နှင့် ကုံလုံပြည့်ဝသော ဘဒ္ဒန္တ သိရိန္ဒာဘိဝံသအား ၁၃၆၀ခုနှစ်

(၁၉၉၉ ခုနှစ်)တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရက "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်၊ ဆင်စွယ်ယပ်ဝန်းတော်၊ လက်မှတ်နှင့် သာသနာ့အောင်လံတော်တို့ကို ဆက်ကပ်လှူဒါန်းလေသည်။

*   *   *

# ဆင်းရဲ၏နောက် ချမ်းသာရောက်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်

*[သာသနာတော်နှစ် ၂၅၄၁–ခု၊ ကောဇာသက္ကရာဇ် ၁၃၅၉–ခုနှစ်၊ ပြာသို လဆန်း ၁၂ ရက်၊ ၁၉၉၈–ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်၊ သောကြာနေ့တွင် ရန်ကုန်တိုင်း တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ သာသနာ့ဝေယျာဝစ္စ ဓမ္မာရုံကြီး၌ နှစ်စဉ်ကျင်းပပြုလုပ်သော ဓမ္မပူဇာမင်္ဂလာ ကောင်းမှုကြီး ပြုလုပ်အားထုတ်ကြရာတွင် ဖွင့်ပွဲမင်္ဂလာ အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။]*

## မြတ်စွာဘုရားဟောကြားတဲ့ ဒေသနာလေးတစ်ခုက

သုခဿာနန္တရံ ဒုက္ခံ၊ ဒုက္ခဿာ နန္တရံ သုခံ။

သုခသ-မကြီးစားလို၊ သက်သာခိုမှု၊ ချမ်းသာစု၏၊ သုခသ၊ အလုပ်လွဲမှား မတရားမှု ချမ်းသာစု၏ အနန္တရ အခြားမဲ့၌၊ ဒုက္ခ-ကိုယ်စိတ်ညှိုးနွမ်း၊ ပင်ပန်းအစု၊ ဆင်းရဲမှုသည်၊ အတ္တိ-ကြောက်စရာအနေ ရှိနေတတ်ပါပေ၏။

ဒုက္ခသ-သိက္ခာသုံးဖြာ ကျင့်စရာကို၊ ကောင်းစွာကြိုးပမ်း၊ လုံ့လစွမ်းကြောင့်၊ ပင်ပန်းအစု၊ ဆင်းရဲမှု၏၊ အနန္တရ-အခြားမဲ့၌၊ သုခ-လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ အံ့သြစရာသည်၊ အတ္တိ-ဆင်းရဲ၏နောက် ချမ်းသာရောက်ကာ၊ ကောင်းစွာမသွေ၊ ထင်ရှားရှိ၍ နေပါပေသတည်း။

* * *

## ဒွန်တွဲနေတာ ဆင်းရဲနဲ့ချမ်းသာ

ချမ်းသာနဲ့ဆင်းရဲဆိုတာ လောကမှာ ဒွန်တွဲနေတာပါပဲ၊ ချမ်းသာရင် ချမ်းသာ၊ မချမ်းသာရင် ဆင်းရဲ၊ ဆင်းရဲရင် ဆင်းရဲ၊ မဆင်းရဲရင် ချမ်းသာ၊ ဒီနှစ်ခု အမြဲဒွန်တွဲနေပါတယ်။

သို့သော် ဒုက္ခသစ္စာဘုံကြီးဆိုတာ ချမ်းသာအစစ်ရယ်လို့တော့ မရှိပါဘူး၊ ဆင်းရဲတာကို သက်သာအောင်ဖန်းတီးပြီး လောကနည်းနဲ့ပဲ ဖြစ်ဖြစ်ပေါ့၊ အကောင်းဆုံးဓမ္မနည်းနဲ့ပဲ ဖြစ်ဖြစ်ပေါ့၊ သက်သာအောင်ယူနိုင်လို့ ချမ်းသာတယ်လို့ ပြောကြတာပါ။

အပါယ်ဘုံနဲ့ယှဉ်ကြည့်ရင် သက်သာခွင့်ရလို့ ချမ်းသာလို့ပြောတာပါ၊ ခန္ဓာနဲ့ ဆက်စပ်လာရင် စစ်မှန်သောချမ်းသာရယ်လို့တော့မရှိပါ၊ စစ်မှန်သောချမ်းသာသည် ဆင်းရဲဒုက္ခခပ်သိမ်း၊ ရုပ်နာမ် အပူတွေအားလုံး ချုပ်ငြိမ်းတဲ့ နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်သာ ရှိပါတယ်၊ ဒါကြောင့် ချမ်းသာနောက်မှာလဲ ဆင်းရဲရှိတယ်။

* * *

# ချမ်းသာနောက်မှာ ဆင်းရဲ

ချမ်းသာနောက်မှာ ဆင်းရဲဆိုတာ လောလောဆယ် ကောင်းတဲ့အလုပ်ကိုမလုပ်ပဲနဲ့ သက်သာခိုချင်တာကို ခေါ်တာ။

ဘုရားရှိခိုးလိုက်ရင် ကုသိုလ်ရမှာကိုတော့ သိသလိုလိုပဲ၊ သို့သော် ပင်ပန်းသွားမှာစိုးလို့၊ ညောင်းသွားမှာစိုးလို့ ရှိမခိုးလိုက်တော့ဘူး။

ဥပုသ်စောင့်လိုက်မယ်ဆိုရင် ကုသိုလ်တွေအများကြီးရမှာကို သိတော့သိတယ်၊ သို့သော်လဲ

ဥပုသ်စောင့်လိုက်ရင် ညစာဆာတာတို့ အစရှိသည် ဖြင့် ပင်ပန်းသွားမှာစိုးရိမ်လို့ ခန္ဓာကို ညှာပြီးတော့ မစောင့်ပဲနေလိုက်တယ်။

တရားထိုင်လိုက်ရင် တရားစွမ်းအားတွေ တက်လာမှာပဲလို့ သိတော့သိရဲ့၊ သို့သော် ခန္ဓာကို ညှာလိုက်တယ်၊ တစ်နာရီလောက် တရားထိုင်ရင် ခန္ဓာပင်ပန်းသွားလိမ့်မယ်လေ ဆိုပြီးတော့ သက်သာခိုနေလိုက်တယ်။

အဲသလို စသည်ဖြင့်ပေါ့၊ ကောင်းတဲ့အလုပ် ကိုလုပ်ရင် ကောင်းတဲ့အကျိုးရမယ်ဆိုတာ သိမြင် ထားပါလျက်သားနဲ့ သက်သာခိုပြီးတော့ ချမ်းသာ အောင်နေတာ၊ အဲဒီချမ်းသာနောက်က ဆင်းရဲတွေ တန်းစီပြီးတော့နေတယ်။

တစ်နည်းအားဖြင့် မဟုတ်တဲ့အလုပ်ကို လုပ်လိုက်တယ်၊ မဟုတ်တဲ့အလုပ်ကို လုပ်လို့ရတဲ့ ချမ်းသာက ဘာမှမပြောလောက်၊ သူ့ကြောင့် ဆင်းရဲတွေက ကန့်သတ်လို့မရအောင် အများကြီး ရောက်လာကြတယ်။

ရှေးက ဒု၊ သ၊ န၊ သော သူဌေးသား(၄) ယောက် ပစ္စည်း ကုဋေ(၄၀) ကြွယ်ဝကြတယ်၊ ဗုဒ္ဓသာသနာနဲ့လဲ တွေ့ဆုံကြတယ်၊ သုံးလို့ဖြစ်တဲ့ ဘဝကောင်းလဲ ရကြတယ်၊ သို့သော်လဲ ကောင်းတဲ့ တရားအလုပ်တွေ သက်သာခိုလိုက်တယ်၊ စိတ် အလိုလိုက်ပြီးတော့ မဟုတ်တရုတ်တွေ လုပ်လိုက် တယ်။

မဟုတ်တရုတ်အလုပ်တွေလုပ်လို့ ရတဲ့ ချမ်းသာက ဘာမှမပြောလောက်၊ အဲဒီ မဟုတ် တရုတ်ချမ်းသာကြောင့် ရလိုက်တဲ့ ဒုက္ခဆင်းရဲ တွေ၊ ဒီနေ့ထိ ငရဲကမလွတ်ကြသေးဘူး၊ ပူလောင် ချောက်ခြား ပင်ပန်းစွာ ဆင်းရဲကြတုန်းပါ။

*** ချမ်းသာငယ်ကို၊ မစွန့်လိုပါ၊**

**တွယ်ကာဖက်ထား၊ အပျင်းပွား၊**

**နောက်များမကြာဆင်းရဲ၏၊**

ဘာမှ မပြောပလောက်တဲ့ ချမ်းသာငယ် ငယ်လေးကို တွယ်တာပြီး သက်သာခိုနေမိတဲ့

အတွက်ကြောင့် ချမ်းသာလက်လွှတ်ပြီးတော့ နောက်မှာ မလိုချင်တဲ့ ဆင်းရဲတွေ တန်းစီပြီးတော့ လာကြတယ်။

## လူပျင်းချမ်းသာယူလိုက်တာ

သက်သာခိုရင် ချမ်းသာတယ်ဆိုတာက သက်သာလို့ ချမ်းသာလို့ပြောတာပါ၊ တရားနဲ့ပြော လိုက်ရင် အလကား အပျင်းထူတာပါ၊ သက်သာ ခိုရင် ချမ်းသာတယ်ဆိုတာ လူပျင်းချမ်းသာပေါ့၊ လူပျင်းချမ်းသာယူလိုက်တာပါ၊ အပျင်းထူရင် နာမည်ပျက်သွားပြီပေါ့။

* **ချမ်းသာကိုမက်၊ တွယ်တာဖက်လဲ၊ အလိုလွှဲ၊ ဆင်းရဲနောက်မှာရှိ၊**

ချမ်းသာကိုမက်ပြီးတော့ သတိပညာနဲ့ ဘာမှ စဉ်းစားချင့်ချိန်၊ ချိန်တွယ်၊ တွက်ချက်၊ ဆန်းစစ်၊ ဝေဖန်ခြင်းမပြုဘဲ အဝိဇ္ဇာ တဏှာအလိုလိုက် ပြီးတော့ အများတွေ လျှောက်လုပ်လိုက်တယ်။

အမှားတွေလုပ်လို့ရတဲ့ ချမ်းသာက ဘာမှ မပြောလောက်၊ ဒီမဟုတ်တရုတ်ကြောင့် နောက်က ရောက်လာမယ့် ဆင်းရဲတွေအများကြီး၊ ဒု၊ သ၊ န၊ သော သူဌေးသား ၄–ယောက်လိုပေါ့၊ မဆုံးနိုင်တဲ့ ဆင်းရဲတွေလာတော့မယ်။

ဒုက္ခ သဿာနုဗန္ဓ ရုံသုခံ၊ ဆင်းရဲနောက်မှာ ချမ်းသာရှိတယ်၊ အလှူတစ်ခု လုပ်ချင်တယ်ဆိုရင် အလှူတစ်ခုနဲ့တန်အောင်တော့ အနစ်နာခံရပါလိမ့်မယ်၊ အနစ်နာခံတာကိုပဲ ဆင်းရဲတယ်လို့ပြောတာ။

* * *

# ချမ်းသာဖို့ အရင်းအနှီးစိုက်တာပါ

အမှန်တော့ လောကမျက်မြင်, ပကတိမျက်မြင်အားဖြင့် ဆင်းရဲပြောတာပါ၊ တရားမျက်မြင်အားဖြင့် ချမ်းသာဖို့ အရင်းအနှီးစိုက်တာပါ။

အလှူတစ်ခုလုပ်ချင်တယ်ဆိုရင် အလှူတစ်ခုနဲ့တန်အောင် အနစ်နာခံနိုင်မှ အလှူတစ်ခုဖြစ်ပါတယ်၊ ငါးပါးသီလစောင့်သုံးတဲ့ပုဂ္ဂိုလ်၊ ငါးပါးသီလနဲ့တန်အောင် အနစ်နာခံရပါလိမ့်မယ်၊ ဥပုသ်စောင့်တဲ့ပုဂ္ဂိုလ်၊ ဥပုသ်သီလနဲ့တန်အောင်တော့ အနစ်နာခံရလိမ့်မယ်၊ ဘုရားဂုဏ်တော် ပွားများတဲ့ပုဂ္ဂိုလ်၊ သမာဓိထူထောင်တဲ့ပုဂ္ဂိုလ်၊ ဘုရားဂုဏ်တော်ပွားများတာနဲ့ တန်အောင်တော့ အနစ်နာခံရလိမ့်မယ်။

F6A

လောကစည်းစိမ်အချို့ စွန့်လွှတ်သင့်တာ စွန့်လွှတ်ရလိမ့်မယ်၊ ခန္ဓာအရှိ ဉာဏ်မျက်လုံးဖွင့်ပြီး ကြည့်တဲ့ပုဂ္ဂိုလ်၊ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်၊ ဝိပဿနာနဲ့တန်အောင်တော့ အနစ်နာခံရလိမ့်မယ်၊ အနစ်နာမခံဘဲနဲ့တော့ ဘယ်စွမ်းအားမှ ရလာကြမှာမဟုတ်ပါ။

ဒါကြောင့် ဒုက္ခသ–သိက္ခာသုံးဖြာ ကျင့်စရာကို၊ ကောင်းစွာကြိုးပမ်း၊ လုံ့လစွမ်းကြောင့်၊ ပန်ပန်းအစု၊ ဆင်းရဲမှု၏၊ လောလောဆယ်မှာတော့ ပင်ပန်းသလို၊ ဆင်းရဲသလိုပဲ၊ သို့သော်အားရှိစရာကောင်းတာက ဒီဆင်းရဲက ပရမ်းပတာဆင်းရဲမဟုတ်ဖူး၊ အစီအစဉ်ပါသောဆင်းရဲ၊ နောက်က ချမ်းသာတွေ တန်းစီပြီးစောင့်နေကြတာ။

ဒါကြောင့်

* **ရဲဝန့်ပြင်းထန်၊ လမ်းမှန်အလုပ်၊**
**စွမ်းအားထုတ်က၊ ဒုက္ခအများ၊**
**တွေ့ရငြားလည်း၊ ဆင်းရဲနောက်မှာ၊**
**မြတ်ချမ်းသာ၊ စောင့်ကာ ကြိုလျက်ရှိ၊**

အလုပ်က ကောင်းတဲ့အလုပ်လို့ ကိုယ်က ဆုံးဖြတ်ပြီးသား၊ ကောင်းတဲ့အလုပ်လို့ ဆုံးဖြတ်ပြီး

ပြုလုပ်အားထုတ်ကြတဲ့အခါမှာ လောလောဆယ် တော့ ပင်ပန်းသလိုလို၊ ဆင်းရဲသလိုလိုရှိတယ်၊ သို့သော် အစီအစဉ်ပါသောကြောင့်၊ လမ်းကြောင်း မှန်သောကြောင့်၊ ရည်ရွယ်ချက် ပြတ်သားပြီးသား ဖြစ်သောကြောင့်၊ ချမ်းသာတွေက စောင့်ကြိုနေ ကြတယ်။

ဉာဏ်မျက်လုံးကောင်းတဲ့ပုဂ္ဂိုလ်များဟာ ပျော်လို့၊ ဆင်းရဲတာတောင်ပြုံးပြုံးလေးရယ်၊ ပင်ပန်း တာတောင် ပြုံးပြုံးလေးရယ်၊ ပြုံးနိုင်တာပေါ့၊ နောက်က ရလဒ်မြင်ထားတာကိုး။

* * *

## သတိအထိန်းလေးတပ်ပေးရုံပဲ

* **ချမ်းသာကင်းပျောက်၊ ဆင်းရဲရောက်မူ၊ အပူမပွား၊ မငြီးတွားပဲ၊ စိတ်အားတင်းကာ၊ နည်းလမ်းရှာ၊ ချမ်းသာရအောင်ကြိုးစား ကြည့်၊**

တစ်ခါတစ်ရံ လက်ထဲရှိတဲ့ချမ်းသာတွေ ပျောက်သွားတယ်၊ သို့သော် အားငယ်ပြီး ငြီးတွား

မနေဘူး၊ ငါ့မှာလမ်းကြောင်းရှိတယ်၊ စစ်မှန်တဲ့စွမ်းအားတွေကို ရအောင်ယူနိုင်တယ်ဆိုပြီးတော့ အားတင်းပြီးကြိုးစားတယ်၊ ဆင်းရဲနောက်က ချမ်းသာကို မြင်ထားပြီးသား၊ ဝမ်းသာအားရ ကြိုးစားအားထုတ်ပြီးတော့နေတယ်။

လောကမှာ ဘာမှမသိကြတဲ့ ကျွဲတွေ၊ နွားတွေ၊ မြင်းတွေကြည့်ပါလား၊ "ဟေ့ ကျွဲတို့ နွားတို့ မြင်းတို့ ကြိုးစားကွ၊ ကြိုးစားကွ၊ မင်းတို့ ဆင်းရဲနောက်မှာ ချမ်းသာရှိတယ်ဟေ့"လို့ သူတို့ကို သွားအားပေးရင် အလကားပဲပေါ့၊ သူတို့ဘာမှသိတာမှ မဟုတ်ပဲ။

မိမိတို့မှာတော့ အသိတရားလေးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေဖြစ်တော့ ဉာဏ်မျက်လုံးတပ်ပေးရုံလေးပဲ၊ သတိအထိန်းလေး တပ်ပေးရုံလေးပဲ၊ နေ့စဉ်နေ့စဉ်အားထုတ်တဲ့ အထဲမှာ စွမ်းအားလေးတွေ ထည့်ပေးလိုက်ရုံလေးပဲ။

အားထုတ်တယ်ဆိုတာ (၂)မျိုးရှိတယ်၊ အားတွေကို ဘေးထုတ်ပစ်တာက တစ်မျိုး၊ အားတွေကို ထုတ်ယူထားလိုက်တာက တစ်မျိုး။

သတိပညာချိန်သီးပါရင် အားကိုထုတ်ယူထားလိုက်တာ၊ ဒီ ပုဂ္ဂိုလ်အတွက် ဆင်းရဲနောက်မှ

ချမ်းသာတွေဟန်းစီနေကြတယ်၊ သတိပညာကင်း လွတ်တဲ့ ပုဂ္ဂိုလ်များရဲ့ အားထုတ်မှုကျတော့အား တွေကို ဘေးကိုထုတ်ပစ်ခြင်းသာဖြစ်တယ်၊ အားကို ထုတ်ယူမထားလိုက်ဖူး။

အဲသလိုဆိုတော့ သာသနာနဲ့တွေ့ကြုံတဲ့ ပုဂ္ဂိုလ်များဟာ ဘာပဲလုပ်လုပ် ဆင်းရဲနောက်က ချမ်းသာတွေကို ရအောင်ယူမယ်၊ ဆင်းရဲဆိုတာ စကားအနေနဲ့သာပြောတာ၊ ကိုယ်က ဉာဏ်မျက် လုံးတပ်ပြီးပြီ၊ ချမ်းသာအတွက် အရင်းအနှီးစိုက် တာလို့ ဉာဏ်နဲ့မြင်တဲ့ပုဂ္ဂိုလ်များ ပျော်ကြတာပေါ့။

* * *

# ကိုယ့်အကြောင်းကိုယ်သိမှ

*** လမ်းမှန်ကြိုးစား၊ စိတ်တင်းထား၊ လူသားဓာနည်ပီသ၏၊**

လမ်းမှန်အတိုင်း အားတင်းပြီးတော့ ကြိုးစား နိုင်တဲ့ပုဂ္ဂိုလ်ဟာ တကယ့်လူသား အာဇာနည်၊ ဘာမှမဟုတ်တဲ့ ဆင်းရဲဒုက္ခလေးကို ငြီးတွားပြီး

အချိန်ဖြုန်းနေကြရင် အဲဒါ လူသားအဘောနည် မဟုတ်ဖူး။

ဒါကြောင့် လောကမှာအရေးအကြီးဆုံးက တော့ ကိုယ့်အကြောင်းကိုယ်သိဖို့ အရေးအကြီး ဆုံးပဲ၊ ကိုယ့်အကြောင်းကိုယ်သိမှ ကိုယ့်အလုပ် ကိုယ်လုပ်နိုင်ကြမယ်၊ ကိုယ့်အကြောင်းကိုယ်သိမှ ကိုယ့်လမ်းကိုယ်သွားနိုင်ကြမယ်၊ ကိုယ့်အကြောင်း ကိုယ်သိမှ ကိုယ့်နေရာကိုယ်နေတတ်မယ်၊ အဲဒါ မှ စွမ်းအားရကြမှာပါ။

ဒါကြောင့် ယခု အသိဉာဏ်ရှိတဲ့အတိုင်း ကိုယ့်အလုပ်ကိုယ် လုပ်နေကြတာ၊ လူတိုင်းလူတိုင်း အလုပ်လုပ်နေကြတာပဲ၊ အလုပ်လုပ်ဖို့များ အထူး ပြောဖို့လိုသေးလားလို့ မေးစရာရှိတယ်။

* * *

## ဉာဏ်မျက်လုံးမရှိရင်

ဉာဏ်မျက်လုံးကောင်းသူနဲ့ ဉာဏ်မျက်လုံးမရှိသူ၊ အလုပ်ချင်းပင် တူသော်လဲ စွမ်းအားကျတော့ မတူကြပါ၊ ရလဒ်ကျတော့ မတူကြပါ။

ဉာဏ်မျက်လုံးမရှိရင် ထမင်းစားဖို့အလုပ်လုပ်တာလို့ သူအဖြေပေးမယ်။

"ဘာလုပ်ဖို့ ခင်ဗျား အလုပ်လုပ်လဲဗျ"

"ထမင်းစားဖို့လို့ဗျ၊ ကျွေးစရာတွေကအများကြီး၊ အလုပ်မလုပ်ရင် ထမင်းစားရမှာမဟုတ်ဖူးဗျာ"

သူက မဆုံးနိုင်တဲ့စကားတွေ သွားဖြေမယ်၊ တရားမျက်လုံး ကောင်းတဲ့ပုဂ္ဂိုလ်ကျတော့ အလုပ်လုပ်ဖို့ ထမင်းစားတယ်လို့ အဖြေပေးတယ်၊

အလုပ်လုပ်ဖို့ထမင်းစားတာ၊ အလုပ်လုပ်ဖို့ ခန္ဓာကိုကျွေး တာ၊ သူ့အတွက် အမြတ်တွေချည်းပဲ၊ သူရသမျှ စီးပွားဥစ္စာဟာ တရားအတွက်ချည်းပဲ၊ သူ့ရဲ့ စားဝတ်နေရေးအလုပ်တွေဟာ တကယ့် နိဗ္ဗာန်ရောက်ကြောင်းတွေချည်းပဲ၊ သူ့ရဲ့ စီးပွား အလုပ်မှန်သမျှဟာ သီလ, သမာဓိ, ပညာသိက္ခာ (၃)ပါးလမ်းကြောင်းပေါ် ရောက်နေပြီဆိုတော့ ဆင်းရဲနောက်ကချမ်းသာတွေ တန်းစီလို့၊ အများ တကာလုပ်နေတဲ့ အလုပ်ပင်ဖြစ်သော်လဲ သူ့မှာ အသိဉာဏ်ကသာနေတော့ ရလဒ်ကသာမှာ သေ ချာပြီးသားပါ။

* **ချမ်းသာငယ်ကို၊ မစွန့်လိုပါ၊**
**တွယ်တာဖက်ထား၊ အပျင်းပွား၊**
**နောက်များကြာဆင်းရဲ၏၊**

* **ချမ်းသာကိုဖက်၊ တွယ်တာဖက်လဲ၊**
**အလုပ်လွဲ၊ ဆင်းရဲနောက်မှာရှိ၊**

* **ရဲဝန့်ပြင်းထန်၊ လမ်းမှန်အလုပ်၊**
**စွမ်းအားထုတ်က၊ ဒုက္ခအများ၊**
**တွေ့ရငြားလည်း၊ ဆင်းရဲနောက်မှာ၊**
**မြတ်ချမ်းသာ၊ စောင့်ကာကြိုလျက်ရှိ၊**

*** ချမ်းသာကင်းပျောက်၊ ဆင်းရဲရောက်မူ၊**
**အပူမပွား၊ မငြီးတွားပဲ၊**
**စိတ်အားတင်းကာ၊ နည်းလမ်းရှာ၊**
**ချမ်းသာရအောင် ကြိုးစားကြည့်၊**
*** လမ်းမှန်ကြိုးစား၊ စိတ်တင်းထား၊**
**လူသားစာနည်ပီသ၏၊**

ဒါကြောင့် ဒုက္ခသ–သိက္ခာ(၃)ဖြာ ကျင့်စရာကို၊ ကောင်းစွာကြိုးပမ်း၊ လုံ့လစွမ်းကြောင့်၊ ပင်ပန်းအစ၊ ဆင်းရဲမှု၏၊ အနန္တရ– အခြားမဲ့၌၊ သုခ–လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ အံ့သြစရာသည်၊ အတ္တိ–ဆင်းရဲ၏နောက်၊ ချမ်းသာရောက်ကာ၊ ကောင်းစွာမသွေ၊ ထင်ရှားရှိနေပါပေသတည်း။

* * *

# ပစ္စည်းဆိုတာ ဘုံဆိုင်

ရှိနေတာတော့အမှန်ပဲ၊ ဒီရှိနေတာကို သိဖို့လိုတယ်၊ ရှိနေတာကိုသိမှာသာလျှင် ကြိုးကြိုးစားစားနဲ့ စွမ်းအားကိုထုတ်ပြီးတော့ ရအောင်ယူမယ်။

ဒါကြောင့် သာသနာနဲ့တွေ့ကြုံခိုက်၊ မိမိတို့မှာ သုံးလို့ဖြစ်တဲ့ဘဝကောင်း ရနေကြတယ်။

လောကမှာ ကံအကောင်းဆုံးလူ ဘယ်သူလဲလို့ ရှာစမ်းကြည့်ပါ၊ ဗုဒ္ဓရတနာနဲ့တွေ့တဲ့ လူဟာ လောကမှာ ကံအကောင်းဆုံးလူပဲ၊ ဉာဏ်ဝီရိယ စိုက်ဖို့ပဲ လိုတော့တယ်၊ ကံကတော့ အကောင်းဆုံးဖြစ်နေပြီ။

ဓမ္မရတနာနဲ့တွေ့တဲ့လူဟာ လောကမှာ ကံအကောင်းဆုံးလူပဲ၊ လောကမှာ ထီပေါက်တဲ့သူတွေ ဝမ်းသာကြမှာပေါ့၊ သိန်းရာပေါင်းများစွာ ချိုပြီး ထီပေါက်သူတွေ ဝမ်းသာကြမှာပါ။

သိန်းပေါင်းများစွာတန်တဲ့ ပတ္တမြားရတနာစတဲ့ ရတနာတွေရတဲ့ သူတွေ ဝမ်းသာကြမှာပေါ့၊ စီးပွားရေး တစ်ဟုန်ထိုးတက်တဲ့သူတွေ ဝမ်းသာကြမှာပေါ့၊ ဒို့တစ်သက်တော့ သုံးလောက်ပြီဟဲ့လို့ ဆိုပြီးတော့ ဝမ်းသာကြလိမ့်မယ်။

သို့သော် ဒါတွေဟာ တစ်ဘဝပဲကျေးမှာပါ၊ ကိုယ့်ကို တစ်ဘဝပဲကျေးနိုင်မယ်၊ ဒါတောင် မသေချာပါဘူး၊ ပစ္စည်းဆိုတာ ရန်သူမျိုးငါးပါးနဲ့ဆက်ဆံတယ်၊ ပစ္စည်းဆိုတာ ဘုံဆိုင်လေ။

တစ်သိန်းရရင် တစ်သိန်းသုံးရတော့မယ်လို့ ဝမ်းသာထားပေမယ့် တစ်သိန်းတန်ရန်သူ နောက်ကလိုက်နေတယ်၊ တစ်သိန်းတန်ပူပန် ကြောင့်ကျမှု ပိုင်းနေတယ်၊ တစ်သိန်းတန်ဒုက္ခ ရှိတယ်၊ ဒီတစ်သိန်းကြောင့် ကိုယ်ဒုက္ခမရောက်ဖူးလို့လဲ ဘယ်လိုမှ ပြောမဖြစ်ဖူး။

* * *

# ဗုဒ္ဓထိပေါက်သူတွေ

ဗုဒ္ဓထိပေါက်သူတွေ၊ ဗုဒ္ဓမဲပေါက်သူတွေ၊ ဓမ္မထိပေါက်သူတွေ၊ ဓမ္မမဲပေါက်တဲ့သူတွေ၊ ကသိုလ်ထိပေါက်တဲ့သူတွေ၊ ကသိုလ်မဲပေါက်တဲ့သူတွေ ဝမ်းသာမှုကို ခန့်မှန်းကြည့်စမ်း။

ခုန ကိုယ့်အကြောင်း ကိုယ်သိတဲ့လူတွေ၊ ကိုယ့်လမ်းကိုယ်သွားတတ်တဲ့လူတွေ၊ ကိုယ့်အလုပ်ကိုယ်လုပ်နိုင်တဲ့ လူတွေ၊ ကိုယ့်နေရာကိုယ်နေနိုင်တဲ့သူတွေရဲ့ဝမ်းသာမှုကို ခန့်မှန်းကြည့်စမ်းပါ။

ဒီဘဝကစပြီး နိဗ္ဗာန်မရောက်မချင်း သံသရာ တစ်လျှောက် အဝကျွေးပြီးတော့ထားမယ်၊ အားအကောင်းဆုံးအင်အားကိုပါ ရပြီဟဲ့ဆိုပြီးတော့ ဝမ်းသာလိုက်တာ၊ ခုန ထိပေါက်တဲ့သူတွေ သုံးတတ်မှ တစ်ဘဝသာ အဝကျွေးမှာ၊ ဒါတောင် မသေချာလှ။

ယခုလို ဘုရား၊ တရား ထိပေါက်တဲ့သူတွေ၊ ကုသိုလ်ကံကောင်းတဲ့ ပုဂ္ဂိုလ်တွေ ကုသိုလ်ထိပေါက်တဲ့သူတွေကျတော့ ဒီဘဝကစပြီးတော့ နိဗ္ဗာန်မရောက်မချင်း အောက်ကိုလဲ မရောက်ရအောင်၊ လမ်းလဲမချော်ရအောင်၊ အပူမျိုးစုံလဲကင်းအောင်၊ လိုတာလဲအကုန်ရအောင်၊ ရောက်လိုရာလဲ အားလုံးရောက်အောင် သယ်ဆောင်သွားမယ်၊ ကိုယ့်ကို သံသရာတစ်လျှောက်၊ နိဗ္ဗာန်အရောက် အဝကျွေးပြီးထားမယ့် အားအကောင်းဆုံး တရားရတနာကောင်းကိုတော့ ဒို့ရပြီဆိုပြီး ဝမ်းသာလိုက်ကြရတာတွေ၊ ယခုပရိသတ်အပေါင်းသူတော်ကောင်းတွေလဲ ဝမ်းသာကြမှာပါ။

* * *

## ပညာရှိများကဲ့ရဲ့သော စကား(၂)ခွန်း

သာသနာနဲ့တွေ့လျက်သားနဲ့ စွမ်းအားကို မယူနိုင်သူများကို ပညာရှိများက ကဲ့ရဲ့ရှုံ့ချကြတယ်၊ စကား(၂)ခွန်းနဲ့ ကဲ့ရဲ့ကြတယ်။

ပထမတစ်ခွန်းက

"သင်အသက်ရှင်တာကြီးကလဲ စက်ဆုပ်စရာကောင်းလိုက်တာ၊ ကိုယ်ကတော့ အသက်ကို တွယ်တာလွန်းလို့ ကျွေးလိုက်တာ၊ ဘယ်လောက်ပဲ ကျွေးကျွေး သူကကိုယ့်ကို ဘာမှလဲမတုံ့ပြန်ပါလား၊ ကိုယ့်ကို စွမ်းအားရအောင်လဲ ဘာမှမလုပ်ပါလား၊ ဒါကြောင့် သင်အသက်ရှင်တာ အောက်ဆွဲပုံစံကြီးနဲ့၊ နောက်ဆွဲပုံစံကြီးနဲ့၊ အပူမျိုးစုံနဲ့ ရောသွားနေတာမို့ စက်ဆုပ်စရာကောင်းတဲ့ အသက်ရှင်ခြင်းပဲ"

နောက်တစ်ခွန်းက

"ရုပ်အသက်၊ နာမ်အသက်လေးက ရှိနေတော့ အသက်ရှင်တယ်လို့တော့ ပြောလို့ဖြစ်တာပေါ့လေ၊ သို့သော် အသေကောင်ကြီးနဲ့ဘာထူးသေးလို့လဲ၊ စွမ်းအားကိုလဲမယူနိုင်၊ အပူငြိမ်းအောင်၊ ချမ်းသာအောင် စွမ်းအားကိုလဲ မယူနိုင်၊ ခန္ဓာကိုလဲ အဖိုးတန်အောင်မသုံးနိုင်၊ ဘယ်လောက်ကျွေးကျွေး အိုမြဲအိုလျက်၊ နာမြဲနာလျက်၊ သေတဲ့ဘက်ကို အမြဲသွားနေတယ်ဆိုတော့ ဘာထူးလဲ၊ တရားနဲ့အသက်ရှင်တာ မဟုတ်ဖူးဆိုရင် အသေကောင်နဲ့အတူတူပါပဲ"လို့ ကဲ့ရဲ့ပြစ်တင်စကားပြောကြတယ်။

တကယ်လို့များ တရားနဲ့အမြတ်ထုတ်တတ်တဲ့ ပုဂ္ဂိုလ် ခုနပြောတဲ့ မအားတဲ့အလုပ်မှန်သမျှ တရားအလုပ်ပေါ့၊ လက်ထဲမှာကိုင်ထားတာအကုန်လုံးဟာ ကုသိုလ်ထုပ်တွေချည်းပဲပေါ့၊ ဆင်းရဲနောက်မှာ ချမ်းသာရှိတယ်၊ သာသနာတွင်းမှာ ဆင်းရဲတာမှန်သမျှ ချမ်းသာအတွက်ချည်းပဲလို့မြင်ထားတဲ့ပုဂ္ဂိုလ်တွေကျတော့ တရားကို ဖြစ်တဲ့နည်းနဲ့ စွမ်းအားတွေယူကြတာပဲ။

* * *

## ပညာရှိများချီးမွမ်းသော
## စကား(၃)ခွန်း

တရားစွမ်းအားယူနိုင်သူများကိုတော့ စကား (၃)ခွန်းနဲ့ ချီးမွမ်းကြတယ်။

(၁) သင်ရဲ့ အသက်ရှင်ခြင်းဟာ သိပ်ပြီးတော့ အဖိုးတန်တာပဲ၊ ကောင်းသောအသက်ရှင်ခြင်း၊ သင်တစ်ယောက် လောကမှာ အသက်ရှင်နေရင် သင့်မိသားစုလည်း လှနေမှာပေါ့၊ သင်တစ်ယောက်ကို အကြောင်းပြု၍ ရပ်ကွက်အတွင်းမှာ၊ မြို့နယ်အတွင်းမှာ၊ နိုင်ငံအတွင်းမှာလည်း လှနေမှာပဲ၊ သင်တစ်ယောက်အသက်ရှင်ခြင်းကြောင့် သာသနာအတွင်းမှာ အဖိုးတန်လိုက်တာကွယ်၊ သင့်ရဲ့ အသက်ရှင်ခြင်းဟာ သိပ်ပြီးအဖိုးတန်တဲ့၊ ကောင်းမြတ်တဲ့ အသက်ရှင်ခြင်းပဲ၊ (တရားနဲ့တွဲတဲ့ အသက်ရှင်မှုကို ပညာရှိတွေ ချီးမွမ်းတယ်။)

(၂) သင်လိုလူမှ လူဖြစ်တယ်လို့ခေါ်တာ၊ အိုထုပ်, နာထုပ်, သေထုပ်ကြီးကို အိုစာ, နာစာ, သေစာကျွေးရုံလေးနဲ့ လူဖြစ်တယ်လို့ မခေါ်သေးဘူး၊ လူ့စွမ်းအားကိုရအောင်ယူနိုင်မှ၊ ခန္ဓာနဲ့ပစ္စည်းကို၊ အချိန်ကိုအကွက်စေ့အောင်၊ စွမ်းအားပေါ်အောင် သုံးနိုင်မှ၊ အဲဒါမှ လူဖြစ်ရကျိုးနပ်တယ်၊ သင်ဟာ လူဖြစ်ကျိုးနပ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါလား၊ သင်ကဲ့သို့သောသူတစ်ယောက်ရှိနေရင် ပတ်ဝန်းကျင်၊ လောက၊ သာသနာအတွက် တန်ဖိုးတွေ ဆုံးဖြတ်လို့မရနိုင်အောင် သိပ်ပြီးအဖိုးတန်တယ်။

(၃) ဘုရားဟာ သင့်အတွက်ပွင့်လာတာ၊ လောကမှာ ဘုရားနဲ့တွေ့တဲ့လူ၊ ဘုရားမဲ့ပေါက်တဲ့သူက ကံအကောင်းဆုံး၊ သင့်အတွက် ဘုရားပွင့်လာတာ၊ သင်ဟာ ဘုရားနဲ့ထိုက်တန်လိုက်တာကွယ်၊ ဘုရားကလဲ သင်နဲ့ ထိုက်တန်လိုက်တာလို့ ချီးမွမ်းစကားပြောကြတယ်။

* * *

# ဘယ်တိုင်းပြည်နဲ့မှ
# အလိုက်ပေးမလဲနိုင်တဲ့ မြန်မာပြည်

ဒါကြောင့် လူဘဝရခိုက်မှာ လူ့စွမ်းအားကို ယူနိုင်ဖို့ လိုအပ်တယ်ပေါ့၊ ဆင်းရဲနောက်မှာ ချမ်းသာရှိတယ်လို့သိတဲ့ ပုဂ္ဂိုလ်တွေက သာသနာကိုမှီပြီးတော့ စွမ်းအားကို ကြိုးစားပြုလုပ် အားထုတ်ကြတယ်။

အားရစရာကောင်းတာက စိတ်ကောင်းထုတ်လုပ်တဲ့ သာသနာဆိုတဲ့စက်ကြီး၊ စိတ်သန့်စင်တဲ့စက်ကြီး၊ စိတ်အပူတွေ အအေးခံတဲ့စက် ကြီး၊ အဲဒီစွမ်းအားနဲ့ တွေ့နေရတာကိုက လောကမှာ ဘာရလို့ ဝမ်းသာတာနဲ့မှ မတူပါဘူး။

F7A

မြန်မာပြည်ကို ဘယ်တိုင်းပြည်နဲ့မှ ဘယ်လောက်အလိုက်ပေး မလဲနိုင်ဘူးဆိုတာ သာသနာကြောင့်ပြောတာ၊ စိတ်ချမ်းသာအောင် နေနည်း၊ ရှုပ်တဲ့စိတ်တွေရှင်းပေးနည်း၊ ပူတဲ့စိတ်တွေ အေးအောင်လုပ်နည်း၊ ညစ်နွမ်းနေတဲ့စိတ်ကို သန့်စင်အောင်ဆေးကြောနည်းတွေဟာ ကမ္ဘာမှာ ဘယ်တိုင်းပြည်မှာမှမရှိဘူး၊ မြန်မာပြည်မှာသာ အဲဒီနည်းတွေက အပြည့်အစုံရှိတာ။

ဒါကြောင့် ကမ္ဘာမှာ ပျော်စရာအကောင်းဆုံးဟာ တကယ်တော့ မြန်မာပြည်ဖြစ်တယ်၊ စွမ်းအားကို ရအောင်ယူနိုင်ကြတယ်၊ ဘယ် တရားမဆို အချိန်မရွေး ထ,လုပ်နိုင်တယ်။

* * *

F 7B

# ကိလေသာသည် ဘယ်သူ့ကိုမှ မျက်နှာမလိုက်

ပုထုဇဉ်မှာ ကိလေသာဆိုတာ ရှိတာပဲ၊ ကိလေသာဆိုတာ တရားအထိမ်းလွတ်သလောက် လောင်တာပဲ၊ ဘုန်းကြီးသန္တာန်မှာ ကိလေသာ ဖြစ်ရင် ဘုန်းကြီးလောင်တာပဲ၊ လူသန္တာန်မှာ ကိလေသာဖြစ်ရင် လူလဲလောင်တာပဲ။

ဗုဒ္ဓဘာသာမဟုတ်တဲ့လူတွေ သန္တာန်ကိလေသာ ဖြစ်ရင်လဲ ဗုဒ္ဓဘာသာမဟုတ်တဲ့လူလဲ လောင်တာပဲ၊ ဗုဒ္ဓဘာသာတွေရဲ့သန္တာန်မှာ ကိလေသာဖြစ်ရင်လဲ တရားအထိမ်းလွတ်သလောက်၊ ဗုဒ္ဓဘာသာတွေလဲ လောင်တာပဲ၊ ကိလေသာသည် ဘယ်သူ့ကိုမှ မျက်နှာမလိုက်၊ လောင်တာချင်းတော့ အတူတူပဲ၊ သို့သော် ငြိမ်းပုံကွာတယ်။

သာသနာနဲ့တွေ့တဲ့သူ တစ်ပမ်းသာတယ်ဆိုတာ အဲဒါပြောတာ၊ လောင်တာချင်းတော့အတူတူပဲပေါ့၊ ငြိမ်းပုံကွာတယ်၊ ကိုယ်က ငြိမ်းနည်းသိထားတယ်၊ ဒီလောကမှာ ဒုက္ခထွက်ပေါက် ဒီတစ်ပေါက်ထဲပဲရှိတယ်ဆိုတာလဲ ကိုယ်က ပြတ်ပြတ်သားသား သိထားပြီးသား။

ဆင်းရဲနောက်မှာ ချမ်းသာရှိပါတယ် ပြောရဲတာလဲ ဒီတစ်ပေါက်ကို မြင်ထားလို့ပြောတာ၊ လောကမှာ ဒုက္ခထွက်တဲ့အပေါက်သည်မဇ္ဈိမပဋိပဒါ ခေါ်တဲ့ သိက္ခာ(၃)ပါးဆိုတဲ့ လမ်းပေါက်တစ်ပေါက်ထဲသာ ရှိတယ်၊ ဒီပြင်အပေါက်က သွားထွက်လို့ ဘယ်အပေါက်မှ ဒုက္ခမလွတ်ပါ။

အပူငြိမ်းစေနိုင်တာလဲ ဒီလမ်းကြောင်း ဒီလမ်းစဉ်ပဲရှိတယ်၊ ဒါကြောင့် လောင်ကြတဲ့အခါမှာ ငြိမ်းပုံချင်းကွာကြတယ်။

* * *

# ဗုဒ္ဓသာသနာလမ်းစဉ်နဲ့လေ့လာမှု

သာသနာနဲ့မတွေ့တဲ့ ပုဂ္ဂိုလ်တွေကျတော့ စိတ်ညစ်ပြီ၊ စိတ်ရှုပ်ပြီ၊ စိတ်ပူပြီဆိုရင် ထွက်ပေါက်ရှာတော့တာပဲ၊ ထွက်ပေါက်ရှာတော့ သာသနာနဲ့လဲမတွေ့၊ စိတ်သန့်စင်တဲ့စက်ကြီးရှိမှန်းလဲမသိ၊ စိတ်ကောင်းထုတ်လုပ်တဲ့စက်ကြီးရှိမှန်းလဲမသိ၊ စိတ်အပူအအေးခံတဲ့စက်ကြီး ရှိသားပဲလို့ နားမလည်၊ ကိုယ့်အကြောင်းကိုယ်နားလည်အောင် လေ့လာတဲ့အပိုင်းမှာ အများကြီးလိုနေတာ သေချာပြီပေါ့။

လောကမှာ ခေတ်ပညာတွေသိပ်ပြီးတော့ တိုးတက်နေကြပါတယ်၊ အံ့ဩစရာကောင်းအောင်လဲ ကောင်းကျိုးပြုကိစ္စတွေကို ဆောင်ရွက်နိုင်ကြပါတယ်၊ သို့သော် အများအားဖြင့် ဗဟိဒ္ဓမှာ သိအောင်လုပ်နေကြတာပါ၊ အဇ္ဈတ္တမှာသိအောင် လေ့လာတဲ့အပိုင်းမှာ အများကြီး ကျန်ပါသေးတယ်။

အနတ္တ(ကိုယ့်)အကြောင်းကိုယ်သိအောင် လေ့လာတဲ့အပိုင်းမှာ ဗုဒ္ဓသာသနာလမ်းစဉ်နဲ့ လေ့လာမှ ပြည့်စုံပါလိမ့်မယ်၊ ဒါကြောင့် ဒုက္ခ ထွက်ပေါက် တစ်ပေါက်ထဲရှိတာကို မြင်ထားလို့ ဆင်းရဲနောက်မှာ ချမ်းသာရှိတယ်ဆိုတာ အတပ် ပြောရဲတယ်၊ ဒါကြောင့် ငြိမ်းပုံကွာတယ်။

သာသနာနဲ့မတွေ့တဲ့ ပုဂ္ဂိုလ်တွေကျတော့ အရက်သောက်မယ်ပေါ့၊ ဘိန်းရှူမယ်ပေါ့၊ အဲဒါ ထက်တတ်နိုင်ရင် အဆိပ်တွေသောက်မယ်ပေါ့၊ နိုင်ငံရပ်ခြား တိုင်းတပါးက အချို့ပုဂ္ဂိုလ်တွေ တိုက်အမြင့်ကြီးပေါ်တက် ခုန်ချမယ်ပေါ့၊ (ထွက် ပေါက်ရှာတာလေ) လောလောဆယ် ပူလောင် နေတာ သက်သာသွားအောင်လို့လေ။

သက်သာသွားမလားလို့ ထွက်ပေါက်ရှာ ကြည့်တာ ကြာလေဆိုးလေ၊ ကြာလေဆိုးလေပါပဲ၊ စိတ်သန့်စင်တဲ့စက်ကြီးနဲ့တွေ့တဲ့ ပုဂ္ဂိုလ် တွေဟာ ဘယ်တော့မှ ကယောင်ကတမ်း မလုပ်ပါ၊ ဒုက္ခသဿနန္တ ရှုံသုခံ၊ ဆင်းရဲဆိုတာ ချမ်းသာဖို့ပဲ၊ ဆင်းရဲတယ်ဆိုတာ ချမ်းသာအတွက် တွန်းအား တစ်ခုပဲ၊ အမြင်လေးရှင်းလာတော့ စိတ်ညစ်ရမယ့် အစား အားရှိလာတယ်။

"ဟော့လောကခံ၊ မင်းတွန်းအားပေးပေလို့ ငါ့အသိတရားရတာ၊ မင်းတွန်းအားပေးလို့ ငါ, ဘုရားလက်မလွှတ်နိုင်ဘူး၊ မင်းတွန်းအား များများ ပေးတဲ့အတွက် ဟာရားအလုပ်ကို များများကြီးလုပ်ရမှာပေါ့၊ ဒုက္ခတွေ့လေ ဘုရားကို ပိုသတိရလေ၊ ဒုက္ခတွေ့လေ တရားလက်မလွှတ်ချင်လေ" (သူ့မှာ ဒုက္ခထွက်ပေါက် တစ်ပေါက်ထဲရှိတာ ပြတ်သားစွာ မြင်ထားပြီးသား)

* * *

# ပူတာတွေငြိမ်းသွားတယ်

ဒါကြောင့် ငါ့စိတ်ကလေး ပူလိုက်တာဟယ်၊ ပုထုဇဉ်ဆိုတော့ ကိလေသာနဲ့ပူမှာပဲလေ၊ အိမ်ဦးခန်းမှာ စိတ်အပူအအေးခံတဲ့စက်ကြီး ရှိသားပဲ၊ ကြာကြာအပူခံလို့ ဘယ်ဖြစ်ပါ့မလဲ။

ဘုရားဂုဏ်တော်ပွားများခြင်း၊ မေတ္တာပွားများခြင်း၊ ထွက်လေဝင်လေရှုးစိုက်ပြီး ပွားများခြင်းစသည်ဖြင့် အာရုံအစားထိုးပြီး ငြိမ်းအေးစေတယ်၊

ဒါမှမဟုတ် ပူနေတဲ့စိတ်ကိုပဲ သတိပညာနဲ့လိုက်, စိုက်မှတ်ပြီးတော့ငြိမ်းအောင်လုပ်တယ်၊ ပူတာတွေ ငြိမ်းသွားတယ်၊ ဟန်ကျလိုက်တာ၊ ငါ့စိတ်ပူတယ် သိတာကိုက အမြတ်ပဲ၊ တချို့ ဘာကိုမှ မသိဘူး လေ၊ ကိုယ့်စိတ်ပူလို့ ပူမှန်းလဲမသိဘူး။

"ဟဲ့၊ ငါ့စိတ်တွေရှုပ်လှချည်လား၊ အိမ်ဦး ခန်းမှာ စိတ်သန့်စင်တဲ့စက်ကြီး ရှိတယ်လေ၊ စက်ထဲထည့်ဦးမှ"

အာရုံအစားထိုးကုစားနည်းနဲ့ ရှုပ်တဲ့စိတ် ကိုပဲ စူးစိုက်ရှုမှတ်နည်းနဲ့ သိက္ခာ(၃)ပါး လမ်း ကြောင်းခေါ်တဲ့ ဒုက္ခထွက်ပေါက်ကနေပြီး ထွက် လိုက်တာ ရှုပ်တဲ့စိတ်တွေ ရှင်းသွားတယ်။

"ဟဲ့- ငါ့စိတ်တွေညစ်လှချည်လား၊ အိမ်ဦး ခန်းမှာ စိတ်သန့်စင်တဲ့စက်ကြီးရှိသား၊ စက်ထဲ ထည့်လိုက်ဦးမယ်"

သတိဝီရိယတွဲပြီး ဘုရားဂုဏ်တော်ပွားများ ခြင်း စသည်ဖြင့် ညစ်တဲ့စိတ်ကိုပင် သတိဝီရိယ ဖော်ထုတ်၍ ပညာနဲ့တွဲ,ရှုမှတ်ပေးခြင်း စသည်ဖြင့် ညစ်တာကို ဆေးကြောလိုက်တာ့ ညစ်တာတွေ ရှင်းသွားတယ်။

ဩော်...စိတ်ညစ်တာတောင် သူ့အတွက် အမြတ်ပါပဲလား၊ ညစ်မှန်းသိတာကိုကအမြတ်၊ လောကမှာ ကိုယ့်စိတ်ကလေး ညစ်တာတောင်မှ ညစ်တယ်လို့ မသိကြဘူး။

* * *

## သာသနာ့ကျေးဇူးကြောင့်

လောကမှာ အရေးအကြီးဆုံးအလုပ်က ကိုယ့်အကြောင်းကိုယ်သိရမယ်၊ ကိုယ့်အကြောင်း ကိုယ် အပြည့်အစုံသိဖို့ဆိုရင် ဘုရားသာသနာအကူ အညီမပါဘဲ အကုန်သိဖို့မလွယ်ပါ။

ဒီလိုဆိုရင် ပရိသတ်အပေါင်း သူတော်ကောင်းတွေ ဘယ်လောက် ဂုဏ်ယူဖို့ကောင်းသလဲ၊ ကိုယ့်ကံအကြောင်း နားလည်အောင် လေ့လာ ခွင့်ရတယ်၊ ကိုယ့်ခန္ဓာအကြောင်းသိမြင်အောင် လေ့လာခွင့်ရတယ်။

လောကုတ္တရာဆိုတာရှိတယ်၊ ဒုက္ခလွတ်တဲ့နေရာ ဟာ နိဗ္ဗာန်ရောခသတ္တစ္စာ တစ်ခုထဲပဲရှိတယ်၊ ဒါမျိုးတွေလဲ သာသနာ့ကျေးဇူးကြောင့် သိခွင့်ရထားကြပြီ။

သာသနာရဲ့ကျေးဇူးကြောင့် ကိုယ်လုပ်သင့်တာတွေ လုပ်နိုင်ကြတယ်၊ ကိုယ့်လမ်းကိုယ်သွားတတ်ကြတယ်၊ သိက္ခာ(၃)ပါးလို့ခေါ်တဲ့ ကိုယ့်လမ်းကိုယ်ပဲ သွားကြတယ်၊ အပူငြိမ်းကြောင်း၊ ချမ်းသာကြောင်း၊ ကိုယ်ပိုင်တရားစွမ်းအားကိုရအောင်လဲ လုပ်နေကြတယ်၊ ပြုလုပ်အားထုတ်နေကြတယ်။

တရားအာရုံ (ကိုယ်ပိုင်အာရုံ)ဖြစ်တဲ့ ဒုက္ခ အပူငြိမ်းစေနိုင်တဲ့ ချမ်းသာအစစ်ကိုရစေနိုင်တဲ့ ကိုယ့်နေရာကိုယ် နေတတ်ကြတယ်၊ တောင်းတာက ချိန်သီးနဲ့လက်တံ၊ သတိပညာချိန်သီးကောင်းရင် သဒ္ဓါဝီရိယလက်တံ ပုံမှန်လည်ပတ်၊ ဆင်းရဲနောက်ကချမ်းသာတွေ တန်းစီပြီးတော့ လာတယ်။

* * *

# အောက်ခြေလွတ်ကုန်တယ်

ဘုရားလက်ထက်တုန်းက သာဝတ္ထိမြို့မှာ သူဌေးကြီးဇနီးမောင်နှံတို့ရှိတယ်၊ သူဌေးကြီးကတော့ နာမည်မထင်ရှားလှဘူး၊, သူဌေးကတော်ကြီးက နာမည်ကြီးပေါ့၊ မြန်မာနာမည်နဲ့ဆိုရင် ဒေါ်ကြွယ်လို့ ခေါ်ရမယ်၊ ပစ္စည်းတွေ ကြွယ်ဝလွန်းလို့ပါ။

အတိတ်ကုသိုလ်ကံကလဲကောင်း၊ ပစ္စုပ္ပန်ဉာဏ်ဝီရိယကလဲ စိုက်ထုတ်မှုကအားကောင်းတော့ ပစ္စည်းတွေသိပ်ပေါ။

သားသမီးကလဲပေါလိုက်တာ၊ ၁၄-ယောက် တောင်ရှိတယ်၊ အခြံအရံပရိသတ်ကလဲ (မျက်နှာ က ကြီးတော့ ပစ္စည်းရဲ့မျက်နှာကြောင့်) သိပ်ပေါ၊ လောလောဆယ် ကျန်းမာရေးကလဲပြည့်စုံဆိုတော့ အောက်ခြေတွေလွတ်ကုန်တယ်လေ။

"ဒို့လောက်ချမ်းသာသူ လောကမှာ ဘယ် သူရှိသေးလို့လဲ"

အဲဒါ ကြောက်စရာကောင်းတာ၊ ကိုယ့် အကြောင်းကိုယ်မသိတဲ့သူတွေ အမြင်တိမ်းကုန် တာပေါ့၊ လောကမှာ အရေးအကြီးဆုံးက ကိုယ့် အကြောင်းကိုယ်သိရမယ်၊ အခု ကိုယ့်အကြောင်း ကိုယ်မသိလို့ အောက်ခြေလွတ်ကုန်တယ်။

"ဒို့လောက်ချမ်းသာသူ ဤလောကမှာ ဘယ်သူရှိသေးလို့လဲ၊ ဒို့အချမ်းသာဆုံးပဲ"

သူတို့က သူတို့ဟာသူတို့ ချမ်းသာတယ် ထင်နေကြတာ၊ ပစ္စည်းတွေကပေါ၊ အခြံအရံတွေ ကများဆိုတော့ လောကအတွင်း တင့်တင့်တယ် တယ် လိုလေသေးမရှိ ပြည့်ပြည့်စုံစုံနေရတယ်ပေါ့။

* * *

# ကိုယ့်အကြောင်းကိုယ်မသိလို့

ပစ္စည်းအားကိုး၊ ဆွေမျိုးအားကိုးနဲ့ ဒါတွေကို သူ(ဒေါ်ကြွယ်)က အမှာခံလုပ်၊ အထူးအားဖြင့် ဒေါ်ကြွယ်ကြီးက သူ့ဘဝ ခိုင်မြဲပြီထင်နေတယ်။

သူရဲ့အပေါင်းအဖော်တွေက အရွယ်ကောင်းစဉ်မှာ ဘုရားသွား ကျောင်းသွား တရားအလုပ်အားထုတ်ဖို့ သွားကြတဲ့အခါမှာ ခေါ်ကြတယ်။

"လာ...မကြွယ်၊ ဒီနေ့ဥပုသ်နေ့၊ ဥပုသ်သွားစောင့်ရအောင်"

"အို...ဥပုသ်စောင့်တာ အားကိုးရာမရှိတဲ့လူတွေရဲ့အလုပ်ပါ၊ ကျွန်မတို့မှာ အားကိုးရာ

အကုန်ရှိတယ်၊ သားသမီးတွေ အပြည့်အစုံ၊ အခြံအရံတွေအပြည့်အစုံ၊ ပစ္စည်းတွေ အပြည့်အစုံ၊ ကျွန်မတို့ ဥပုသ်စောင့်စရာမလိုပါဘူး၊ ဒါဟာ အားကိုးရာမရှိတဲ့သူတွေရဲ့ အလုပ်”

အဲဒါ ကိုယ့်အကြောင်းကိုယ်မသိလို့ ပြောတာ။

“လာ...တရားသွားနာရအောင်၊ ဘဝနေနည်းတွေ၊ ဘဝအသုံးချနည်းတွေ၊ သံသရာနှောင်ရေး စိတ်အေးစရာယူနည်းတွေ၊ အာရုံနဲ့စိတ်အဆင်ပြေအောင်နေနည်းတွေ စသဖြင့် အကွက်စေ့အောင် နေတတ် ထိုင်တတ် အသုံးချတတ်ဖို့ အသိတရားလိုတယ်၊ တရားသွားနာရအောင်”

“အို...တရားနာတယ်ဆိုတာ အားကိုးရာမရှိတဲ့သူတွေရဲ့အလုပ်ပါ၊ ကျွန်မတို့မှာ အားကိုးရာအကုန်ရှိတယ်၊ ပစ္စည်းတွေအပြည့်အစုံ၊ အခြံအရံပရိသတ်တွေအပြည့်အစုံရှိတယ်၊ တရားနာစရာမလိုပါဘူး၊ ဒါတွေဟာ အချိန်းဖြုန်းတဲ့အလုပ်တွေပါ”

ဒါဟာ ကိုယ့်အကြောင်းကိုယ်မသိလို့ ပြောတာပေါ့၊ သူဌေးကတော်ကြီး ဒေါ်ကြွယ် ကိုယ့်

အလုပ်လဲ ကိုယ်မလုပ်တတ်ဖူး၊ ကိုယ့်လမ်းလဲ ကိုယ်မသွားတတ်ဖူး၊ ကိုယ့်လမ်းကိုယ်သွားတတ်အောင် ခေါ်တာများ မျက်ခြည်တွေပြတ်ပြီး မျက်စိတွေလည်နေတယ်၊ ကိုယ့်နေရာလဲ ကိုယ်မနေတတ်ဖူး၊ သူ့အိမ်ထဲမိသားစုတွေနဲ့ သိုင်းသိုင်းဝိုင်းဝိုင်းနေတာ၊ သူ့နေရာသူနေတယ်လို့ သူကထင်မှာပေါ့။

အဲဒါနဲ့ ဥပုသ်စောင့်ခေါ်လဲမရ၊ တရားနာခေါ်လဲမရ...

"တရားသွားအားထုတ်ရအောင် မကြွယ်၊ ခန္ဓာအကြောင်းသိရတာပေါ့၊ စိတ်နဲ့အပူ ခွာနိုင်မယ်၊ အပူငြိမ်းမယ်"

"အို...တရားအားထုတ်တာ အားကိုးရာမရှိတဲ့သူတွေရဲ့ အလုပ်ပါ၊ ကျွန်မဟို့မှာ အားကိုးရာအကုန်အပြည့်အစုံရှိတယ်၊ တရားအားထုတ်စရာမလိုပါဘူး၊ ဒါဟာ အချိန်ဖြုန်းတဲ့အလုပ်တွေပါ"

ဒါဟာ ကိုယ့်အကြောင်းကိုယ်မသိလို့ ပြောတာပေါ့၊ ကိုယ့်အကြောင်းကိုယ်မသိလို့ ပြောတာဆိုရင်

*** ချမ်းသာငယ်ကို၊ မစွန့်လိုပါ၊**
**တွယ်တာဖက်ထား၊ အပျင်းပွား၊**
**နောက်များမကြာဆင်းရဲ၏”**

...ဆိုသလို သူ့နောက်ကဆင်းရဲကို သူ မမြင်လို့ လျှောက်ပြောနေတာ။

* * *

# လူ့ချမ်းသာ

တကယ်ဆို လူ့စည်းစိမ်ချမ်းသာဟာ နတ်ဗြဟ္မာတွေနဲ့ယှဉ်လိုက်ရင် ဘာမှ အရေအတွက်ပြုလောက်စရာမရှိပါဘူး၊ လူ့ချမ်းသာဟာ အပါယ်ဘုံနဲ့စာရင် သက်သာလို့ ချမ်းသာလို့ပြောတာ၊ နတ်ဗြဟ္မာတွေနဲ့ယှဉ်ကြည့်ရင် စကားတစ်ခုလုပ်လောက်တဲ့ ချမ်းသာမဟုတ်ပါ။

ဒီ ဘာမှမဟုတ်တာလေးကို ကိုယ်က လက်မလွှတ်ပဲနဲ့ သက်သာခိုနေရင် နောက်ကဆင်းရဲတွေဟန်းစီလာလိမ့်မယ်၊ အဲဒါကို ဒေါကြွယ်မမြင်လို့ပြောတာ။

ဘယ်ကုသိုလ်မှ မည်မည်ရရမလုပ်၊ ဘယ်ကုသိုလ်မှ စည်းရုံးလို့မရ၊ သူက သူ့ရဲ့မိသားစုအသိုင်းအဝိုင်း၊ သူ့ရဲ့ပစ္စည်းအင်အားတွေကို ထုနဲ့ထည်နဲ့၊ အင်နဲ့အားနဲ့ ဘယ်တော့မှ မပြိုကွဲတော့ဘူးလို့ မြင်ထားပါတယ်၊ အဲဒါ ကိုယ့်အကြောင်းကိုယ်မသိလို့ အမြင်မှားနေတာပေါ့။

အဲဒါနဲ့ တစ်စ,တစ်စ အရွယ်ကြီးလာလိုက်တာ၊ တတိယအရွယ်ရောက်သွားပြီ၊ သားသမီးတွေကလဲ ကြီးပြင်းကြလို့ အများအားဖြင့် အိုးအိမ်တွေ တောင် ခွဲနေကြပြီ။

တတိယအရွယ်ရောက်တော့ သူဌေးကတော်ကြီး ဒေါ်ကြွယ် အလွန်အားကိုးတဲ့ သူဌေးကြီးက ရောဂါနဲ့ ဖျတ်ကနဲဆို ကွယ်လွန်ပါလေရော၊ အဲဒီအခါကျမှ ဒေါ်ကြွယ်တစ်ယောက် ခြေမကိုင်မိ၊ လက်မကိုင်မိ၊ အရူးတစ်ပိုင်းဖြစ်ရတော့တယ်၊ စောစောက ကိုယ့်အကြောင်းမှ ကိုယ်မသိပဲကိုး၊ သိအောင်လဲမလုပ်ခဲ့ပဲကိုး။

တရားနာသွားရအောင်ခေါ်တာကို တရားနာသွားဖို့ မလိုပါဘူး၊ အားကိုးစရာရှိတယ်ဆိုပြီး ကိုယ့်အကြောင်းကိုယ်သိအောင် မလုပ်ခဲ့တော့ အခု အရူးတစ်ပိုင်းဖြစ်ပြီ။

စောစောက ဒီအသိုင်းအဝိုင်းကြီး ဘယ်တော့မှ ပြိုကွဲမယ်လို့ မထင်ခဲ့မိ၊ ပူလိုက်တာ၊ ပူလိုက်တာ၊ ဘာနဲ့ငြိမ်းရမယ်ကို မသိတော့ဘူး၊ ဒုက္ခထွက်ပေါက်ကိုသူ မြင်မှမမြင်ပဲ၊ လောကမှာ

ဒုက္ခထွက်ပေါက် တစ်ပေါက်ထဲသာ ရှိတာကို ဒေါ်ကြွယ် သိမှမသိပဲဆိုတော့ မီးခဲကြီး ကိုင်ထားသလို ပူရောပေါ့။

မီးခဲကြီးပစ်ချရမှာ သူမသိဘူး၊ ကိုင်ထားတယ်၊ ပူလိုက်တာ၊ ဟိုနားသွားနေလဲ ပူတာပဲ၊ ဒီနားသွားနေလဲပူတာပဲ၊ အတွင်းကပူတာဆိုတော့ အိမ်အကျယ်ကြီးမှာ ဒေါ်ကြွယ် နေစရာတစ်နေရာမှမရှိ၊ ဘယ်နားသွားသွား ပူတာပဲ၊ ပူတာချည်းပဲ။

အဲဒါနဲ့ အအိပ်ပျက်၊ အစားပျက်၊ အနေပျက်၊ အထိုင်ပျက်နဲ့ လူကို ပုံပျက်ပန်းပျက်ဖြစ်လာတယ်။

* * *

# မြွေပူရာကင်းမှောင့်

အရေးထဲမှာမြွေပူရာကင်းမှောင့်၊ သားသမီးတွေက မအေကြီးထံဝိုင်းပြီး အမွေဝေပေးဖို့ ပူဆာကြပါလေရော၊ မအေကိုတန်ဖိုးမထားတဲ့ သဘောပေါ့။

"ကဲ...အမေ...အဖေလဲဆုံးသွားပြီ၊ အမေ မရှိကာမှဆိုရင် သားသမီး ၁၄–ယောက် အမွေလုပြီး ရန်ဖြစ်ကုန်ကြမယ်၊ အမေအသက်ရှိတုန်းမှာ အကုန်လုံးစိတ်အေးရအောင် ခွဲဝေပေးပါ၊ အမေ့အတွက်လဲ ထားစရာမလိုပါဘူး၊ သားသမီး ၁၄ ယောက်တောင်ရှိတာပဲ၊ တစ်လှည့်စီ အမေ့ကို ခေါ်ကျွေးကြမှာပါ၊ ပစ္စည်းဥစ္စာအားလုံး သားသမီးတွေအတွက် အမွေဝေပေးလိုက်ပါ"

မအေကြီးကလဲ သားသမီးတွေကို ယုံလိုက်ပုံမပြောနဲ့တော့၊ ကိုယ့်အတွက်တောင် ဝေစုမချန်တော့ဘူး၊ ပစ္စည်း ၁၂ စုရှိသမျှ အကုန်ခွဲ၊ သားသမီး ၁၂ ယောက်အတွက် အကုန်ဝေပေးလိုက်တယ်။

"ဟုတ်သားပဲ၊ ပစ္စည်းဆိုတာ လက်ထဲရှိရင် စောင့်ရှောက်ရမှာ တာဝန်ကြီးတယ်၊ ကိုယ့်သားသမီးတွေအများကြီးရှိသားပဲ၊သူတို့အိမ် တစ်လှည့်စီ သွားနေရုံပဲပေါ့"

သူ့တွက်ကိန်းနဲ့သူတော့ ဟုတ်လို့၊ အဲဒါ ကိုယ့်အကြောင်းကိုယ်မသိလို့၊ ကိုယ့်ဟာကိုယ် အထင်ကြီးနေတာ။

လောကမှာ အရေးအကြီးဆုံးက ကိုယ့်အကြောင်းကိုယ်သိဖို့လိုတယ်၊ ကိုယ်ဘာလုပ်ရမယ်ဆိုတာ သိဖို့လိုတယ်၊ ဘယ်လမ်းကိုသွားရမယ်ဆိုတာ သိဖို့လိုတယ်၊ ဘယ်နေရာနေရမယ်ဆိုတာ သိဖို့လိုတယ်၊ တရားနာတယ်ဆိုတာ ဒီ(၃)ခုသိဖို့ နာကြတာပဲ။

ဒေါ်ကြွယ်က ငယ်ငယ်ကတည်းက တရားတွေ ထွေးအန်လာခဲ့တာ၊ ဒါမလိုပါဘူးတဲ့၊ ကိုယ့်မှာ အားကိုးစရာတွေရှိတာ၊ ဒါတွေ ဘာလုပ်မလဲတဲ့၊ အခုမှ နဖူးတွေ့ဒူးတွေ့ တွေ့နေပြီကော။

သားသမီးတွေအတွက် အမွေ ၁၄ စု ခွဲပေးလိုက်လို့ အမွေရပြီလဲဆိုရော သားသမီးတွေက မအေကြီးကို တစ်ယောက်မှ လှည့်မကြည့်တော့၊ အကုန်သစ္စာဖောက်ကုန်တယ်၊ အကုန်စိမ်းကားကုန်တယ်။

စောစောပိုင်းက ပစ္စည်းမျက်နှာလေးနဲ့ ဟန်တော့လုပ်သေးတယ်၊ အခု သူ့လက်ထဲမှာ ပစ္စည်းမရှိတော့ သားသမီးတွေက အကုန်သူစိမ်းတွေဖြစ်ကုန်တယ်။

ဟိုသားသမီးအိမ်သွားလိုက်၊ ပြောင်လွှတ်လိုက်တယ်၊ ပြက်ရယ်ပြုလွှတ်လိုက်တယ်၊ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး အပြစ်ပြော ပြောင်လှောင်ပြက်ရယ်ပြု၊ ချွေးမနဲ့ သမက်တွေက ပိုဆိုး။

ပစ္စည်းမျက်နှာမှမရှိတော့ ဘယ်သူက အရေးစိုက်မှာလဲ၊ လေးစားစရာတရားက သူ့မှာ ဘာရှိတာမှတ်လို့၊ ငယ်ငယ်ကအစ 'မလိုပါဘူး၊ မလိုပါဘူး' လုပ်လာခဲ့တာ၊ အခုမှ တရားလိုအပ်မှန်းသူသိမှာပေါ့။

အဲဒါနဲ့ ဘယ်အိမ်ကိုပဲသွားသွား သူ့မှာမျက်နှာမရရှာတော့ဘူး၊ အားငယ်လာတယ်၊ ဘယ်မှာတဲ့လဲဟဲ့ ငါ့သား၊ ဘယ်မှာတဲ့လဲဟဲ့ ငါ့သမီး၊ အခုမှ သားမရှိမှန်း၊ သမီးမရှိမှန်း ဒေါ်ကြွယ်သိလာတယ်။

စောစောက ကိုယ့်အကြောင်းကိုယ်သိအောင်လုပ်ပါဆိုတာ ဒါကိုပြောတာ၊ ကိုယ့်အကြောင်းကိုယ်မသိတဲ့ပုဂ္ဂိုလ်တွေ၊ ဒုက္ခရောက်ကုန်ပြီပေါ့။

အခုမှ သားသမီးမရှိမှန်းသိတာ၊ စောစောက ငါ့မှာ သား ၇ ယောက်၊ သမီး ၇ ယောက် ၁၄–

ယောက်ရှိတယ်ဟဲ့၊ ငါ့အားကိုးစရာ တွေ အများကြီးပဲ၊ ငါ့ပစ္စည်းတွေ သိန်းသန်းကုဋေမက တစ်သက်လုံး ထိုင်စားလို့တောင် မကုန်နိုင်တဲ့ ပစ္စည်းတွေအများကြီးရှိတယ်လို့ ထင်ခဲ့တယ်၊ အခုတော့ ဘယ်မှာတဲ့လဲသား၊ ဘယ်မှာတဲ့လဲသမီး၊ ဘယ်မှာတဲ့လဲပစ္စည်း၊ ဘာတစ်ခုမှတောင် လက်ညှိုးထိုးစရာမရှိဘူး။

တစ်ခါထဲ ပူလိုက်တာ၊ ပူလိုက်တာ၊ ငါမွေးတဲ့မျောက်တွေ ငါ့ကို ချောက်ကုန်ကြပါပြီကော၊ သားသမီးလို့မမြင်တော့ဘူး၊ မျောက်၁၄ ကောင်က ဝိုင်းချောက်နေကြတယ်လို့သာ ထင်တယ်၊ စိတ်တွေပူလောင်လိုက်တာ၊ မုန်းတီးလိုက်တာ၊ နာကျည်းလိုက်တာ၊ မုန်းတီးလိုက်တာ။

* * *

## စိတ်နာရင် မြန်မြန်ပျောက်အောင်ကု

စိတ်နာရင်တော့ မြန်မြန်ပျောက်အောင်ကုရင်ကု၊ မကုရင်တော့ အရှုံးတစ်ပိုင်းဖြစ်သွားလိမ့်မယ်။

* **ရုပ်၏အနာ၊ စိတ်အနာ၊ အနာ(၂)မျိုးရှိ၊**

လူ့ခန္ဓာမှာ အားလုံးခြုံကြည့်ရင် အနာ(၂)မျိုး ရှိတယ်၊ ရောဂါဝေဒနာလို့ခေါ်တဲ့ ရုပ်အနာရယ်၊ မုန်းတီးမှု စိတ်ဆင်းရဲပင်ပန်းမှု စတဲ့ စိတ်အနာရယ်လို့ (၂)မျိုးရှိတယ်။

* **ရုပ်၏အနာ၊ ပျောက်လွယ်ပါ၊ စိတ်နာပျောက်ရန်ခက်ခဲ၏၊**

ရုပ်အနာက ဆေးပေးရင် ပျောက်လွယ်တယ်၊ စိတ်အနာကျတော့ တရားနဲ့မတွေ့ရင် ကုစရာနည်းလမ်း ရှိကိုမရှိဘူး။

* **စိတ်၏အနာ၊ တိုးပွားလာ၊ ရုပ်နာပိုဆိုး၏၊**

စိတ်အနာတိုးလာရင် ရုပ်အနာက သေးသေးလေးတောင် ကြီးလာတယ်၊ အကြီးကြီးက ပိုပြီးများလာတယ်၊

* **စိတ်၏အနာ၊ ကင်းရှင်းလာ၊ ရုပ်နာအကျိုးရှိ၊**

စိတ်အနာကင်းအောင် တရားနဲ့ကုနိုင်ရင် ရုပ်အနာမှာ အကျိုးတောင်ရှိတယ်၊ ရောဂါဝေဒနာကို သတိပဋ္ဌာန်နဲ့ရှုပြီး အမြတ်တောင် ထုတ်တတ်သေး။

*** စိတ်နှာပျောက်ရန်၊ အသိဉာဏ်၊ လမ်းမှန်ရှာ၍ကြည့်၊**

ဒါကြောင့် စိတ်နာပျောက်အောင် လမ်းမှန် ရှာပါတဲ့၊ ကယောင်ကတမ်းနဲ့ အဆိပ်သောက်လိုက်မယ်၊ အဆုံးစီရင်လိုက်မယ်၊ အိမ်ပေါ်က ခုန်ချလိုက်မယ်လို့ မလုပ်ကြပါနဲ့၊ လောကမှာ ဒုက္ခထွက်ပေါက်သည် တစ်ပေါက်ထဲရှိတယ်လို့ မြင်ထားပါ။

*** ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ စိတ်နှာပျောက်အောင်ကုပေး၏၊**

သာသနာက စိတ်နာအားလုံးပျောက်ရမယ်၊ သွက်သွက်ခါရူးနေတဲ့ ပဋာစာရီလို အရူးမကြီးကိုတောင် ရဟန္တာဖြစ်သွားအောင် မြှင့်တင်ပေးတဲ့ တကယ်စိတ်သန့်စင်တဲ့စက်ကြီး။

*** စိတ်နှာပျောက်မှ၊ ငြိမ်းအေးရ၊ ဒုက္ခအပူလွတ်နိုင်၏၊**

အဲသလိုဆို တရားမျက်လုံးကောင်းတဲ့ ပုဂ္ဂိုလ်အတွက်တော့ ဒုက္ခကို အထင်မသေးနဲ့လေ၊ ဒါဟာ တွန်းအားတွေ။

* ရုပ်၏အနာ၊ စိတ်အနာ၊ အနာ(၂)မျိုးရှိ၊

* ရုပ်၏အနာ ပျောက်လွယ်ပါ၊
စိတ်နာပျောက်ရန်ခက်ခဲ၏၊

* စိတ်၏အနာ၊ တိုးပွားလာ၊ ရုပ်နာပိုဆိုး၏၊

* စိတ်၏အနာ၊ ကင်းရှင်းလာ၊
ရုပ်နာအကျိုးရှိ၊

* စိတ်နာပျောက်ရန်၊ အသိဉာဏ်၊
လမ်းမှန်ရှာ၍ကြည့်၊

* ဗုဒ္ဓမြတ်စွာ၊ သာသနာ၊
စိတ်နာပျောက်အောင်ကုပေး၏၊

* စိတ်နာပျောက်မှ၊ ငြိမ်းအေးရ၊
ဒုက္ခအပူလွတ်နိုင်၏၊

* ဆင်းရဲ၏နောက်၊ ချမ်းသာရောက်၊
မကြောက်ရအောင် စိတ်အေး၏၊

ဒါကြောင့် ဆင်းရဲ၏နောက်မှာ ချမ်းသာရှိတယ်လို့ သိသူကတော့ လောကဓံကို ပြုံးပြုံးလေးနဲ့ အသုံးချပါလိမ့်မယ်၊ ဆင်းရဲနောက်မှာ ချမ်းသာရှိတယ်လို့ အမှန်မသိသူများကတော့ အရှုံးတစ်ပိုင်း ပူလိမ့်မယ်။

ဒေါ်ကြွယ်ကြီး ပူနေပြီ၊ အရှုးတစ်ပိုင်းဖြစ်နေပြီ၊ အဲသလိုဆိုတော့ သူ့ရဲ့အဖော်အပေါင်းအသင်းတွေက စိတ်ကောင်းရှိတော့ ခေါ်ကြပါတယ်။

“လာ…မကြွယ်၊ ရှုးလိမ့်မယ်၊ ဒါကြောင့်ငယ်ငယ်ကမပြောဘူးလား၊ တရားနာရအောင်၊ တရားအားထုတ်ရအောင်၊ ဘဝအကြောင်း သိရအောင်လို့ တရားနာရအောင်ပြောတော့ အားကိုးရာရှိတယ်လေး ဘာလေးနဲ့၊ အခုတော့ အားကိုးရာမရှိမှန်း တွေ့ပြီမဟုတ်လား၊ ကိုယ့်သား ကိုယ့်သမီးမရှိမှန်း သိပြီမဟုတ်လား၊ ကိုယ့်ပစ္စည်းတွေမဟုတ်မှန်း သိပြီမဟုတ်လား၊ ကိုယ်ပိုင်ဟာတရားပဲဆိုတာနားလည်၊ ကဲ…လာ၊ ရှုးလိမ့်မယ်” ဆိုပြီးတော့ ကျောင်းခေါ်ကြ၊ တရားသွားနာ။

* * *

## တရားသာကိုယ်ပိုင်အစစ်

တရားနာလိုက်သွားတာ၊ တရားတစ်ခါလောက်နာလိုက်ရတယ်ဆိုရင်ပဲ ခြစ်ခြစ်တောက် ပူလောင်နေတဲ့ နှလုံးသွေးတွေ အေးပြီးသွားတယ်။

"ဩော် . . . ဒီလောကအေးချမ်းတဲ့တရားကို ငါ့အခုမှနာရတယ်နော်၊ ငယ်ငယ်ထဲကစပြီး အလေ့အကျင့်နဲ့ ထုံနေအောင်လုပ်ခဲ့ရင် လောကမှာ ငါဘာပူစရာလိုသေးသလဲ"

ကိုယ့်အကြောင်းကိုသာ စောစောက သိအောင်လုပ်ထားခဲ့ရင် ကိုယ့်လမ်းကိုယ်သွားခဲ့တာ ကြာရောပေါ့၊ ကိုယ့်အလုပ်ကို တည်ငြိမ်အေးချမ်းရင့်ကျက်စွာလုပ်နေတာ ကြာရောပေါ့၊ သတိပဋ္ဌာန်အာရုံ၊ ဘာဝနာအာရုံ၊ ကိုယ်ပိုင်အာရုံလေးတွေနဲ့ ကိုယ့်နေရာကိုယ်နေခဲ့နိုင်တာ ကြာရောပေါ့။

"အခုတော့ ကိုယ့်နေအိမ်ကြီးလဲ ကိုယ့်နေရာ မဟုတ်မှန်း သိရပါပြီကော၊ ကိုယ့်လက်ထဲမှာရှိတဲ့ ပစ္စည်းဥစ္စာတွေ ကိုယ့်ဟာမဟုတ်မှန်း သိရပါပြီကော၊ ကိုယ်ကမွေးထားတဲ့ သားသမီးတွေတောင် ကိုယ့်ဟာမဟုတ်မှန်း သိရပါပြီကော၊ နောက်ဆုံးကျတော့ တရားသာ ကိုယ်ပိုင်အစစ်မှန်း ငါအခုမှ သိတယ်"

တရားမျက်လုံးလေး တပ်ပေးလိုက်တော့ ဒုက္ခသည်ပင် သူ့အတွက် ချမ်းသာကြောင်းဖြစ်သွားတယ်၊ သားသမီးတွေ သစ္စာဖောက်ခြင်း

သည်ပင် သူ့ချမ်းသာခြင်းရဲ့အကြောင်း၊ ပစ္စည်းတွေက သူ့ကို မျက်နှာလွှဲ ကျောပေးသွားခြင်း ဒုက္ခသည်ပင်လျှင် သူ့ရဲ့ ချမ်းသာခြင်းအကြောင်း ဖြစ်သွားတယ်။

* * *

## ရောဂါရှိမှ ဆေးစွမ်းသိ

လောကမှာ လူရဲ့ခန္ဓာမှာ အနာရောဂါတွေ မရှိဘူးဆိုရင် ဆေးဆရာရဲ့အစွမ်း မသိနိုင်ပါ၊ အနာရောဂါတွေရှိနေလို့သာ ဆေးဆရာ ဘယ်လောက်စွမ်းတယ်လို့ သိနိုင်ပါတယ်။

ထို့အတူပဲ လောကမှာ လောကဓံအာရုံမျိုးစုံနဲ့ ကိလေသာအပူမျိုးစုံတွေမှ မရှိဘူးဆိုရင် သူတော်ကောင်းအစွမ်း ဘယ်သိလိမ့်မတုန်း၊လောကဓံအပူမျိုးစုံတွေ၊ ဆင်းရဲဒုက္ခမျိုးစုံတွေ ရှိနေလို့သာ သူတော်ကောင်း ဘယ်လောက်စွမ်းတယ်လို့ သိရတာ။

“ဩော် . . . သူများမှာဟယ် . . . ကြည့်စမ်း၊ စည်းစိမ်ဥစ္စာတွေပျက်သွားတာတောင် အပြုံးမပျက်ဖူးနော်၊ နေတတ်ထိုင်တတ်လိုက်တာ”

အဲသလို ချီးမွမ်းခံကြရတယ်၊ နေတတ်ထိုင်တတ်မှာပေါ့၊ တရားစွမ်းအား သူ့မှာယူထားတာပဲ၊ တရားစွမ်းအားနဲ့နေတတ်တဲ့ ပုဂ္ဂိုလ်အတွက်ဆိုရင် လောကဓံသည် သူ့ကို အစွမ်းပြပေးတာ၊ လူဘယ်လောက်စွမ်းတယ်ဆိုတာ လောကဓံနဲ့ စမ်းရတာပဲ။

ဒါကြောင့် လောကဓံအပူမျိုးစုံ၊ လူ့ရဲ့ခန္ဓာကိုယ်မှာ အနာရောဂါတွေ မရှိဘူးဆိုရင် ဆေးဘယ်လောက်စွမ်းတယ်လို့ ဘယ်သိလိမ့်မတုန်း၊ ဒီဆေးဘယ်လောက်စွမ်းတယ်လို့ သိရတာ အနာရောဂါကြောင့် သိရတာ၊ ဆေးရဲ့အာနိသင်သိချင်ရင် အနာနဲ့စမ်းရတယ်။

## တရားစွမ်းမှန်းသိချင်ရင်
## လောကဓံအာရုံနဲ့စမ်းပါ

တရားဘယ်လောက်စွမ်းတယ်လို့ သိချင်ရင် လောကဓံအာရုံနဲ့စမ်းပါ၊ ကိုယ်ဘယ်လောက်ခံနိုင်သလဲ၊ တရားလက်လွတ်နေတဲ့ ဒေါ်ကြွယ်ကြီးတစ်ယောက် အရူးတစ်ပိုင်းဖြစ်နေတာ တရားမရှိလို့ ပေါ့။

အခုလို တရားနာခွင့်ရသွားတော့ လူစွမ်းကောင်းပြနိုင်ဖို့ သူ့မှာ လမ်းစပေါ်သွားတယ်။

- **ရောဂါကြောင့်သာ၊ ဆေးဆရာ၊**
  **စွမ်းတာသိနိုင်သည်၊**

ရောဂါကြောင့် ဆေးဆရာစွမ်းမှန်းသိတာ၊ ဒီဆရာက တကယ်တော်တာ၊ ရောဂါပျောက်အောင် တကယ်ကုနိုင်လို့ စွမ်းမှန်းသိရတာ။

*** ကိလေသာဟူ၊ အပူကြောင့်သာ၊**
**ကောင်းစွာကျင့်တတ်၊ သူတော်မြတ်၏**
**မြင့်မြတ်ထူးဆန်း၊ လူ့အစွမ်း၊**
**ဖြစ်ထွန်းပေါ်လာသည်၊**

အစ္ဈတ္တမှာရှိနေတဲ့ ကိလေသာတွေရော၊ ဘေးပတ်ဝန်းကျင်က နှိပ်စက်နှောင့်ယှက်နေတဲ့ အပူလောကဓံတွေရော၊ အဲဒါတွေရှိနေလို့သာ သူတော်ကောင်း ဘယ်လောက်စွမ်းတယ် သိရတယ်။

တော်လိုက်တာ၊ တော်လိုက်တာလို့ အစွမ်းပြစမ်းသပ်ပေးတာက လောကဓံအာရုံတွေနဲ့ ကိလေသာ မျိုးစုံတွေ။

*** ရောဂါအများ၊ ရှိနေငြား၍၊**
**ဆေးဝါးစွမ်းအင်၊ အာနိသင်၊**
**ပေါ်လွင်ထင်ရှားသည်၊**

ရောဂါအများရှိနေလို့ ဒီဆေး ဘာရောဂါပျောက်တယ်ဆိုတာ သိရတာပါလား၊ အနာရောဂါ

မရှိဘူးဆိုရင် ဆေးဝါးရဲ့အာနိသင် ဘယ်လိုမှ သိခွင့်မရပါ။

**ကိလေသာဟူ၊ အပူအများ၊ ရှိနေငြား၍၊**
**တရားစွမ်းအင်၊ အာနိသင်၊**
**ပေါ်လွင်ထင်ရှားသည်၊**

ကိလေသာတွေကြောင့်၊ ကိုယ့်စိတ်ကို အရှုံးတစ်ပိုင်းဖြစ်အောင် ထိုးနှက်နှိပ်စက်နေကြတဲ့ လောကဓံအာရုံတွေကြောင့် တရားဘယ်လောက် စွမ်းတယ်လို့သိရတာ၊ တရားဘယ်လောက်စွမ်းမှန်း ဒေါ်ကြွယ်သိရပြီပေါ့၊ တရားနာရုံနဲ့တောင် သူသိ သွားပြီလေ။

- **ရောဂါကြောင့်သာ၊ ဆေးဆရာ၊**
  **စွမ်းတာသိနိုင်သည်၊**
- **ကိလေသာဟူ၊ အပူကြောင့်သာ၊**
  **ကောင်းစွာကျင့်တက်၊ သူတော်မြတ်၏၊**
  **မြင့်မြတ်ထူးဆန်း၊ လူ့အစွမ်း၊**
  **ဖြစ်ထွန်းပေါ်လာသည်၊**
- **ရောဂါအများ၊ ရှိနေငြား၍၊**
  **ဆေးဝါးစွမ်းအင်၊ အာနိသင်၊**
  **ပေါ်လွင်ထင်ရှားသည်**

*** ကိလေသာဟူ၊ အပူအများ၊ ရှိနေကြား၍၊**
**တရားစွမ်းအင်၊ အာနိသင်၊**
**ပေါ်လွင်ထင်ရှားသည်၊**
**** ဆင်းရဲ၏နောက်၊ ချမ်းသာရောက်၊**
**မကြောက်ရအောင်စိတ်အေးသည်၊**

ဒုက္ခသဿ-သိက္ခာ(၃)ဖြာ၊ ကျင့်စရာကို၊ ကောင်းစွာကြိုးပမ်း၊ လုံ့လစွမ်းကြောင့်၊ ပင်ပန်းအစ၊ ဆင်းရဲမှု၏၊ အနန္တရံ-အခြားမဲ့၌၊ သုခံ-လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ အံ့ဩစရာသည်၊ အတ္ထိ-ဆင်းရဲ၏နောက်၊ ချမ်းသာရောက်ကာ၊ ကောင်းစွာမသွေ၊ ထင်ရှားရှိနေပါပေသတည်း။

* * *

## မွန်းတိမ်းမှလှမ်းတဲ့စပါး

ဆင်းရဲနောက်မှာ၊ ချမ်းသာရှိတယ်လို့ ဒေါ်ကြွယ်ကြီးတစ်ယောက် ရေးရေးလေးတော့မြင်လာပြီ၊ သူ့မှာရှိနေတာတွေကတော့ အကုန်လုံး သစ္စာဖောက်သွားကြပြီ၊ မခံနိုင်ရင်တော့ အရှုံး တစ်ပိုင်းဖြစ်လောက်အောင် အကုန်ကျောပေး သစ္စာဖောက်သွားကုန်ပြီ။

တရားနာကြားခွင့်ရတော့ စိတ်အေးစရာဟာ တရားစွမ်းအားပဲရှိတယ်လို့ သိခွင့်ရသွားပြီ၊ အဲဒါနဲ့ တရားအလုပ်စလုပ်တော့တာပေါ့၊ မလုပ်လဲမဖြစ်တော့ဘူး၊ တွေးလေပူလေ၊ ပူလေတွေးလေ၊ နောက်တော့ ရူးရလိမ့်မယ်၊ စိတ်နာပျောက်အောင် ကုပေးနိုင်တာ တရားတစ်ခုပဲရှိတယ်လို့သိတော့ တရားအလုပ်ကို ကြိုးကြိုးစားစား အားထုတ်ပါတော့တယ်။

"ငါ တတိယအရွယ်ရောက်လာပြီဆိုတော့ ဒီလို လူဝတ်ကြောင်နဲ့နေသွားရင်တော့ သေတာ

က လက်ဦးတော့မယ်၊ သာသနာ့ဝင်ပြီးတော့ တရားအလုပ်အားထုတ်မှ ခပ်သုတ်သုတ် ခပ်မြန်မြန်လုပ်နိုင်မြီး မြန်မြန်ပြီးလိမ့်မယ်”…လို့ သဒ္ဓါ ပီရိယဓာတ်တွေတိုး၊ သာသနာ့ဝင် ဘိက္ခုနီပြု၊ ဆရာသမားများ လမ်းညွှန်ချက်အတိုင်း ကြိုးကြိုးစားစားအားထုတ်၊ မွန်းတိမ်းမှလှမ်းတဲ့စပါး နာနာမွှေပေးနိုင်မှ အချိန်မီခြောက်တော့မယ်လို့ စိတ်ကို အားတင်းပြီးကြိုးစားတယ်။

ခန္ဓာဉာဏ်စိုက် ဝိပဿနာပွား၊ တရားအရသာတွေ့လိုက်တာ။

“ဩော်…ငယ်ငယ်တုန်းကစပြီး သိခဲ့ရင်ကောင်းသား၊ ကိစ္စမရှိပါဘူးလေ၊ အခါနှောင်းပေမယ့် အလာကောင်းစေရမယ်”လို့ စိတ်ကို အားတင်းပြီးကြိုးစား။

“သေကာနီး အိုကြီးအိုကာမှ ငါ့အကြောင်း ငါသိတော့တယ်၊ ကိုင်ပိုင်အလုပ်ကို အခုမှ ငါလုပ်တတ်တယ်၊ ကိုယ့်လမ်းကို အခုမှ ငါသွားတတ်တယ်၊ ကိုယ့်နေရာနဲ့ကိုယ်၊ အခုမှ နေတတ်တော့တယ်”…ဆိုပြီးခန္ဓာအရှိ ဉာဏ်စိုက်ပြီး ဝိပဿနာပွား၊ သီလကိုကြိုးစားဖြည့်၊ သမာဓိကို ကြိုးစားထူ

ထောင်၊ သူများတွေအိပ်ချိန် သူမအိပ်ဖူး၊ မအိပ်မနေ ကြိုးစား.လိုက်တာ၊ ဝီရိယရှိသမျှ အကုန်ထုတ်၊ အင်အားတွေ ဘေးထုတ်ပစ်တာမဖြစ်ရဘူး၊အားကို ထုတ်ယူတဲ့နည်းနဲ့ပဲ သုံးတော့မယ်လို့၊ သတိပညာ ချိန်သီးကိုတပ်၊ သဒ္ဓါဝီရိယလက်တံကို သုံးပြီး ကြိုးစားလိုက်တာ တိုတိုပြောရရင် သောတာ ပန်၊သကဒါဂမ်၊ အနာဂါမ် ရဟန္တာဖြစ်သွားတယ်။

တော်သေးတာပေါ့၊ အမေဘယ်မှမသွားနဲ့၊ သားတွေသမီးတွေပြုစုမှာပေါ့လို့ ချော့ထားရင် ဒေါ်ကြွယ်ကြီး ဘယ်ရဟန္တာဖြစ်လိမ့်မတုန်း၊ အဝေး ကြီးပေါ့၊ ဒါဟာ ဆင်းရဲနောက်ကရတဲ့ ချမ်းသာ လေ၊ ရဟန္တာဖြစ်သွားတယ်၊ အချမ်းသာဆုံးရသွား တယ်ပေါ့။

ဒါကြောင့် ပရိသတ်အပေါင်း သူတော် ကောင်းတွေလဲ သာသနာနဲ့တွေ့ကြုံခိုက်မှာ ခန္ဓာနဲ့ ပစ္စည်းကို အသုံးချပြီးတော့ ကိုယ့်အကြောင်း ကိုယ်သိအောင် လုပ်နေကြပြီဆိုတော့ ကိုယ်မှန်းတဲ့ အတိုင်း လုပ်ကြရမယ်၊ ဒါန, သီလ, ဘာဝနာ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ကြရမယ်။

တရားအာရုံနဲ့၊ ကိုယ်ပိုင်အာရုံနဲ့၊ မအားတဲ့ အလုပ်ဟာ တရားအလုပ်၊ လက်ထဲကိုင်ထားဟာ

ကုသိုလ်ထုပ်၊ ကိုယ့်နေရာနဲ့ကိုယ် ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်အောင် နိဗ္ဗာန်အထိ ဦးတည်ကြရမယ်ပေါ့။

ဒါကြောင့် ကတပုညတံ–ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏ အဖြစ်ကို၊ ကတပုညတံ–ဆင်းရဲ၏နောက်၊ ချမ်းသာရောက်ကြောင်း၊ တရားကောင်းကို၊ ပဏ္ဍိတာ–ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ ပသံသန္တိ–ကောင်းစွာမသွေချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် ဆင်းရဲ၏နောက် ချမ်းသာရောက် တရားနာကြားကြရတဲ့ ဓမ္မသာဝနမင်္ဂလာနဲ့ ကောင်းမှုစွမ်းအား မြတ်တရားကြောင့် ဘေးရန်အပူခပ်သိမ်း လွတ်ငြိမ်းကြ၍၊ ကောင်းကျိုးချမ်းသာများ ကြီးပွားတိုးတက်ပြည့်စုံကြပြီးလျှင် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်၊ အားကိုးစရာ ကိုယ်ပိုင်ကောင်းမှုတရား တိုးပွားအောင် ကြိုးစားနိုင်လွယ်ကြလျက် ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့် လျင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

* * *

## ကိုယ့်ကိုကိုယ်ချစ် လူအစစ်

### တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက

### အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်

*[ သာသနာတော်နှစ် ၂၅၄၂ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၀–ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် (၄)ရက်၊ ၁၉၉၈–ခု ဧပြီ ဒီဇင်ဘာလ (၇)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်း သာကေတမြို့ (၅)ရပ်ကွက်တောင်ပိုင်း၊ သုမနဓမ္မဗိမာန်တော်ကြီးအတွင်း၌ သုမနဓမ္မဗိမာန် မလွှန်ဆန်လှူသင်းထောက် (၃၃)ကြိမ်မြောက်ကျင်းပအပ်သော ဆွမ်းဆန်တော်အလှူပွဲ အတွက် မင်္ဂလာဆောင်အဖြစ်ဖြင့် အနုမောဒနာတရားအဖြစ်ဖြင့် အမှတ်ရဘွယ်အဖြစ်ဖြင့် ဟောကြားအပ်သော တရားဖြစ်သည်။ ]*

အတ္တာနဉ္စေ ပိယံ ဇညာ၊
န နံ ပါပေန သံယုဇေ၊
န ဟိ တံ သုလဘံ ဟောတိ၊
သုခံ ဒုက္ကဋကာရိနာ၊

ဓိရော-အကောင်းအဆိုး ကြောင်းကျိုး မြင်သိ ပညာရှိသည်၊ အတ္တာနံ-ကုသိုလ်ကောင်းမှု အရင်းပြုကာ၊ ကောင်းစွာရရှိ၊ စွမ်းအားပြည့်လို မိမိကိုယ်ကို၊ ပိယံ-အစဉ်မမှန်းအချစ်ဆုံးဟု၊ စေဓညာ-အကယ်တိတိ သိရှိခဲ့ငြားအံ့။

ဇာနံသတိ-ဤသို့အသိ တကယ်ရှိခဲ့သည် ရှိသော်၊ နံ(အတ္တာနံ)-ကုသိုလ်ကောင်းမှု အရင်းပြုကာ၊ ကောင်းစွာရရှိ၊ ထိုမိမိကို၊ ပါပေန-အပါယ်လေးတန်၊ ရောက်ရန်အကြောင်း၊ မကောင်းအစု၊ ဒုစရိုက်မှုနှင့်၊ နသံယုဇေ-ဘယ်သောအခါမှ မယှဉ်တွဲမိစေရာ၊ ဟိ-မှန်လှပေ၏။

ဒုက္ကဋကာရိနံ-အပါယ်လေးတန် ရောက်ရန်အကြောင်း၊ မကောင်းအစု၊ ဒုစရိုက်မှုကို ပြုလုပ်မိသောပုဂ္ဂိုလ်တို့သည်၊ တံသုခံ-ထိုစိတ်အေးစရာ မြတ်ချမ်းသာကို၊ သုလဘံ-ကောင်းစွာပိုင်ပိုင် ရရှိနိုင်သည်၊ နဟောတိ-မဖြစ်နိုင်တော့ချေ။

ဣတိ-ဤသို့၊ ဘဂဝါ-တရားစွမ်းအား မြတ်တရားကို၊ ပွားများမြှင့်တင်၊ ဘုရားရှင် ကိုယ်တော်မြက်ကြီးသည်၊ ထေံ-ဤကိုယ့်ကို ကိုယ်ချစ်၊ လူအစစ်ဆိုသောတရားကို အာဝေါစ-

ကရုဏာတရား မေတ္တာထား၍၊ ဟောကြားတော်မူ ခဲ့ပါပေသတည်း။

*　*　*

# ကိုယ့်ကိုကိုယ်ချစ်တယ်ဆိုရင်

ဒေသနာစကားလေးက သွယ်ဝိုက်ပြီးတော့ အတ္တာပန္နအားဖြင့် ယူဖို့ပြထားတဲ့စကားလေးပဲ၊ ကိုယ့်ကို၊ ကိုယ်ချစ်တယ်ဆိုရင်မကောင်းတဲ့အကုသိုလ် တရားနဲ့ မယှဉ်တွဲမိစေနဲ့၊ မကောင်းတဲ့ အကုသိုလ် တရားကို မလုပ်နဲ့။

မကောင်းတဲ့အကုသိုလ်တရားကို ပြုလုပ်မိတဲ့ ပုဂ္ဂိုလ်ဆိုတာ လိုချင်တဲ့ချမ်းသာကို ဘယ်နည်းနှင့်မှ ရနိုင်မှာမဟုတ်ဖူးတဲ့၊ စကားလေးက ဒါပဲ၊ သွယ် ဝိုက်သောနည်းအားဖြင့် ပြတယ်၊ ချစ်ရင် မကောင်း တာ မလုပ်နဲ့၊ မကောင်းတာလုပ်ရင် လိုချင်တဲ့ ချမ်းသာ ဘယ်နည်းနဲ့မှမရနိုင်ဘူး။

အဲသလိုဆိုရင် အဖြောင့်က ကိုယ့်ဟာကိုယ် ချစ်တယ်ဆိုရင် ကောင်းတာလုပ်ပါ၊ ကောင်းတာပြု

လုပ်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်လိုချင်တဲ့ မြင့်မြတ်တဲ့ ချမ်းသာကို ကောန်ရနိုင်တယ်၊ အဖြောင့်သဘောက အဲသလိုပြပါတယ်။

ဒါမျိုးကိုစာက၊ နွယကိုဆို၊ ဗျတိကိုသိ၊ ဗျတိဆိုက၊ အနွယ၊ သိရအတ္ထာပန်၊ အနွယ အလျော်ကို ပြောလိုက်တာနဲ့ ဆန့်ကျင်ဘက်စကားကို နားလည်တယ်၊ ဆန့်ကျင်ဘက်စကားကို ပြောလိုက်တာနဲ့ အလျော်အနွယကို သိရတယ်၊ ဒါမျိုးကို အတ္ထာပန္နလို့ ခေါ်တယ်။

ဒါကြောင့် ဒီဒေသနာမှာလဲ ဆန့်ကျင်ဘက်စကားကို ပြောလိုက်တယ်ဆိုတော့ အလျော်အားဖြင့် နားလည်ခွင့်ရသွားတယ်၊ "ဟော့- စာမေးပွဲအောင်ချင်ရင် မပျင်းရဘူးကွ၊ ပျင်းလို့ရှိရင် ဘယ်စာမေးပွဲအောင်လိမ့်မတုန်း" ဒါဟာ အတ္ထာပန္နစကားတွေ။

ဗျာတိရေက(ဆန့်ကျင်ဘက်)အားဖြင့်ပြောရင် "ဟော့-စာကြိုးစားပါ၊ စာကြိုးစားမှပဲ စာမေးပွဲအောင်မှာပေါ့" ဆန့်ကျင်ဘက် ဗျာတိရေကစကားပြောလိုက်ပေမယ့် အဓိပ္ပာယ်သဘောက အလျော်အားဖြင့် ဒီလိုပဲ ယူရမှာလို့ သဘောပေါက်သွားတယ်။

ဒီဒေသနာမှာလဲပဲ သွယ်ဝိုက်သောအားဖြင့် (ဆန့်ကျင်ဘက်အားဖြင့်) ပြောလိုက်တာ၊ တရားနဲ့နား အင်မတန်ရင်းနှီးနေတဲ့သူများက သဘောပေါက်သွားတယ်၊ ဩော်– ကိုယ့်ကိုကိုယ်ချစ်ရင် ကောင်းတာလုပ်ရမှာပဲ၊ မကောင်းတာမလုပ်ပဲ ကောင်းတာကိုသာ ပြုလုပ်ရမှာပဲ၊ ကောင်းတာကို လုပ်မှသာလျှင် ကိုယ်လိုချင်တဲ့ချမ်းသာရမှာပါပဲလို့ ဖြောင့်ဖြောင့်လေး နားလည်လိုက်တယ်၊ သဘောပေါက်လိုက်တယ်။

* * *

## အချစ်(၂)မျိုး

ကိုယ့်ဟာကိုယ်ချစ်တတ်ရမယ်၊ ကိုယ့်ဟာကိုယ်ချစ်တဲ့ အခါ (၂)နည်းရှိတယ်၊ (၂)မျိုးချစ်နေကြတယ်၊ တဏှာချစ်ရယ်၊ သဒ္ဓါချစ်ရယ်၊ (၂)မျိုးချစ်ကြတယ်။

တဏှာချစ်ဆိုတာ အဝိဇ္ဇာနဲ့တွဲတယ်၊ ကိုယ့်ကိုကိုယ် သိပ်ညှာတာပဲ၊ ကိုယ့်ကိုကိုယ် သိပ်အလို

လိုက်တာပဲ၊ တည့်တည့်, မတည့်တည့် ကြိုက်တာ အကုန် လျှောက်ကျွေးတာပဲ။

သဒ္ဒါချစ်ဆိုတာ ပညာနဲ့တွဲတယ်၊ ကိုယ့်ကို သိပ်အလိုမလိုက်ပါဘူး၊ နေ့စဉ်အသုံးချပါတယ်၊ တရားစွမ်းအားပေါ်အောင် ခိုင်းပါတယ်၊ စည်းနဲ့ ကမ်းနဲ့၊ မှုနဲ့ဘောင်နဲ့၊ သပ်သပ်ရပ်ရပ်လေး အစီ အစဉ်တကျ အလေအလွင့်၊ အချွတ်အချော်မရှိရ အောင် ထိန်းသိမ်းပြီးတော့ အသုံးချပါတယ်။

* * *

# ဘယ်လောက်ချစ်နေပြီလဲ

ကိုယ့်ဟာကိုယ်လဲ စီစစ်ကြည့်ပေါ၊ ကိုယ့်ဟာကိုယ် ဘယ်လောက်ချစ်နေပြီလဲလို့၊ နေ့စဉ်နေ့စဉ် ထမင်းနှစ်ထပ် အနည်းဆုံးကျွေးတယ်၊ ချစ်လို့ကျွေးတာဟုတ်ရဲ့လားလို့ ကိုယ့်ဟာကိုယ် စီစစ်ကြည့်ပေါ့။

"ငါ့ဟာငါ နေ့စဉ်နေ့စဉ် ထမင်းနှစ်ထပ် အနည်းဆုံးကျွေးနေတယ်၊ ငါချစ်လို့ကျွေးတာ ကော ဟုတ်ရဲ့လား"...လို့ ကိုယ့်ဟာကိုယ် ဉာဏ်, သတိနဲ့ စစ်ဆေးကြည့်၊ တဏှာချစ်နဲ့ ကျွေးနေတာလား၊ စစ်မှန်သောသဒ္ဓါနဲ့ ကိုယ့်ဟာကိုယ် တကယ်ချစ်လို့ပဲ ကျွေးတာလား။

တရားအသိကင်းလွတ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ကိုယ့်ဟာကိုယ် အချစ်လွဲနေတတ်တယ်၊ကျွေးတော့ ကျွေးတယ်၊ သို့သော် တဏှာချစ်နဲ့ကျွေးတယ်၊ တည့်တည့်၊မတည့်တည့် ကြိုက်တာတွေအကုန်လုံး ကျွေး၊ ခန္ဓာနဲ့ကျွေးတာတွေက မတည့်လို့ မလျောက်ပတ်လို့ ရောဂါတွေဖြစ် အစရှိသည် ဖြင့်ပေါ့ဗျာ။

ပြောတော့ ကိုယ့်ဟာကိုယ်ချစ်တယ်တဲ့၊ ချစ်တယ်ဆိုပြီး မတည့်တာတွေ လျှောက်ကျွေး တော့ ဒုက္ခရောက်၊ ဒါဟာ ကိုယ့်ဟာကိုယ် မုန်း လို့ကျွေးတာ။

တဏှာချစ်နဲ့ ချစ်တယ်ဆိုတာ ယဉ်ယဉ် လေးနဲ့သူကပြောတာ၊ အမှန်တော့ ကိုယ့်ဟာကိုယ် မုန်းတာ၊ ကိုယ့်ဟာကိုယ် စစ်မှန်သောပုံစံနဲ့ မချစ် တတ်ဖူး။

သဒ္ဓါတရားနဲ့ချစ်တဲ့ပုဂ္ဂိုလ်ဆိုတာ တရားစွမ်း အားကို ရအောင်ယူတတ်တယ်၊ ခန္ဓာကိုယ်ကြီးကို နေ့စဉ်ပုံမှန် အဖိုးတန်အောင်အသုံးချဖြစ်တယ်။

* * *

# ခန္ဓာ၏ချီးကျူးခန်း

ခန္ဓာကိုယ်ကြီးရလာတော့ ခန္ဓာကိုယ်ကြီးက တရားစကား(၃) ခွန်း မေးပါသတဲ့၊ အဓိပ္ပာယ်က ကိုယ့်ကိုကိုယ် ဘယ်လောက်ချစ် သလဲဆိုတာပါပဲ၊ ခန္ဓာကိုယ်ကြီးက အရင်ဆုံး ကိုယ့်ကိုကိုယ် ချီးကျူး တယ်ဗျ။

"ခင်ဗျားတော်လိုက်တာဗျာ၊ လောကကြီး တစ်ခုလုံးခြုံကြည့်လိုက်တော့ လူဖြစ်ချင်တဲ့သတ္တဝါ တွေ အများကြီးပဲ၊ ကျွဲတွေ၊ နွားတွေ၊ ခွေးတွေ၊ ကြောင်တွေလဲ သူတို့လဲ လူဖြစ်ချင်ကြမှာပေါ့၊ သို့သော်လဲ သူတို့မှာ လူဖြစ်နိုင်လောက်တဲ့ အကြောင်းက မလုံလောက်ရှာကြလို့ အပါယ်ဘုံ ရောက်နေကြတာ၊ ခင်ဗျားမှာ လူဖြစ်နိုင်လောက်တဲ့ အတိတ်က စိတ်ကောင်းတွေ အများကြီးထားခဲ့ တယ်၊ ကုသိုလ်ကံ အရင်းအနှီးတွေ ပြည့်စုံလုံ

လောက်လို့ ယခုလိုသုံးလို့ဖြစ်တဲ့လူရယ်လို့ ဖြစ်လာရတယ်၊

လူဖြစ်ပြန်တော့လဲပဲ ဖြစ်ကာမတ္တမဟုတ်၊ ဗုဒ္ဓဘာသာသမ္မာဒိဋ္ဌိ စစ်စစ်၊ ကိုယ့်ဟာကိုယ် နည်းမှန်လမ်းမှန် စနစ်မှန်အားဖြင့် အဖိတ်အစဉ် အလေအလွင့်မရှိရအောင် တိကျစွာ ချစ်ခင်တတ်တဲ့ တရားစွမ်းအားပိုင်ရှင် ဖြစ်နိုင်လောက်အောင် အကြောင်းအားညီနေတဲ့ လူတစ်ယောက် ဖြစ်လာရတယ်၊

အံ့ဩစရာအကောင်းဆုံးကတော့ ကမ္ဘာအဖိုးတန်ဆုံး ရတနာသုံးလုံး၊ လောကအဖိုးတန်ဆုံး ရတနာသုံးလုံးနဲ့ တကယ့်ကို ထိပ်တိုက်ကြီး လာတိုးတာကတော့ မအံ့ဩမချီးကျူးပဲ မနေနိုင်ပါဘူးဗျာ”တဲ့၊ (ခန္ဓာ ကိုယ်ကြီးက ကိုယ့်ကို ချီးကျူးခန်းဖွင့်နေတာ)

“ခင်ဗျားတော်လိုက်တာဗျာ၊ ကောင်းမှုကုသိုလ် ရတနာကြော့ကြီးပေါ်လာပြီးတော့ ရောက်ရှိနေတယ်၊ ကမ္ဘာအဖိုးတန်ဆုံး၊ လောကအဖိုးတန်ဆုံး၊ ရတနာသုံးလုံးနဲ့ ထိပ်တိုက်လာတိုးနေတယ်၊ ဒီလောက်ကံကောင်းတဲ့သူ ရှိလို့လားဗျာ”တဲ့၊

ပြီးတော့မှ မေးတယ်ဗျ၊ တရား သဘောနဲ့မေးတာ ပါ၊ ပါးစပ်နဲ့မေးတာမဟုတ်လို့ နားနဲ့မကြားရဘူး ဗျ၊ တရားသဘောနဲ့မေးတာဖြစ်လို့ တရားနား လေးနဲ့ ကပ်ပြီးနားထောင်မှ ကြားရမှာဗျ။

* * *

# ခန္ဓာကမေးသော စကား(၃)ခွန်း

သူမေးပုံလေးက...

ခင်ဗျား အဖိုးတန်တဲ့ခန္ဓာတစ်ခု ရထား တာကတော့ သေချာနေပြီ၊ ဒီလောက်အဖိုးတန်တဲ့ ခန္ဓာတစ်ခုရတာ သေချာနေပြီဆိုရင်

(၁) ကိုယ့်ကိုကိုယ် အဖိုးတန်အောင် အသုံးချနိုင်ပါ့မလား၊ ကိုယ့်ကိုကိုယ် အဖိုးတန်အောင် အသုံးချနိုင်တဲ့ အစွမ်းသတ္တိ ခင်ဗျားမှာရှိရဲ့လား၊ (ခန္ဓာက ကိုယ့်ကို တရား သဘောနဲ့ မေးတာ)၊ ဒီလောက်အဖိုးတန်တဲ့ ခန္ဓာတစ်ခုရတော့ အဖိုးတန်အောင်

သုံးနိုင်ပါ့မလား၊ တစ်နည်းအားဖြင့် ကိုယ့်ဟာကိုယ် နည်းမှန်လမ်းမှန် စနစ်မှန်းအားဖြင့် ချစ်တတ်ပါ့မလား?

(၂) ဒီခန္ဓာကိုယ်ကြီးကို အလကားဖြစ်အောင် ဖြုန်းပြီးတော့ပစ်မှာလား၊ အိုထုပ်, နာထုပ်, သေထုပ်ကြီးကို အိုစာ, နာ စာ, သေစာကျွေးရုံလေးနဲ့ တစ်ဘဝ အကုန်ခံတော့မှာလား? (သူမေးတဲ့မေးခွန်းလေးက ပညာသား ပါတယ်ဗျာ)

(၃) ဒါမှမဟုတ် ဟောဒီခန္ဓာကိုယ်ကြီး နှိပ်စက်နေတာကို အချိန်ပြည့် ရှုံ့မဲ့ရှုံ့မဲ့နဲ့ ခံနေတော့မှာလား?

ဒီလို ခန္ဓာက တရားသဘောဖြင့် မေးတဲ့ မေးခွန်း(၃)ခုပါ၊ အဓိပ္ပာယ်က ကိုယ့်ဟာကိုယ် ဘယ်လောက်ချစ်တတ်သလဲလို့ မေးတာပါ၊ ကိုယ့်ဟာကိုယ် နည်းမှန်လမ်းမှန်အားဖြင့် ဘယ်လောက် ချစ်တတ်သလဲလို့ မေးလိုရင်းပါ။

ကိုယ့်ဟာကိုယ်ဖြုန်းတဲ့ ပုဂ္ဂိုလ်တွေ တကယ်တမ်းတော့ ချစ်တာမဟုတ်ပါဘူး၊ မုန်းလို့ နှစ်မြှုတ်ချလိုက်တာတွေ၊ တွန်းချလိုက်တာတွေ၊ ခန္ဓာကြီး နှိပ်စက်နေတာကိုခံပြီးတော့ ပူလောင်စွာ တစ်ဘဝကုန်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ တကယ်တော့ ချစ်ကြတာမဟုတ်ပါဘူး၊ ချစ်ရာမရောက်ပါဘူး။

* * *

# ကိုယ့်ကိုကိုယ်ချစ်
# လူအစစ်ပိုင်ရှင်များ

ယခုလို စစ်မှန်တဲ့သဒ္ဓါတရားလေးတွေနဲ့ ဒါနပေါ်လာအောင်၊ သီလပေါ်လာအောင်၊ သမာဓိပေါ်လာအောင်၊ ဝိပဿနာပေါ်လာအောင်၊ တရားစွမ်းအားတွေပေါ်လာအောင် ခန္ဓာကိုယ်ကြီးကို အသုံးချတတ်မှ ကိုယ့်ဟာကိုယ်ချစ်တယ်လို့ ခေါ်တယ်။

ဒီတော့ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပိုင်ရှင်များက ပြန်အဖြေပေး မယ်လေ၊ နှုတ်နဲ့ပေးချင်လဲ ပေးမယ်ပေါ့၊ စိတ်နဲ့အသိဉာဏ်နဲ့ပေးချင်လဲ ပေးမယ်ပေါ့၊ အလုပ်နဲ့အဖြေပေးချင်လဲ ပေးမယ်ပေါ့။

"ဟော့–ခန္ဓာကြီး၊ မင်းကိုငါ မဖြုန်းရက်ပါဘူးကွာ၊ မင်းခန္ဓာကြီးက ကျွဲလဲမဟုတ်၊ နွားလဲမဟုတ်၊ တိရစ္ဆာန်ရဲ့ခန္ဓာလဲ မဟုတ်တော့ ဖြုန်းရမယ့်ခန္ဓာ မဟုတ်မှန်း ငါသိပါတယ်၊ မဖြုန်းပါဘူးကွ၊ မင်းနှိပ်စက်နေတာကိုလဲပဲ အဓိပ္ပာယ်ကင်းမဲ့စွာနဲ့ ရှုံ့မဲ့ရှုံ့မဲ့နဲ့ အားငယ်စွာ ခံမနေပါဘူး။

လောကမှာ အဖိုးအတန်ဆုံးဖြစ်တဲ့ ဗုဒ္ဓ, ဓမ္မ, သံဃဆိုတဲ့ရတနာ (၃)လုံးနဲ့ ငါ့မှာတွေ့နေပြီ၊ သာသနာနဲ့မတွေ့ခင်တုန်းကလဲ ခန္ဓာနှိပ်စက်သလောက် ခံခဲ့ရပြီ၊ ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံပြန်တော့လဲ အဓိပ္ပာယ် ကင်းမဲ့စွာနဲ့ ခံနေရဦးမယ်ဆိုရင် ငါလောက်ညံ့သူ ဘယ်သူရှိမလဲ၊ ဒါကြောင့် မင်းနှိပ်စက်နေတာကို အဓိပ္ပာယ်ကင်းမဲ့စွာနဲ့ ခံမနေဘူး၊ မင်းကို ငါအဖိုးတန်အောင်သုံးမယ်၊ မင်းကိုကျွေးတာတောင်မှ တရားစွမ်းအားအမြတ်ပေါ်အောင် ကျွေးမယ်၊

ခန္ဓာရေ– မင်းကိုငါချစ်ပါတယ်ကွာ၊ 'ချစ်' ဆိုတာ တဏှာနဲ့ချစ်နေတာ မဟုတ်ဖူး၊ တဏှာနဲ့ ငါစွဲတွေ၊ ငါ့ဟာစွဲတွေနဲ့စွဲပြီးချစ်တာ ပြောတာ မဟုတ်ဖူး၊ ကိုယ့်ကိုကိုယ်ကယ်တင်နိုင်မယ့် တရား စွမ်းအားများကို ပြုလုပ်သောအားဖြင့် ချစ်တဲ့ပုံစံ နဲ့သာ မင်းကို ငါချစ်မှာပါကွာ"

အဲသလို တရားနဲ့အဖြေပေးပြီးတော့မှ နေ့ စဉ် ကုသိုလ်ကောင်းမှုတရားတွေကို မလစ်ဟင်း အောင် အားထုတ်ကြတယ်ဗျ။

"ဟော့ခန္ဓာကြီး မင်းစားချင်တာကျွေးမယ်၊ သို့သော် တည့်တာပဲကောင်းပါတယ်ကွာ၊ မတည့် တာတော့မကျွေးဘူးနော်၊ အရေးကြီးတာက မင်းကြိုက်ရာသုံးဖို့ထက် မင်းကျန်းမာဖို့၊ အသက် ရှည်ဖို့လိုတယ်၊ ခွန်အားတွေတိုးဖို့၊ ဉာဏ်ပညာ ပွားဖို့လိုတယ်။

မင်းတစ်ယောက်အသက်ရှင်ရင်လေ မင်း ကိုယ်မင်းလဲ ချမ်းသာအောင် ဆောင်ရွက်နိုင်တယ်၊ မင်းမိသားစုချမ်းသာအောင် ဆောင်ရွက်နိုင်တယ်၊ ရပ်ကွက်၊ မြို့၊ နိုင်ငံ၊ အမျိုးဘာသာ၊ သာသနာ အတွက် စွမ်းအားတွေရအောင် ဆောင်ရွက်နိုင် တယ်။

မင်း တစ်ရက်အသက်ရှည်ရင် နည်းတာမှတ်လို့၊ မင်းတစ်ရက် ကျန်းမာရင် နည်းတာမှတ်လို့၊ ဒါကြောင့် မင်းကို တည့်တာပဲပေးမယ်နော်၊ ပြီးတော့ ခန္ဓာကြီးရယ် မင်းကို ငါကျွေးတာ မအိုဖို့၊ မနာဖို့၊ မသေဖို့ ကျွေးတာမဟုတ်ပါဘူး၊ အိုချိန်တန် အိုပါ၊ မင်းတာဝန်မင်းကျေအောင်သာ ထမ်းနော်၊ မင်းကိုငါ တစ်နေ့ကို ၃-၄ ထပ် အနည်းဆုံးကျွေးနေတာ၊ မအိုဖို့ကျွေးနေတာမဟုတ်ဖူး၊ မင်းကို အသုံးချဖို့သာ ကျွေးနေတာ။

ခန္ဓာကြီး- မင်းကို မနာဖို့ကျွေးတာလဲ မဟုတ်ဖူးနော်၊ အကြောင်းဖောက်ပြန်ပြီး နာချင်လဲနာပေါ့၊ မင်းတာဝန် မင်းကျေအောင်သာ ထမ်းပါ၊ ငါက မင်းကို အသုံးချဖို့သာကျွေးတာ။

ခန္ဓာကြီးရေ- မင်းကို ငါမသေဖို့ကျွေးနေတာလဲ မဟုတ်ဖူး၊ ခန္ဓာရရင် သေမျိုးဆိုတာ ငါသိပြီးသားပါ၊ အချိန်တန်ရင် မင်းဟာမင်း သေပေါ့၊ မင်းကို ငါအသုံးချဖို့သာကျွေးနေတာ...၊

မင်းကို ဒါနနဲ့ စနစ်တကျ ချစ်ပြမယ်၊ သီလစွမ်းအားလေးတွေ နဲ့ စနစ်တကျချစ်ပြမယ်၊ သမာဓိပုံစံလေးနဲ့ ချစ်ပြမယ်၊ ဝိပဿနာပုံစံ

လေးတွေနဲ့ ချစ်ပြမယ်” ...ဆိုပြီးတော့ ကောင်းမှု တရားတွေ စိတ်ပါလက်ပါ တက်တက်ကြွကြွ၊ ထက်ထက်သန်သန် ဂြုလုပ်အားထုတ်တယ်။

အဲဒါကြောင့် ကိုယ့်ကိုကိုယ်ချစ် လူအစစ် ဆိုတာ ကိုယ့်ဟာကိုယ် ချစ်တတ်သူ ပုဂ္ဂိုလ်များဟာ ယခုလိုကောင်းမှုတရားလုပ်ရတာပျော်လို့၊ သာ သနာနဲ့တွေ့ရတယ်ဆိုတော့လဲ ကောင်းမှုတရား လုပ်လို့ အင်မတန်ကောင်းတာကိုး။

* * *

# မြန်မာပြည်ပျော်စရာကောင်းတာက

ကမ္ဘာ့အလယ်မှာ မြန်မာပြည်ပျော်ဖို့ကောင်း တယ်ဆိုတာ အမှန်တော့ ဟောဒီအလုပ်ကြောင့် ပျော်ရတာဗျာ၊ ရတနာသုံးပါးကြောင့် မြန်မာပြည် ပျော်စရာကောင်းတာပါဗျာ၊ သာသနာကြောင့် မြန်မာပြည်ပျော်စရာကောင်းတာ။

တချို့ကတော့ မြန်မာပြည်ကို အထင်သေး တယ်၊ မြန်မာပြည်ဟာ တကယ်ဆင်းရဲတယ်တဲ့၊ ဒါဖြင့် ချမ်းသာဘာတွေက ဘယ်သူတွေလဲ?

"ဘယ်တိုင်းပြည်၊ ဘယ်တိုင်းပြည် ချမ်းသာတယ်လေ?

"ဩော်...သူတို့က ချမ်းသာတာလား၊ ကောင်းပြီ၊ ဘာတွေပြည့်စုံလို့ ချမ်းသာတယ်ပြောတာလဲ"

"အို...သူတို့မှာစားဖို့သောက်ဖို့ နေဖို့ ထိုင်ဖို့ အသုံးအဆောင် အကုန်ပြည့်စုံတယ်"

"ဩော်...အဲဒါတွေပြည့်စုံရင် ချမ်းသာတယ်ခေါ်တာလား၊ ဒါဟာ ရှိတယ်ပြောတာပါ၊ ချမ်းသာတာ မဟုတ်ပါဘူး၊ သူတို့မှာ တရားစွမ်းအားစနစ်တကျ ဖြည့်ကျင့်တတ်တဲ့ အသိဉာဏ်မရပါဘူး၊ မရှိကြပါဘူးဗျာ၊ စိတ်ညစ်စရာလေး ဖြတ်ကနဲပေါ်လာရင် အရက်သောက်မယ်လေ၊ သူတို့မှာ ဒုက္ခထွက်ပေါက်မရှိဘူးဗျ၊ ဒုက္ခအပူထွက်ပေါက်မသိဘူးဗျ၊ ဒုက္ခအပူထွက်ပေါက်သိတဲ့လူ့မျက်လုံးမပါဘူးဗျ၊

စိတ်ညစ်စရာလေး ကြုံလာရင် အရက်သောက်မယ်၊ စိတ်ရှုပ်စရာပေါ်လာရင် ဘိန်းရှူမယ်၊ စိတ်ညစ်စရာ ရှုပ်စရာပေါ်လာရင် မူးယစ်ဆေးဝါးသုံးမယ်၊ အဆိပ်ကို ကယောင်ကတမ်းသောက်ပစ်လိုက် မယ်၊ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာပေါ်လာရင်

တိုက်အမြင့်ကြီးပေါ်တက်ပြီးတော့ ခြေရော လက်ရော ကြိုးနဲ့တုပ်ပြီး ခုန်ချမယ်။

အဲသလိုဆိုတော့ ဒါဟာ ချမ်းသာတာမှ မဟုတ်ပဲ၊ ဒုက္ခသစ္စာ လောင်စာထုပ်ကြီးကို ပိုက်ပြီးတော့ သမုဒယသစ္စာတွေနဲ့ မီးလောင်နေတာ၊ ကိုယ့်ဟာကိုယ် တကယ်တမ်းချစ်တတ်တာမှ မဟုတ်ပဲ၊ ကိုယ့်ဟာကိုယ် တကယ်မချစ်တတ်ရင် လူချမ်းသာရလဲ မရသေးပါဘူး။

ဒါကြောင့် ပစ္စည်းရှိတယ်၊ ကြွယ်ဝတယ်လို့ပဲ ပြောလို့ရတယ်၊ ချမ်းသာတယ်လို့ မပြောနိုင်ဘူး၊ ချမ်းသာရဲ့အနှစ်ချုပ်ဟာ စိတ်သန့်ရှင်း စင်ကြယ်မှုသာ အဓိကပါ၊ စိတ်သန့်ရှင်းစင်ကြယ်မှ ကိုယ့်ဟာကိုယ် စနစ်မှန် နည်းလမ်းမှန်အားဖြင့် ချစ်ခင်တတ်မယ်။

* * *

## တရားနဲ့တွေ့မှ လူချမ်းသာ

ဗုဒ္ဓရတနာ၊ ဗုဒ္ဓသာသနာဆိုတဲ့ စိတ်သန့်စင်တဲ့စက်၊ စိတ်ကောင်းထုတ်လုပ်တဲ့စက်၊ စိတ်အပူအအေးခံတဲ့စက် အဲသလို တင်စားရမယ့်

ရတနာသုံးပါးရှိတယ်၊ ရတနာသုံးပါးရှိတာလဲ အမှန်တော့ သာသနာရှိနေလို့ပါ။

ဘယ်လိုဆင်းရဲတွေနဲ့ပဲတွေ့တွေ့ဗျာ အဲဒီဆင်းရဲတွေ ငြိမ်းအေးအောင်နေတတ်ဖို့ သာသနာပေါ်လာတာပဲဗျ၊ ဘာတွေ့တွေ့ တပြုံးပြုံးနဲ့ ငိုစရာတွေ့လဲ ပြုံးပြုံးနဲ့ နှလုံးက တယ်အေးကိုဗျ၊ ဟန်မဟုတ်ပါဘူးဗျာ။

လောကမှာ ဘယ်အာရုံနဲ့ပဲတွေ့တွေ့ ရတနာသုံးပါးနဲ့ တွေ့နေတဲ့ လူတွေဟာ သာသနာကျင့်စဉ်နည်းလမ်းကောင်းကို တကယ်ရနေတဲ့ ပုဂ္ဂိုလ်တွေ၊ နှလုံးသား အေးချမ်းစွာဖြင့် ပြုံးရွှင်ကြည်လင်စွာဖြင့် တရားစွမ်းအားကို ပြုလုပ်အားထုတ်တတ်ကြတယ်။

ဒါကြောင့် တကယ်ချမ်းသာတဲ့လူဆိုတာ တရားနဲ့တွေ့တဲ့လူသာ ချမ်းသာတဲ့လူပါ၊ ဒါကြောင့် မြန်မာပြည် သိပ်ပျော်ဖို့ကောင်းတယ်ဆိုတာ ရတနာသုံးပါးကြောင့်၊ ယခုလို တရားအလုပ်၊ ကုသိုလ်အလုပ်တွေကြောင့် ကိုယ့်မှာပိုက်ဆံပေါလို့၊ ပိုက်ဆံပေါလွန်းလို့ ထ,လုပ်တဲ့ အလုပ်တွေမှ မဟုတ်ပဲ။

သဒ္ဓါတရားက မလုပ်ပဲမနေနိုင်အောင်တက်ကြွတယ်၊ ဝီရိယတရားတွေက မလုပ်ပဲမနေနိုင်အောင်နိုးကြားတယ်၊ မေတ္တာတရားတွေက မလုပ်ပဲမနေနိုင်အောင် စိတ်ထဲမှာ ရွှင်လန်းတက်ကြွနေတယ်၊ ပြည့်စုံနေတယ်၊ အသိပညာ သမ္မာဒိဋ္ဌိမျက်လုံးတွေ အင်မတန်မှ ပွင့်လင်းပြီးတော့နေတယ်။

ဒီလို ကိုယ်ပိုင်အသိလေးတွေပေါ်လာကြလို့၊ ယခုလို ကုသိုလ် ကောင်းမှုလုပ်ရတာ ပျော်ကြလို့ ဒို့များကို ဉာဏ်မျက်လုံးဖွင့်ပေးတဲ့ ဟောဒီ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးလဲ ကြာကြာကြီးတည်ရမယ်၊ သာသနာနဲ့ ထိုက်သူတွေလဲ အကုန်လုံးတွေ့စေရမယ်၊ ကမ္ဘာအနှံ့ ပြန့်သွားစေရမယ်လို့ စစ်မှန်တဲ့စေတနာတွေ၊ မေတ္တာတွေနဲ့ ကိုယ့်ပစ္စည်းကုန်တာ ကုန်တယ်လို့မမြင်၊ ကုန်တာများတောင် ပျော်လို့၊ ကိုယ်ပစ္စည်းအလကားပေးရတာကြီးများ ပျော်လို့ဗျာ။

အဲဒါ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ဖြစ်ခွင့်ရလို့ ပျော်နိုင်ကြတာပေါ့ဗျာ၊ ဒါကြောင့် ယခုလို သာသနာနဲ့ တွေ့ကြုံခွင့်ရတဲ့အခါမှ သာသနာရတနာ

ကြောကြီးပေါ်မှာ နေရတာဖြစ်လို့ ကိုယ့်ဟာကိုယ် စနစ်မှန် နည်းမှန်အားဖြင့် ချစ်တတ်ကြတယ်။

* * *

# ကိုယ့်ကိုကိုယ်မုန်းတဲ့သူ

* **မကောင်းအလုပ်၊ ပြုလုပ်သူမှာ၊**
**ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်၊**

လောကမှာ ကိုယ့်ကိုကိုယ် မုန်းတဲ့သူ၊ ကိုယ့်ကိုကိုယ်ချစ်တဲ့လူလို့ (၂)မျိုးရှိတယ်၊ တဏှာချစ်နဲ့ချစ်တဲ့ပုဂ္ဂိုလ်တွေ အဝိဇ္ဇာတွဲပြီးတော့ တဏှာချစ် ချစ်တဲ့ပုဂ္ဂိုလ်တွေ မကောင်းတဲ့အလုပ် လုပ်ရဲတာပေါ့ဗျာ၊ ဘာမှ စဉ်းစားနိုင်းချိန်မှုလဲ မရှိပါဘူး၊ နောင်ဘာပဲဖြစ်ဖြစ် ပစ္စုပ္ပန် လောလောဆယ်အရေးအတွက် မျက်စိတစ်လှမ်းလေးလောက်ကြည့်ပြီး မကောင်းတဲ့အလုပ် လျှောက်လုပ်တတ်တယ်၊ လုပ်ရဲတယ်။

*** မကောင်းအလုပ်၊ ပြုလုပ်သူမှာ၊ ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်၊**

မကောင်းတဲ့အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ကြောက်ဖို့ကောင်းတယ်၊ ကိုယ့်ဟာကိုယ် မုန်းလို့လုပ်တာ၊ ဗဟိဒ္ဓရန်သူတွေ ကိုယ့်ကိုမုန်းတယ်ဆိုတာက တစ်ဘဝသာနှိပ်စက်မှာ၊ ကိုယ့်ဟာကိုယ် မုန်းလို့ မကောင်းတဲ့အလုပ်လုပ်တာက သံသရာတစ်လျှောက် ခေါင်းမဖော်နိုင်အောင် ဒုက္ခပေးမှာ။

သာသနာမျက်လုံးရထားတဲ့ ပုဂ္ဂိုလ်တွေကျတော့ ပြတ်သားစွာ အမှန်အတိုင်းမြင်အောင်ကြည့်လို့ ကိုယ့်ဟာကိုယ်ချစ်တတ်ကြတယ်၊ မကောင်းတဲ့အလုပ်ကို ရှောင်တတ်တယ်၊ ဒီတစ်ထပ်စာလေး ဝဝစားရမှာအတွက်နဲ့ တစ်သံသရာလုံး ဒုက္ခရောက်အောင် ငါဘယ်တော့မှမလုပ်ဖူးတဲ့၊ (သတ္တိရှိတယ်ဗျာ)

*** မကောင်းအလုပ်၊ ပြုလုပ်သူမှာ၊ ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်၊**

ကိုယ့်အကျိုးကို မလိုလားတဲ့၊ ကိုယ့်ကိုမုန်းတီးတဲ့ ရန်သူနှောင့်ယှက်တာထက် အဆများစွာကြီးမားတဲ့ ဆင်းရဲဒုက္ခဖြစ်အောင်လုပ်နေတာ

ဖြစ်သောကြောင့် ကိုယ့်ဟာကိုယ် တကယ်မုန်း နေတဲ့ပုဂ္ဂိုလ်၊ ပါးစပ်က ဘယ်လိုချစ်တယ်ပြောပြော မုန်းလို့လုပ်တာ။

*** မကောင်းစကား၊ ပြောကြားသူမှာ၊ ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်၊**

ပါးစပ်က အကျိုးမရှိတဲ့စကားတွေ၊ သူများ ကို နှိပ်စက်တတ်တဲ့စကားတွေ၊ သူများဒုက္ခရောက် စေတတ်တဲ့စကားတွေ စသည်ဖြင့် မကောင်းတဲ့ စကားတွေ ပြောကြားတယ်၊ ဒါလဲ ကြောက်စရာ ကောင်းတယ်တဲ့၊ ကိုယ့်ဟာကိုယ်မုန်းလို့ပြောတာ။

*** မကောင်းသဘော၊ တွေးတောသူမှာ၊ ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်၊**

မကောင်းတာတွေ စဉ်းစားတွေးတောနေ တယ်၊ ဒါလဲ ကြောက်စရာကောင်းတယ်၊ ကိုယ့် ဟာကိုယ်မုန်းနေတာပဲ၊ သူများပစ္စည်း မတရား ကြံစည်တယ်၊ သူများပျက်စီးရာပျက်စီးကြောင်း တွေ လျှောက်စဉ်းစားနေတယ်၊ အဓိပ္ပာယ်မရှိ စိတ်တွေအထိန်းအကွပ်မရှိ စဉ်းစားချင်ရာ လျှောက် စဉ်းစားနေတယ်၊ ဒါဟာ ကိုယ့်ဟာကိုယ်မုန်းနေတဲ့ လူတွေပဲ။

*** ကိုယ့်ကိုမချစ်၊ ရန်သူစစ်၊**
**ဆိုးညစ်ပူလောင်သည်၊**

ကိုယ့်ကိုမချစ်တဲ့ပုဂ္ဂိုလ်ဟာ တကယ်တော့ ကိုယ့်ရဲ့ရန်သူတဲ့ဗျ၊ လောကမှာ မုန်းစရာအကောင်းဆုံး ဘယ်သူလဲလို့ ရှာကြည့်စမ်းပါ၊ ကိုယ့်ဟာကိုယ် မုန်းစရာအကောင်းဆုံး၊ အပါယ်ကိုချတာ မဟိဒ္ဓရန်သူက မချနိုင်ဘူးဗျ၊ ကိုယ့်ဟာကိုယ်ချကြတာ။

အရုပ်ဆိုးအောင်လဲ ကိုယ့်ဟာကိုယ်ပဲလုပ်တယ်၊ အသက်တိုအောင် ကိုယ့်ဟာကိုယ်ပဲလုပ်တယ်၊ ဉာဏ်ထိုင်းအောင် ကိုယ့်ဟာကိုယ်ပဲလုပ်တယ်၊ မွဲအောင် ဆင်းရဲအောင်လဲ ကိုယ့်ဟာကိုယ်ပဲလုပ်တယ်၊ ဗဟိဒ္ဓရန်သူပါချင်လဲပါလိမ့်မယ်၊ အဓိကကတော့ အဇ္ဈတ္တသာ အဓိက။

ဒါကြောင့် လောကမှာ မုန်းစရာအကောင်းဆုံး ဘယ်သူလဲလို့ ရှာလိုက်တဲ့အခါ ကိုယ့်ဟာကိုယ်သာ မုန်းစရာအကောင်းဆုံး။

*** ကိုယ့်ကိုမချစ်၊ ရန်သူစစ်၊**
**ဆိုးညစ်ပူလောင်သည်၊**

ကိုယ့်ဟာကိုယ်မချစ်တဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ရဲ့ရန်သူအစစ်ပါ၊ ဆိုးတယ်၊ ညစ်တယ်၊ ပူလောင်

တယ်၊ ပစ္စုပ္ပန်မှာလဲ ဟစ်ဘဝလုံး ဘဝရဲ့အနှစ် ဘာတစ်ခုမှမရ၊ ပစ္စုပ္ပန်မှာတောင် ချမ်းသာရာ မရဘူးဆိုရင် နောင်ရေးဆိုတာ ထည့်ကိုမပြောနဲ့ တော့၊ ဘာမှ စွမ်းအားရမှာမဟုတ်ဖူး။

ဒုသနသောဆိုတဲ့ သူဌေးသား(၄)ယောက် ဘုရားသာသနာနဲ့လဲ တွေ့ကြုံကြပါရဲ့၊ ပစ္စည်းလဲ ကြွယ်ဝလိုက်တာ၊ ကုဋေလေးဆယ်ရှိတယ်၊ ဘဝ ကလဲ သုံးလို့ဖြစ်တဲ့ဘဝတွေ၊ သို့သော် ကိုယ့်ဟာ ကိုယ် စနစ်တကျ မချစ်တတ်ကြဘူး။

မချစ်တတ်ကြတော့ တဏှာချစ်နဲ့ အချစ်လွဲ ပြီး မကောင်းမှု ဒုစရိုက် အကုသိုလ်တရားတွေလုပ်၊ စုတေပြတ်ကြွေ ကွယ်လွန်သွားတဲ့အခါ(၄)ယောက် စလုံး ငရဲကိုရောက်သွားတယ်၊ လောဟကုမ္ဘီ ငရဲ မှာ ယခုထက်ထိ ပူလောင်စွာ ခံနေရတုန်းပဲ။

သူတို့ကတော့ပြောမှာပေါ့၊ "အို...အကု သိုလ်အလုပ်လုပ်တာ ကိုယ့်ကိုကိုယ်ချစ်လို့လုပ် တာ"လို့ ပြောမှာပေါ့၊ဒါပေမယ် အဝိဇ္ဇာ အမှောင် ထဲကတဏှာနဲ့ လွဲမှားစွာချစ်မိတဲ့အတွက် (တရားနဲ့ ပြောရင်တော့) မှန်းတာတဲ့၊ မှန်းလို့ မဟုတ်တာတွေ လျှောက်လုပ်တာ။

*** ကိုယ့်ကိုမချစ်၊ ရန်သူစစ်၊**
**ဆိုးညစ်ပုံလောင်သည်၊**

ဘုရားလက်ထက်က တောဒေသမျှပုဏ္ဏား သူဌေးကြီးတို့၊ ဘုရားသီတင်းသုံးတဲ့ သာဝတ္ထိမြို့မှာ လဲ နေရပါရဲ့၊ ပစ္စည်း ၈၇ ကုဋေလဲ ကြွယ်ဝပါရဲ့၊ သို့သော် ကိုယ့်ကိုကိုယ်မချစ်တတ်၊ တဏှာချစ်နဲ့သာ အဝိဇ္ဇာနဲ့တွဲပြီး လွဲမှားစွာချစ်တယ်။

ပစ္စည်းတွေ ဒီလောက်ပေါတာတောင် အလှူမလုပ်၊ ကိုယ့်ဟာကိုယ်တောင် ဝအောင်မကျွေး၊ ကိုယ့်မိသားစုတောင် ဝအောင်မကျွေး၊ မကြည်ဖြူ၊ ပစ္စည်းတွေပေါလျက်သားနဲ့ အဖိုးတန်အောင် ဘာမှမသုံးဖြစ်၊ သီလ, သမာဓိ, ဝိပဿနာဆိုတာ အဝေးကြီး၊ တဏှာနဲ့ အချစ်လွဲပြီး ကုသိုလ်တွေဆုံးရှုံး၊ အပုတွေများလွန်းလို့ စုတေပြတ်ကြွေ ကွယ်လွန်သွားတဲ့အခါ သူ့အိမ်ထဲမှာခွေးကြီးဖြစ်ရရှာတယ်၊ ဒါ...ကိုယ့်ဟာကိုယ် မုန်းလို့လေ။

*** ကိုယ့်ကိုမချစ်၊ ရန်သူစစ်၊**
**ဆိုးညစ်ပုံလောင်သည်၊**

ဒါကြောင့် အကုသိုလ်အပူတွေကို စုနေတဲ့ ပုဂ္ဂိုလ်၊ အမှန်တော့ မုန်းလို့၊ ဒါကြောင့် ကိုယ့်ကို ကိုယ်ချစ်သလား၊ မုန်းသလား အမြဲစစ်ဆေး နေရတာ၊ ဒီလောကတောင် လောဘတွေ၊ ဒေါသ တွေ၊ မောဟတွေကို လက်ခံနေရင် ကိုယ့်ဟာကိုယ် မုန်းရာရောက်နေပြီ။

* * *

## ကိုယ့်ကိုကိုယ်ချစ်ရင်

ကိုယ့်ကိုကိုယ်ချစ်ရင် ဒီနေရာမှာ သိတဲ့ တရားတွေ အစားသွင်းလို့၊ သတိ, ပညာတို့အမြဲ တမ်းကိုင်၊ ချိန်သီးလေးတပ်ဆင်ပြီးတော့ ရလာတဲ့ အချိန်လေးတွေကို အဖိုးတန်အောင် သုံးကြရမှာ ပေါ့ဗျာ။

သာသနာက သိပ်အဖိုးတန်တယ်၊ အဖိုးတန် တဲ့သာသနာကို ချီးမြှောက်နေကြတယ်၊ အားပေး နေကြတယ်၊ ကမ္ဘာ့အလယ်မှာ သာသနာနဲ့ ပတ်

သက်လို့ ဂုဏ်ယူစရာအကောင်းဆုံးက မြန်မာပြည် ပေါ့၊ ဘာလို့တုန်းဆိုတော့ သဒ္ဓါ, မေတ္တာ, ပညာ, သာသနာပြုခွန်အား (၃)ခုရှိတယ်၊

ကမ္ဘာမှာ ပစ္စည်းကြွယ်ဝတဲ့ တိုင်းပြည်တွေ အများကြီး၊ သို့သော် ပစ္စည်းသာပေါတာ၊ သဒ္ဓါပေါ တာကျတော့ မြန်မာကိုမမှီ၊ သဒ္ဓါ တရားချင်းကျ တော့ မြန်မာကိုလိုက်မမှီ။

သူတို့မှာ ပစ္စည်းတော့ပေါတယ်၊ သာသနာ ချီးမြှောက်နိုင်လောက်အောင် မေတ္တာချင်းပြိုင်လိုက် တော့ မြန်မာကိုမမှီ။

သူတို့လဲ ပညာတော့ရှိကြတာပဲ၊ သို့သော် သာသနာမျက်လုံးလို့ ခေါ်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိခေါ်တဲ့ အတွင်းကို ထွင်းဖောက်ပြီး ကြည့်နိုင်တဲ့ ပညာမျက်လုံးချင်း ယှဉ်လိုက်တော့ မြန်မာကို သူတို့မျက်လုံးကမမှီ။

ဒါကိုက အဖြေရှင်းနေပြီပဲ၊ ဒို့လက်ထဲမှာ သာသနာနေနိုင်တာ အမှန်တော့ ဒီစိတ်ကောင်းတွေ ကြောင့်ပါလား၊ ဒီစိတ်ကောင်းကြောင့် ကိုယ့်ဟာ ကိုယ်လဲချစ်တယ်၊ သာသနာကိုလဲချစ်တယ်၊ ကိုယ့် ကိုချစ်နည်းလေးတွေ လမ်းညွှန်ပေးတဲ့ သာသနာ

တော်မြတ်ကြီးကိုလဲ ချစ်တယ်၊ ဒါကြောင့် သဒ္ဓါ၊ ပညာ၊ မေတ္တာတရားတွေနဲ့ ချီးမြှောက်နေကြတာ။

* **ကိုယ့်ကိုမချစ်၊ ရန်သူစစ်၊**
  **ဆိုးညစ်ပူလောင်သည်၊**
* **အကောင်းအလုပ်၊ ပြုလုပ်သူမှာ၊**
  **အားကိုးရာ၊ ကိုယ့်ဟာကိုယ်ချစ်သည်၊**

ကောင်းတဲ့အလုပ်ကို ပြုလုပ်အားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ အားကိုးစရာကောင်းတယ်၊ ကိုယ့်အပေါ်မှာ အင်မတန်ချစ်တဲ့ မိဘဆွေမျိုးတွေ၊ မိတ်ဆွေအရင်းတွေ ပေးတာထက်ပောင်မှ အံ့ဩစရာကောင်းအောင် သူကပေးမှာ၊ အံ့ဩစရာကောင်းအောင် ဆောင်ရွက်ပေးမှာဆိုတော့ ကောင်းတဲ့အလုပ် (ယခုလို ဒါနစတဲ့ကုသိုလ်တွေ) လုပ်ကြတာ။

ဒါနအလှူတွေ ဘာလို့လုပ်ကြတာလဲလို့ မေးရင် ချစ်လို့လုပ်တာ၊ ကိုယ့်ဟာကိုယ်ချစ်လို့ လုပ်တာ၊ သီလတွေကို ဘာလို့ဆောက်တည်ကြတာလဲမေးရင် ချစ်လို့လုပ်တာ၊ ကိုယ့်ဟာကိုယ်ချစ်လို့ ဆောက်တည်ကျင့်သုံးကြတာ စသည်ဖြင့်ပေါ့။

*** အကောင်းစကား၊ ပြောကြားသူမှာ၊ အားကိုးရာ၊ ကိုယ်ဟာကိုယ်ချစ်သည်၊**

ပါးစပ်က အကျိုးရှိတဲ့စကားတွေပြောလို့၊ မိမိချမ်းသာကြောင်း လူတကာတွေ ချမ်းသာကြောင်း၊ သာသနာကြီးပွားတိုးတက်ကြောင်း စကားတွေပြောလို့ နှုတ်ကထွက်လာသမျှ အသံတွေ၊ မေတ္တာစေတနာ အရင်းခံတဲ့ အသံလေးတွေနဲ့ ပြောဆိုနေကြတာတွေ၊ ဒါတွေဟာ အားကိုးရာတွေပဲ၊ ကိုယ့်ဟာကိုယ် တကယ်ချစ်လို့ ပြောနေကြတာ။

*** အကောင်းသဘော၊ တွေးတောသူမှာ၊ အားကိုးရာ၊ ကိုယ့်ဟာကိုယ်ချစ်သည်၊**

ကောင်းတဲ့သဘောလေးတွေ စဉ်းစားနှလုံးသွင်းလို့၊ ဆင်ခြင်လို့နေကြတာ၊ ဒါလဲပဲ ကိုယ့်ဟာကိုယ်ချစ်တာ၊ တကယ့်ကို အားကိုးရာပါ။

ယခုလို အလှူလုပ်ပြီးပြန်တော့လဲ ပစ်မထားဘူးလေ၊ ပြန်,ပြန်တွေးနေတယ်၊ ဘယ်တုန်းက ဆွမ်းဆန်တော်လှူခဲ့တယ်၊ ဘယ်တုန်းက သာသနာ ချီးမြှောက်ခဲ့တယ် စသည်ဖြင့် စဉ်းစားနေရင် ဒါနက ဘာဝနာပြန်ဖြစ်တယ်ဗျ။

သီလတွေပြန်စဉ်းစားပြန်တော့ သီလက ဘာဝနာတွေ ပြန်ဖြစ်နေတယ်၊ အဲသလို စသည်ဖြင့် ကောင်းတာလေးတွေ စဉ်းစားလို့၊ မေတ္တာလေးတွေ ပို့လို့၊ ဘုရားဂုဏ်တော်လေးတွေပွားလို့၊ အကျိုးရှိတဲ့ အလုပ်ကလေးတွေလုပ်လို့၊ နှလုံးသွင်းလို့ ဆင်ခြင်လို့နေကြတာတွေ ကိုယ့်ဟာကိုယ်ချစ်လို့၊ ခန္ဓာအရှိ ဉာဏ်နဲ့ကြည့် နှလုံးသွင်းလို့နေကြတာတွေ ကိုယ့်ဟာကိုယ်ချစ်လို့။

*** ကိုယ့်ကိုကိုယ်ချစ်၊ လူအစစ်၊ အနှစ်ပိုင်ဆိုင်သည်၊**

ကိုယ့်ဟာကိုယ်ချစ်တဲ့ ပုဂ္ဂိုလ်တွေဟာ တကယ်တော့ လူအစစ် တွေပါ၊ ကိုယ့်ဟာကိုယ် တဏှာနဲ့ချစ်ပြီးတော့ ပစ္စည်းကိုဖြုန်းနေတဲ့ ပုဂ္ဂိုလ်တွေ၊ ပါးစပ်ကဘာပဲပြောပြော သဘောကံ မှန်းလို့တဲ့ဗျ။

ဒကာ, ဒကာမတွေကတော့ ကိုယ့်ဟာကိုယ် ချစ်ကြတာ၊ ကုသိုလ် လုပ်ရဲကြတာပေါ့၊ ကိုယ့်ကို လမ်းမှန်ညွှန်ပြပေးတဲ့ သာသနာတော်မြတ် ကြီးကို ဝမ်းမြောက်ဝမ်းသာ ချီးမြှောက်နေကြတာပေါ့။

ဒါကြောင့် ကိုယ့်ဟာကိုယ်ချစ်ရင် လူအစစ် ဖြစ်တယ်၊ ပစ္စည်းရဲ့ အနှစ်ဒါနပိုင်တယ်ဗျ၊ ခန္ဓာရဲ့

အနှစ် သီလပိုင်တယ်ဗျ၊ အသက်နဲ့ စိတ်ရဲ့အနှစ် ဖြစ်တဲ့ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတွေ ပိုင်တယ်၊ “ဒို့လောက်အရတော်တဲ့သူ ရှိသေးလို့ လားဟယ်”လို့ စိတ်ထဲမှာကို ကြည်နူးလို့၊ ကျေနပ်လို့။

လောကမှာ ပျော်ရတဲ့အပျော်တွေနဲ့ဘယ်လိုမှ ယှဉ်လို့မရနိုင်တဲ့ နှလုံးသားကို အေးချမ်းစိမ့်ဝင် သွားစေနိုင်တဲ့ စွမ်းအားတွေပါ။

* **မကောင်းအလုပ်၊ ပြုလုပ်သူမှာ၊**
**ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်၊**

* **မကောင်းစကား၊ ပြောကြားသူမှာ၊**
**ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်၊**

* **မကောင်းသဘော၊ တွေးတောသူမှာ၊**
**ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်၊**

* **ကိုယ့်ကိုမချစ်၊ ရန်သူစစ်၊**
**ဆိုးညစ်ပူလောင်သည်၊**

* **အကောင်းအလုပ်၊ ပြုလုပ်သူမှာ၊**
**အားကိုးရာ၊ ကိုယ့်ဟာကိုယ်ချစ်သည်၊**

* **အကောင်းစကား၊ ပြောကြားသူမှာ၊**
**အားကိုးရာ၊ ကိုယ့်ဟာကိုယ်ချစ်သည်၊**

* **အကောင်းသဘော၊ တွေးတောသူမှာ၊**
**အားကိုးရာ၊ ကိုယ့်ဟာကိုယ်ချစ်သည်၊**

*** ကိုယ့်ကိုကိုယ်ကိုချစ်၊ လူ့အစစ်၊ အနှစ်ပိုင်ဆိုင်သည်၊**

ဒါကြောင့် ဒုက္ခငှကာရိန်–မကောင်းအစု၊ ဒုစရိုက်မှုကို ပြုလုပ်မိသော ပုဂ္ဂိုလ်မျိုးသည်၊ တံသုခံ–ထိုစိတ်အေးစရာ မြတ်ချမ်းသာကို၊ သုလဘံ–ကောင်းစွာပိုင်ပိုင်ရရှိနိုင်သည်၊နဟောတိ–မဖြစ်နိုင်တော့ချေ။

ဣတိ–ဤသို့၊ ဘဂဝါ–တရားစွမ်းအား မြတ်တရားကို တိုးပွားများမြှင့်တင်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဧတံ–ဤ ကိုယ့်ကို ကိုယ်ချစ် လူ့အစစ်ဆိုသော တရားဒေသနာကို၊ အဝေါစ–ကရုဏာတရား မေတ္တာထား၍၊ ဟော ကြားတော်မူခဲ့ပါပေသတည်း။

* * *

# မောင်ဦးနှင့်မထူး

သာသနာနဲ့တွေတဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ့်ဟာ ကိုယ် စစ်မှန်သောပုံစံနဲ့ ချစ်တတ်တယ်၊ အာရုံနဲ့

စိတ်အဆင်ပြေအောင် နေတတ်တယ်၊ အာရုံ အထောင်းအထု အနိုင်ကျင့်တာမခံဘူး၊ အာရုံမှန် သမျှတွေကို အကြောင်းပြုပြီးတော့ ကိုယ်ပိုင်စွမ်း အားတွေကျန်အောင် ပြုလုပ်အားထုတ်တတ်တယ်။

ကိုပုနဲ့ မနုတို့မှာ သားလေးတစ်ယောက် မွေးဖွားလာတယ်၊ ဦးဦးဖျားဖျားမွေးလို့၊ မောင်ဦးလို့ နာမည်ပေး၊ မောင်ဦးလေးက မျက်စိပေါ်လာတယ် ဆိုရုံလေးပဲ၊ နားက ပါတယ်ဆိုရုံလေးပဲ၊ ဦးနှောက် က ခပ်ပျက်ပျက်၊ စကားလဲ တစ်ခွန်းမှပြောဖော် မရ၊ အသက်ကသာ တစ်နှစ်ထက်တစ်နှစ် ကြီး လာတယ်၊ စကားက တစ်ခွန်းမှမပြော။

ဒီတော့ ကိုပုတို့၊ မနုတို့မှာ သားလေးချစ် လို့သာ မောင်ဦးလို့ နာမည်ပေးရတယ်၊ သုံးလို့က လုံးဝမရ၊ ဝန်ထုပ်ကြီးတစ်ထုပ်သာ အိမ်ပေါ်ရောက် နေသလို ကြီးလိုက်တဲ့တာဝန်၊ ဒီတော့ မနု တော်တော် စိတ်ပျက်တယ်။

"ဟယ်...ကြောင်တစ်ကောင်ခွေးတစ်ကောင် မွေးရတာလောက်မှ ပျော်စရာမကောင်းပါလား" ...လို့ ပါးစပ်ကတောင်ထုတ်ပြီး ညည်းတွားမိရှာ သတဲ့၊ တော်တော်ကြီးစိတ်ဓာတ်ကျ။

"သူများသားလေးတွေ ဒီအရွယ်ဆိုရင် စကားတွေပြောတတ်ပြီ၊ ဒို့သားလေး ဒီအရွယ် ရောက်လဲ စကားတစ်ခွန်းမှ မပြောပါလား"

စိတ်ဆင်းရဲစရာ၊ စိတ်ညစ်စရာတွေသာ အမျိုးမျိုးနှောင့်ယှက်နေတယ်၊ ဘာမှသိမှမသိဘဲနဲ့၊ အဲသလိုသားတစ်ယောက်ရလို့ သူတို့မှာ စိတ်ညစ် နေကြသတဲ့။

ဟော...နောက်တစ်ခါ သမီးတစ်ယောက် မွေးဖွားလာပြန်ရော၊ ဒီတစ်ခါတော့ သုံးလို့ရတဲ့ သမီးတစ်ယောက်ဖြစ်ရမှာပဲဆိုတဲ့ ရည် ရွယ်ချက်နဲ့ မထူးဆိုတဲ့နာမည်ပေးတယ်။

အတူတူပါပဲ၊ မထူးလဲ မျက်စိပါကာမတ္တ လေး၊ နားကလဲဘာမှမကြား၊ ပါးစပ်ကလဲ စကား တစ်ခွန်းမှမပြောနိုင်၊ ငိုရုံပဲတတ်တယ်။

သူလဲအတူတူပဲ၊ စကားပြောရမယ့်အချိန် ရောက်တော့ မပြော၊ မိဘစိတ်ညစ်စေတဲ့ အမူအရာ မျိုးမျိုးတွေပြ၊ မနေတစ်ယောက် တော်တော် စိတ် ညစ်လာတယ်။

"သြော်...သားလေးသာ ဒါမျိုးဖြစ်တယ်၊ သမီးလေးတော့ ဒါမျိုးမဖြစ်တန်ကောင်းရဲ့ အောက် မေ့တယ်၊ သမီးလဲ ဒါမျိုးပါပဲလား"

သူတို့အိမ်မှာ ဝန်ထုပ်ဝန်ပိုးကြီး ရောက်နေတယ်လို့ စိတ်ထဲမှာဖြစ်ပြီး တော်တော်စိတ်ခာတ်ကျတယ်။

* * *

# ဂုဏ်ပျက်တယ်ထင်လို့

သူများတွေကမေးပါတယ်၊

"ဟော့–မောင်ပုတို့ မနုတို့၊ သားသမီး ဘယ်နှစ်ယောက်ရှိသတုန်း"

"တစ်ယောက်မှမရှိ၊ တစ်ယောက်မှမရှိ"

"မင်းတို့အိမ်မှာ ကလေးနှစ်ယောက်တွေ့တယ်"

"အဲဒါ သူများအထိန်းခိုင်းလို့ ခဏထိန်းတာ"...လို့ ပြောလိုက်တယ်၊ အမှန်တော့ သားတို့သမီးတို့က သုံးမရတော့ ဂုဏ်မယူချင်တော့ဘူး၊ ဂုဏ်ပျက်တယ်ထင်လို့ သူများတွေကို လိမ်ပြောကြတယ်။

တစ်နေ့သောအခါမှာတော့ ရွာဦးဘုန်းကြီး ကျောင်းက ဘုန်းကြီးထံ ရောက်သွား၊ စကားစပ်မိ စပ်ရာပြောရင်းက ဘုန်းကြီးကမေးတယ်။

"မောင်ပုတို့၊ မနုတို့ သားသမီးဘယ်နှစ် ယောက် ရှိလဲ"

ဘုန်းကြီးကိုတော့ မလိမ်ဘူး။

"ရှိတာတော့ (၂)ယောက်ထဲပဲဘုရား"

"ဟဲ့-ရှိတယ်ဆိုတော်ရောပေါ့၊ ရှိတာတော့ ဆိုတာ ဘာလဲ"

"သုံးလို့မဖြစ်ဖူးဘုရား၊ ဒီအရွယ် စကားပြော ရမယ့်အရွယ်၊ ကျောင်းထားရမယ့်အရွယ်ဘုရား့၊ ဒါပေမယ့် တစ်ယောက်မှ စကားမပြောနိုင်ဘူး၊ အ,အတွေချည်း၊ အနတွေချည်း၊ အကန်းတွေ၊ အပင်းတွေချည်းဘုရား၊ ဘာဆိုဘာမှ သုံးလို့မရဘူး၊ ဝန်ထုပ်ကြီး (၂)ထုပ် အိမ်ပေါ်ရောက်နေသလိုပဲ၊ မိဘတွေ ဒုက္ခဖြစ်ရုံလောက်လေး သူတို့ အိမ်ပေါ် ရောက်နေကြတယ်၊ တပည့်တော်တို့ အမြဲစိတ်ညစ်၊ စိတ်ဓာတ်ကျရတယ်ဘုရား"

"မောင်ပုတို့ မနုတို့ အဲဒါ "ကြွေး"ခေါ် တယ်"

ဘုန်းကြီးက သာသနာ့မျက်လုံးလေးဖွင့်ပေး လိုက်တယ်၊ ကိုယ့်ဟာကိုယ် ချစ်တတ်အောင်လို့ ဘုန်းကြီးက သာသနာ့မျက်လုံးလေး ဖွင့်ပေးလိုက် တာပါ၊ ဒါကြောင့် သုတဆက်သွယ်ရေး သိပ် အရေးကြီးတယ်ဗျ”

* * *

## သံသရာကြွေး

“အဲဒါ ကြွေးခေါ်တယ်ကွဲ့၊ ဘဝသံသရာ တစ်ကွေ့တုန်းမှာ မင်းတို့က သူတို့ဆီ ကြွေးတွေ အများကြီး ယူခဲ့ပုံပေါက်တယ်ကွဲ့၊ မင်းတို့ရဲ့ ကြွေးရှင်တွေကလဲ စိတ်စေတနာမှန်ခဲ့ပုံမပေါ်ဘူး၊ ငါ့စိတ်အထင်တော့ မောင်ဦးတို့ မထူးတို့ဟာ အရင်ဘဝက ဇနီးမောင်နှံ ဖြစ်ခဲ့ပုံရတယ်၊ ကြည့် လေ၊ အကျိုးပေးပုံက တစ်ပုံစံထဲမဟုတ်လား၊ စိတ်နေစိတ်ထားရော၊ ကန်းတာ, ပင်းတာ, အ,တာ ရော တစ်ပုံစံထဲဆိုတော့ ကြွေးရှင်တွေဆိုပေမယ့် သူတို့က စိတ်နေစိတ်ထားတွေ ဟန်ကျပုံမပေါ်ဘူး၊

ဒါပေမယ့် မင်းတို့က ကြွေးတွေယူခဲ့ပုံပေါ်တယ်၊ ဟော့...ကြွေးဆိုတာ ဆပ်ရမယ်၊ ဆပ်တော့လဲ ပြုံးပြုံးလေးနဲ့ဆပ်ရမယ်”

ကိုယ့်ကိုကိုယ်ချစ်ပြီး ဒါနနဲ့ဆပ်စမ်းပါ၊ သာသနာမျက်လုံးရှိတယ်၊ မင်းတို့ဘက်မှာ ဘုရားရှိတယ်၊ တရားရှိတယ်၊ သံဃာရှိတယ်၊ မင်းတို့ဘာမှစိတ်ဓာတ်ကျစရာမလိုဘူး၊

ငါတို့မှာ ဒါနသားသမီးတွေရှိတယ်၊ သီလသားသမီးတွေရှိတယ်၊ သမာဓိ ဝိပဿနာဆိုတဲ့ သားသမီးတွေရှိတယ်လို့ ပြုံးပြုံးလေးနဲ့ အေးမြတဲ့ နှလုံးသားနဲ့ ကိုယ့်ဟာကိုယ်ချစ်ပြီး တရားစွမ်းအားယူပါကွယ်၊

သူတို့ကို သံယောဇဉ်နဲ့ ချစ်နေတာထက်တော့ ကိုယ့်ဟာကိုယ် သဒ္ဓါတရားနဲ့ ချစ်ပြီးတော့ ကောင်းတဲ့ကုသိုလ်တွေကို ကြိုးစားပြုလုပ် အားထုတ်တာက မြတ်ပါတယ်ကွယ်၊ အရှိကို အရှိအတိုင်းသာ မြင်အောင်ကြည့်ပါ၊ ကိုယ့်မှာသာသနာနဲ့တွေ့နေတာ ဘာအားငယ်ဖို့လို သေးလဲကွ၊

ကဲ...သူတို့ကိုကျွေးရမယ့်အတူတူ ပြုံးပြုံးလေးကျွေး၊ နေ့တိုင်း ဒါနဖြစ်အောင်ကျွေး၊ သားတို့

သမီးတို့ရယ် အဖေတို့ အမေတို့ကို ဒါနထုပ်ကြီး လာပေးတာ ဝမ်းသာလိုက်တာကွယ်ဆိုပြီး ပြုံးပြုံး လေး ကျွေးကွ၊

သူတို့ရဲ့ ကိစ္စကြီးငယ် ဆောင်ရွက်စရာရှိတာ တွေကို ဝေယျာဝစ္စ သီလတွေလို့ သဘောထားပြီး ပြုံးပြုံးကြီးလုပ်ပေးဟော့၊

ကိုယ့်ဘက်မှာ ဘုရား, တရားရှိတယ်နော်၊ ကိုယ်သွားတာ သာသနာ့လမ်းကြောင်း၊ ဒါကြောင့် သာသနာ့မျက်လုံးလေးတပ်ပြီး လုပ်ရမယ့်အတူတူ တော့ ကိုယ့်ဗိုက်ကျန်အောင် လုဂ်စမ်းပါကွယ်၊

စိတ်ဓာတ်ကျတော့ကော အကန်းလေး တွေက မြင်လာမှာမှမဟုတ်ပဲ၊ နားပင်းလေးတွေက ကြားလာမှာမှမဟုတ်ပဲ၊ အ,အလေးတွေ စကား ပြောလာမှာမှ မဟုတ်ပဲ၊ မျှော်လင့်ချက်မရှိတာကို စိတ်ဓာတ်အကျခံပြီး ဘာဖြစ်လို့ မှိုင်နေသလဲ၊ နောက်ကျသွားမယ်နော်၊ ကြိုးစားကြ”

ဘုန်းကြီးက ပွင့်ပွင့်လင်းလင်းကြီး ပါဠိပါဌ် သား တစ်ခွန်းမှမပါဘဲ ရှင်းရှင်းလင်းလင်း လူပြိန်း သဘောပေါက်အောင် ဟောတယ်ဗျ”

"ကြွေးဆိုတာ ကျေအောင်ဆပ်ဟေ့၊ ဆပ်တဲ့အခါမှာ သာသနာ့မျက်လုံးတပ်ပြီး တရားအသိနဲ့ ဆပ်နော်၊ ဒါနပုံစံ၊ သီလပုံစံ၊ ဝေယျာဝစ္စ ပုံစံတွေနဲ့ ကျေအောင်ဆပ်ပါ၊ မေတ္တာပုံစံ၊ ကရုဏာပုံစံတွေနဲ့ အေးချမ်းစွာဆပ်ပါ၊ စိတ်ထဲမှာနည်းနည်းမှပူလောင်မှုမဖြစ်စေနဲ့၊ သူလဲ သူ့အကြောင်းနဲ့သူလာခဲ့တာ၊ ကိုယ်လဲ ကိုယ့်အကြောင်းနဲ့ကိုယ်လို့ ကမ္မဿကတာ သမ္မာဒိဋ္ဌိ သာသနာ့မျက်လုံးကိုင်ထား သူ ဘာစိတ်ပူဖို့လိုသေးတုန်းကွ၊

ဝိပဿနာစွမ်းအားလေးတွေ ရအောင်ယူပြီး ပျော်ပျော်ကြီး ပြုံးပြုံးကြီး ကြွေးကျေအောင်ဆပ်ကွဲ့၊ ဒါဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တခေါ်တာ မဟုတ်လားလို့ သာသနာ့မျက်လုံးလေးတပ်၊ တရားစွမ်းအားလေး ယူတတ်အောင် သေသေချာချာ နှလုံးသွင်းပါ။

သူတို့ကို အကြောင်းပြုပြီး ဒါနထုပ်ကျန်ခဲ့ပါစေ၊ အပူထုပ် မကျန်ခဲ့ပါစေနဲ့၊ ဒေါသထုပ်တွေ မကျန်စေနဲ့နော်၊ ဒေါမနဿထုပ်တွေ၊ အကုသိုလ်ထုပ်တွေ ဘာမှမကျန်စေခဲ့နဲ့နော်၊ ကြွေးကို တစ်ခါထဲပြောင်စင်သွားအောင် ဆပ်လိုက်စမ်းဟေ့"

F12B

ဘုန်းကြီးက အဲသလိုပြောတော့ ကိုပုတို့ မနုတို့ အထူးအားဖြင့် မနုတစ်ယောက် တော်တော် စိတ်အားတက်သွားတယ်၊ သာသနာ့မျက်လုံး ရ သွားတယ်၊ ကိုယ့်ကိုကိုယ်ချစ်လူအစစ်ပုံစံနဲ့ တရား စွမ်းအားကို ယူမယ်လို့လဲ ဆုံးဖြတ်လိုက်တယ်။

* * *

# ကိုယ့်အထုပ်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်သွားရမှာ

အိမ်ကိုရောက်သွားတော့ ခါတိုင်းလိုစိတ်မျိုး မဟုတ်တော့ဘူး၊ သားတို့ သမီးတို့ကို မေတ္တာ, စေတနာ, သဒ္ဓါတွေနဲ့ စားစရာတွေကျွေး တယ်၊ ခါတိုင်းလို ပူပူလောင်လောင်နဲ့ မဟုတ်တော့ဘူး။

ခါတိုင်းကတော့ သားသမီးကိုကျွေးတော့ သူများသားသမီးနဲ့မိဘတွေလို ချစ်ချင်ကြ၊ စကား ပြန်ပြောစေချင်တာပေါ့၊ ဒါပေမယ့် စကားပြောသံ မကြားရဘဲ အခန့်မသင့်ရင် ငိုတာလောက်ပဲကြား ရတာလေ၊ အခုတော့ အဲသလိုမဟုတ်တော့ဘူး။

"မင်းတို့လဲ မင်းတို့အကြောင်းနဲ့ မင်းတို့ ကွယ်၊ သားရေ…သားအကြောင်းနဲ့ သားလာခဲ့တာ၊ အကန့်အသတ်နဲ့လာခဲ့တာ၊ အချိန်စေ့တော့ သားလဲ ကိုယ့်လမ်းကိုယ်သွားမှာပဲကွဲ့၊

သမီး…သမီးလဲ ကိုယ့်အကြောင်းနဲ့ကိုယ်၊ ကိုယ့်အကန့်အသတ်နဲ့ကိုယ်လာခဲ့တာ၊ အချိန်စေ့တော့ ကိုယ့်အထုပ်ကိုယ်ထမ်း ကိုယ်လမ်းကိုယ်သွားရမှာပဲမဟုတ်လား၊

အဖေတို့ အမေတို့လဲ ကိုယ့်အကြောင်းနဲ့ ကိုယ်လာခဲ့တာ၊ ကိုယ့်အကန့်အသတ်နဲ့ကိုယ်လာခဲ့တာ၊ အချိန်စေတော့ ကိုယ့်အထုပ် ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားကြရမှာ၊ နောက်ဆုံးတော့ ကွယ် ကိုယ့်ဟာကိုယ် တရားနဲ့ချစ်တတ်ဖို့သာ အဓိကပါလား"…လို့ ဘဝအနှစ်လေးကို ထွင်းဖောက်ကြည့်တတ်လာတယ်ဗျ၊ ဒါနဲ့ မငြိုငြင်တော့ပါဘူး။

"ကဲ…သားတို့သမီးတို့၊ အဖေတို့ အမေတို့ ဒါနဖြစ်အောင် စားကြဦးကွယ်"

ပြုံးပြုံးလေးနဲ့ ကျွေးတယ်ဗျ၊ မေတ္တာလေးတွေပို့လို့၊ ကရုဏာစွမ်းအားလေးတွေနဲ့ စေတနာသုံးတန် ထက်သန်ပြဋ္ဌာန်းပြီးတော့ ဒို့အိမ်ပေါ်မှာ အလှူခံပုဂ္ဂိုလ်နှစ်ယောက် ရောက်နေပါတယ်လို့

စိတ်ထဲမှာထား၊ သူတို့မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ဒါန ထုပ်ကြီးတွေယူလို့၊

“ဒီဒါနဟာ ကိုယ့်ကိုကယ်မယ့် ဒါနပါလား၊ သားတို့သမီးတို့ အဖေတို့အမေတို့က သံသရာ တစ်ကွေ့တုန်းက ကြွေးယူခဲ့တယ်ဆိုရင်လဲ ဒီဘဝ နောက်ဆုံးပါကွယ်၊ နောက်ထပ်တော့ ကြွေးတင် အောင် မလုပ်ကြပါနဲ့နော်…လို့ ကြွေးကိုကျေ အောင်ဆပ်၊ သူတို့ကိစ္စတွေကို ဝေယျဝစ္စ သီလ ပုံစံနဲ့ဆောင်ရွက်ပေး၊ မေတ္တာလေးတွေပို့လို့၊ သမာဓိလေးတွေယူလို့၊ ခန္ဓာအရှိ ဉာဏ်နဲ့ကြည့်ပြီး ဝိပဿနာစွမ်းအားလေးတွေ ယူလို့ပေါ့ဗျာ၊

သာသနာ့မျက်လုံးရထားတော့ ကိုယ့်ကို ကိုယ်ချစ် လူအစစ်ပုံစံနဲ့ တွေ့သမျှအာရုံနဲ့ အဆင် ပြေအောင် နေတတ်လာတယ်၊ ငြိမ်းချမ်းပျော်ရွှင် စွာ နေတတ်လာတယ်။

* * *

## တရားနှလုံးသွင်းလမ်းကြောင်း ဖြောင့်သွားတယ်

တစ်ခါတစ်ရံကျတော့ သူတို့သတင်းကြား တယ်၊ ဘယ်သူ့သားက ဘယ်လိုဆိုးတာပဲ၊ မအေ

ကိုကောင်း ပြန်ပြီးဆဲလိုက်တာတဲ့၊ မိဘများ စိတ်ညစ်အောင်လုပ်ဆိုပဲ၊ မိဘကို ပြန်လှန်ပြီး ဘယ်လိုနေ့ခင့်ယှက်ဆိုပဲ”ဆိုတော့ မနုတစ်ယောက်က

“မိနုတို့ရဲ့သား မောင်ဦးက ကန်းတာ၊ အ,တာ၊ န,တာတစ်ခုပဲ ပြောစရာရှိပါတယ်လေ၊ ကိုယ့်ဖအေမအေကို တုတ်နဲ့ ဓားနဲ့ ဘယ်တော့မှ စိတ်ဆင်းရဲအောင်မလုပ်”လို့ ဂုဏ်ယူပြလိုက်သေးသတဲ့ဗျ၊ သာသနာ့မျက်လုံးပါလို့ ပြောတာလေ။

သာသနာ့မျက်လုံး မပါခင်တုန်းကတော့ ခွေးတစ်ကောင်,ကြောင်တစ်ကောင်မွေးသလောက်တောင် အရသာမတွေ့လိုက်တဲ့ သားတွေ သမီးတွေလို့ စိတ်ဓာတ်ကျခဲ့တယ်၊ သာသနာ့မျက်လုံးပေါ်လာတော့ တွေ့သမျှအာရုံနဲ့ အဆင်ပြေအောင်နေဖို့သာ ဒို့အလုပ်ဟဲ့၊ (ယောနိ သောမနသိကာရ ခေါ်တာပေါ့လေ)

သာသနာ့ဘက်ကတော့ ဘာတွေ့တွေ့ စိတ်ကောင်းနှလုံးကောင်း ထားတတ်ရင် ကိုယ့်ကိုကိုယ်ချစ် လူအစစ်ဖြစ်ဖို့ဆိုတာ လမ်းပွင့်သွားတော့တာပဲ။

တစ်ခါတစ်ရံသတင်းကြားတယ်၊ "ဘယ်သူ့သမီးက တယ်ဆိုးဆိုပဲဆိုရင် မိနုတို့သမီးက ကန်းတာ၊ အ,တာ၊ န,တာပဲပြောစရာ ရှိတယ်၊ မိခင်ကို ဘယ်တော့မှ ဆဲတယ်၊ တုတ်နဲ့ ဓားနဲ့ လိုက်တယ်၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် နှောင့်ယှက်တယ်ဆိုတာ မရှိဘူး"လို့ ဂုဏ်ယူပြလိုက်သေးသတဲ့၊ ဆိုလိုတာကတော့ တရားနှလုံးသွင်းလေး လမ်းကြောင်းဖြောင့်သွားတာကို ပြောတာပါ။

ဒီတော့ အကန်းတွေ၊ အဆွံ့တွေ တွေ့တာတောင်မှ နှလုံးကောင်း လေးနဲ့ ကိုယ့်ကိုကိုယ်ချစ်လူအစစ်ပုံစံနဲ့ တရားစွမ်းအားကို ယူတတ်သေးတယ်ဆိုရင် ယခု ပရိသတ်အပေါင်း သူတော်ကောင်းတွေမှာ အကန်းတွေ၊ အဆွံ့တွေနဲ့ တွေ့နေရတာလဲမဟုတ်၊ ကိုယ်တိုင်လဲ သုံးလို့ရတဲ့ဘဝခန္ဓာတစ်ခု ရထားတော့ အခုန ခန္ဓာက ချီးကျူးသလိုပေါ့၊

ကမ္ဘာ့အဖိုးအတန်ဆုံး ရတနာသုံးလုံးနဲ့ လာတွေ့နေရတာဆို တော့ ဘာပဲတွေ့တွေ့ ဒို့တော့

တရားစွမ်းအားကိုယူမယ်၊ တရားလမ်း ကြောင်း ပေါ်ကပဲ သွားမယ်လို့ အသိဝင်လာတယ်။

* * *

# ပညာကပြောနေတယ်

ဒီလိုဆိုတော့ ကိုယ့်ဟာကိုယ်ချစ်တတ်ဖို့ဆိုရင် စိတ်ကောင်းဖော်ထုတ်တဲ့ သဒ္ဓါတရား၊ စိတ်ကောင်းကိုထိန်းသိမ်းပေးတဲ့ သတိတရား၊ စိတ်ကောင်းကိုတွန်း‚တွန်းပေးတဲ့ ဝီရိယတရား၊ စိတ်ကောင်းကို လမ်းညွှန် ခွဲခြမ်းစိတ်ဖြာအသုံးချပေးတဲ့ ပညာတရားရှိရမယ်။

ပညာကပြောတယ်။

"မင်းလက်ထဲမှာကိုင်ထားတာ ဒါနထုပ်နော်၊ ငါ့သား ငါ့သမီး ကျွေးတာပဲဆိုပြီး တဏှာသံယောဇဉ်နဲ့များ သွားမကျွေးလိုက်နဲ့၊ ဒါနကျန်အောင်ကျွေးပါ...လို့ သာသနာ့မျက်လုံးတပ်ထားတဲ့ ပညာက ပြောနေတယ်။

"သားကျွေးတာ သမီးကျွေးတာပဲဆိုပြီး သံယောဇဉ်တဏှာနဲ့ ကုန်ရုံလေးတော့ သွားမကျွေးလိုက်နဲ့၊ ဒါနကျန်ခဲ့ပါစေ၊ ဈေးရောင်းတာ ဒါန အနည်းဆုံးကျန်ခဲ့ပါစေကွယ်"တဲ့၊ ပညာမျက်လုံးလေး အလင်းရောင်ညှိထွန်းပေးတယ်ဗျ။

"နိုင်ငံတာဝန်ထမ်းတယ်၊ ယူလိုက်ပါလား သီလတွေ၊ ဝိပဿနာ စွမ်းအားတွေ၊ ယူတတ်ရင် တန်းစီလို့ပါလား...တဲ့၊ ပညာက လမ်းပြပေးတယ်ဗျ၊ စသည်ဖြင့်ပေါ့ဗျာ၊ ဘာလုပ်လုပ် လေးတဲ့ဝန်ထုပ်ကြီးဟာ အများကြီးပေါ့သွားတယ်။

* * *

# ခန္ဓာဝန်ထုပ်ကြီး ပေါ့သွားအောင်

ခန္ဓာဟာ လေးတော့လေးတာပေါ့ဗျာ၊ အိုထုပ်, နာထုပ်, သေထုပ်ကြီးရထားတော့ လေးတာပေါ့၊ အဲဒီထဲမှာ တဏှာမာနဒိဋ္ဌိ အလေးတွေက ဝင်စွက်လိုက်ရင် လေးသည်ထက် ပိုလေးသွားမှာပေါ့။

သဒ္ဓါ,ပညာ, မေတ္တာစွမ်းအားတွေနဲ့ ရှင်လန်းအေးမြစွာ တရားစွမ်းအားကို ယူတတ်မှသာလျှင် အင်မတန်လေးလံတဲ့ ခန္ဓာဝန်ထုပ်ကြီး ပေါ့အောင် တရားစွမ်းအားကိုယူပြီး ထမ်းဆောင်တတ်မယ်။

ဒါကြောင့် အဲသလို လမ်းကောင်းလမ်းမှန်တွေ ညွှန်ပြပေးတဲ့ သာသနာတော်မြတ်ကြီးကို အဖိုးတန်တယ်ဆိုပြီး သာသနာကြာကြာ တည်

အောင်လဲပဲ ကိုယ့်ရဲ့စစ်မှန်တဲ့ သဒ္ဓါ၊ ပညာ၊မေတ္တာ အင်အားတွေနဲ့ ရှိတဲ့ပစ္စည်းလေးတွေထုတ်ပြီး ချီးမြှောက်နေကြတယ်။

“တပည့်တော်တို့၊ တပည့်တော်မတို့ ပိုက်ဆံပေါလွန်းလို့ မဟုတ်ဖူးဘုရား၊ သဒ္ဓါပေါလွန်းလို့၊ မေတ္တာတရား၊ အသိပညာတရား တွေ ပေါလွန်းလို့ တပည့်တော်တို့ ယခုလိုဝိုင်းပြီး ချီးမြှောက်နေကြတာ ဘုရား”...လို့ ပါးစပ်ကသာ ထုတ်မပြောတာ၊ မိမိတို့လုပ်နေတဲ့ အမှုအရာတွေက ကိုယ့်ကိုကိုယ်ချစ် လူ့အစစ်ဆိုတဲ့ပုံစံနဲ့ စနစ်တကျဆောင်ရွက်ပြီး ကြိုးစားအားထုတ်နေကြတာပါ။

* * *

# ဉာဏ်နဲ့ချိန်ကြည့်ပြီးပြီ

*   လုပ်ရန်အခွင့်၊ သင့်မသင့်ကို၊
နှိုင်းချင့်တိုင်းတာ၊   ကောင်းစွာသိတတ်၊
ဆုံးဖြတ်တတ်၊ မချွတ်လူ့ခေါ်ရ၊

ကိုယ့်ကိုကိုယ်ချစ် လူအစစ်တစ်ယောက်ဖြစ်ဖို့ဆိုတာ မှန်ကန်တဲ့ အသိပညာလိုတယ်၊ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား၊ ဒါကိုလုပ်လိုက်ရင် ကိုယ့်အတွက် ခံစားခွင့်ဘယ်လောက်ပေါ်လာမှာတဲ့လဲ၊ ဟောဒါကို လုပ်လိုက်ရင် သူများမှာ အနှောင့်အယှက်ဘယ်လောက်ဖြစ်သွားမလဲ၊ ဒါလေးကို လုပ်လိုက်ရင် ပစ္စုပ္ပန်မှာ ဆင်းရဲတွေ ဘယ်လောက်လာနိုင်သေးလဲ၊ သံသရာမှာကော ဆင်းရဲတွေ ဘယ်

လောက်လာနိုင်သေးလဲ၊ ပညာနဲ့ ချင့်ချိန်၊ ချိန်တွယ်၊ တွက်ချက်၊ ဆန်းစစ်ပြီး လုပ်တတ်တဲ့အတွက် လူလို့ခေါ်တယ်။

ဒီလိုဆိုရင် ပရိသတ်အပေါင်း သူတော်ကောင်းတွေ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတွေ ယခု အလှူလုပ်တယ်၊ သာသနာပြုမြတ်ကောင်းမှုလုပ်တယ်ဆိုတာ ပညာနဲ့ချိန်တွယ်ပြီးပြီလေ။

သူများက ပြောချင်ရာပြော အလကားပိုက်ဆံအကုန်ခံပြီး လုပ်မနေနဲ့လို့ ကိုယ့်ကိုပြောချင်တဲ့သူပြော၊ ကိုယ်က ဉာဏ်နဲ့ချိန် ကြည့်ပြီးပြီ၊ သာသနာအဖိုးတန်မှန်းလဲ ကိုယ်က ဉာဏ်နဲ့ချိန်ကြည့်ပြီးပြီ၊ ဒါနတွေ ဘယ်လောက်အဖိုးတန်တယ်ဆိုတာ ဉာဏ်နဲ့ချိန်ကြည့်ပြီးပြီ၊ လူ့အသိနဲ့သေသေချာချာ ချင့်ချိန်ပြီးကာမှ လုပ်သင့်တာကိုဆုံးဖြတ်ပြီးလုပ်တော့ မှန်တာပေါ့ဗျာ။

*** ထက်မြက်စွန့်စား၊ စိတ်ထားမှန်ကန်၊ မြင့်မားပြွန်၊ ကေန် လူခေါ်ရ၊**

လူဆိုတာ ထက်မြတ်တဲ့စိတ်၊ စွန့်စားတဲ့စိတ်၊ မြင့်မားတဲ့စိတ်နဲ့ မိမိကိုရော သူတစ်ပါးကိုရော

ချမ်းသာစေချင်တဲ့ ချမ်းသာအောင် ဆောင်ရွက်ပေးနိုင်တဲ့ မြင့်မားထူးချွန်တဲ့အသိစိတ်ရှိတာကြောင့် လူလို့ ခေါ်ပါတယ်။

ကိုယ့်ကိုကိုယ်ချစ် လူအစစ်ဟာ ကိုယ့်ကိုကိုယ်ချစ်တယ်ဆိုရင် အများကိုလဲ စနစ်တကျချစ်တတ်တယ်၊ သူများကိုလဲ ကုသိုလ်ရအောင်ကူညီတတ်တယ်၊ တကယ်ချစ်ရာရောက်တာက ကောင်းတဲ့အလုပ်ကို လုပ်ပြမှ ကောင်းတဲ့အလုပ်လုပ်နိုင်အောင် ဆောင်ရွက်ပေးမှ၊ ကောင်းတဲ့တရားစွမ်းအားတွေပေါ်လာအောင်၊ တိုးလာအောင်၊ ပွားလာအောင် ဆောင်ရွက်ပေးနိုင်မှ တကယ်ချစ်ရာရောက်ပါတယ်။

* **မိဘဆရာ၊ ကောင်းစွာပြောကြား၊**
**မြတ်စကားကို၊ မှတ်သားနာယူ၊**
**စိတ်ထားဖြူ၊ ထိုသူလူခေါ်ရ၊**

လူအစစ်ဆိုတာ မိဘစကားကို နားထောင်တယ်၊ ဆရာသမား စကားကို နားထောင်တယ်၊ ပုထုဇဉ်ဆိုတာ ကိုယ့်သဘောနဲ့ကိုယ် ရှေ့သွားလဲမရဘူး၊ ကိုယ့်သဘောနဲ့ကိုယ် အပေါ်တက်လဲ မရဘူး။

ပုထုဇဉ်ဆိုတာ ကိုယ့်အပေါ်ဩဇာညောင်းတဲ့ အထိန်းတစ်ခု အမြဲတမ်းရှိနေရပါတယ်၊ ကိုယ့်ကို ကိုယ်မနိုင်သေးသပဆိုရင် ကိုယ့်အပေါ် ဩဇာ ညောင်းတဲ့ အထိန်းတစ်ခု အမြဲရှိနေရတယ်။

ပုထုဇဉ်ဆိုတာ ကိုယ့်အပေါ်ဩဇာညောင်းတဲ့ တွန်းအားတစ်ခု အမြဲရှိနေရပါတယ်၊ ပုထုဇဉ်ဆို တာ ကိုယ့်အပေါ်ဩဇာညောင်းတဲ့ လမ်းညွှန်တစ်ခု အမြဲရှိနေရပါတယ်၊ ဒီ(၃)ခုရှိနေပြီး ဒီ(၃)ခုကို လမ်းညွှန်ပေး ဆောင်ရွက်ပေးနိုင်တဲ့ မိကောင်း ဖကောင်း ဆရာကောင်း သမားကောင်းတွေနဲ့တွေ့ ရင်တော့ ငါကံကောင်းပြီလို့သာမှတ်တော့၊ တိုး တက်ဖို့ လမ်းပွင့်ပြီ။

ကိုယ့်ကိုကိုယ်ချစ်၊ လူ့အစစ်ပုံစံနဲ့ နိဗ္ဗာန် ရောက်သည်အထိ ဖြောင့်ဖြောင့်ကြီးသွားနိုင်ပြီလို့ အားတက်ရမယ်၊ ဝမ်းသာရမယ်။

ပညာရှိသူတော်ကောင်းတွေဆိုတာ တစ်ကြိမ် တစ်ခါတွေ့ရင်တောင်မှ နိဗ္ဗာန်အရောက်၊ သံသရာ တစ်လျှောက် တစ်သံသရာလုံး စောင့်ရှောက်ပေး နိုင်တယ်။

ပညာရှိသူတော်ကောင်းတွေဆိုတာ တစ်ကြိမ် တစ်ခါ ပေါင်းသင်းခွင့်ရရင်တောင်မှ နိဗ္ဗာန် အရောက် သံသရာတစ်လျှောက် စောင့်ရှောက်ပေး နိုင်တယ်၊ စောင့်ရှောက်နိုင်တဲ့စွမ်းအားကိုရအောင် ဆောင်ရွက်ပေးနိုင်တယ်။

ဒါကြောင့် လူအစစ်ဆိုတာ မိဘဆရာသမား စတဲ့ ပညာရှိသူတော်ကောင်းတွေရဲ့ လမ်းညွှန် စကားကို ရတနာထုပ်ကြီးရသလို လေးလေးစား စား တန်ဖိုးထားလိုက်နာတတ်ကြတယ်၊ အဲဒါ ကြောင့် လူလို့ခေါ်တယ်၊ လူမည်ခြင်းအကြောင်းကို အဲသလို(၃)မျိုးပြတယ်။

ဒါကြောင့် ပရိသတ်အပေါင်း သူတော် ကောင်းတွေမှာ အဲဒီ (၃)ခုနဲ့ပြည့်စုံတဲ့ ကိုယ့်ကို ကိုယ်ချစ် လူအစစ်တွေဖြစ်ကြလို့ ယခုလိုကုသိုလ်နဲ့ ပျော်ပြီးနေကြတာဗျ။

အဆိုးနဲ့အကောင်းဆိုတာ လောကမှာ ယှဉ် ကြည့်ရင် အကောင်းကနည်းနည်းလေး၊ အဆိုး ဆိုတာ အများကြီး၊ သို့သော် အဆိုးသည် များ သော်လည်း အားမကိုးရပါ၊ အကောင်းသည် နည်း

သော်လဲ စွမ်းအားပါသောကြောင့် အားကိုးလို့ရတယ်။

သာသနာအတွက် အင်မတန်မှ အားတက်စရာကောင်းတဲ့ ကောင်းမှုပွဲကြီးလုပ်နေကြတာ၊ ကိုယ့်ဟာကိုယ်လဲ ချစ်ရာရောက်၊ သာသနာလဲ ချစ်ရာရောက်ပေါ့ဗျာ။

* **လုပ်ရန့်အခွင့်၊ သင့်မသင့်ကို၊**
  **နှိုင်းချင့်တိုင်းတာ၊**
  **ကောင်းစွာသိတတ်၊ ဆုံးဖြတ်တတ်၊**
  **မချွတ်လူ့ခေါ်ရ၊**
* **ထက်မြက်စွန့်စား၊ စိတ်ထားမှန်ကန်၊**
  **မြင့်မားပြန်၊ ကေန်လူ့ခေါ်ရ၊**
* **မိဘဆရာ၊ ကောင်းစွာပြောကြား၊**
  **မြတ်စကားကို၊ မှတ်သားနာယူ၊**
  **စိတ်ထားဖြူ၊ ထိုသူ့လူ့ခေါ်ရ၊**
* **ကိုယ့်ကိုကိုယ်ချစ် လူ့အစစ်၊**
  **အနှစ်ပိုင်ဆိုင်ရ၊**

ဒါကြောင့် ကတပုညတံ-ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏ အဖြစ်ကို၊ ကတပုညတံ-

ကိုယ့်ကိုကိုယ်ချစ် လူအစစ်ဟု၊ အနှစ်ပိုင်ကြောင်း၊ တရားကောင်းကို၊ ပဏ္ဍိတာ–ဘုရားအစရှိသော သူတော်ကောင်းတို့သည်၊ ပသံသန္တိ–ကောင်းစွာ မသွေ၊ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် ကိုယ့်ကိုကိုယ်ချစ် လူအစစ် တရား နာကြားကြရတဲ့ ဓမ္မသဝနမင်္ဂလာနှင့် ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့် ဘေး ရန်အပူခပ်သိမ်း လွတ်ငြိမ်းကြ၍ ကောင်းကျိုး ချမ်းသာများ ကြီးပွားတိုးတက်ပြည့်စုံကြပြီးလျှင် သူတော်ကောင်းတရား တိုးပွားအောင် ကြိုးစားနိုင် လွယ်ကြလျက် ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ အသင်္ခတဓာတ်၊ နိဗ္ဗာန်ရွှေပြည်မြတ်ကြီးကို လွယ်ကူ သောအကျင့်၊ လျှင်မြန်သော အသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ် နိုင်ကြပါစေကုန်သတည်း။

* * *

★ စားဝတ်နေရေးအတွက်

★ ရုန်းကန်လှုပ်ရှားကြိုးစားရှာဖွေရင်း

★ ဒါန, သီလ. ဘာဝနာ, မေတ္တာ, သမာဓိ

စသော

★ ကုသိုလ်တရားများရရှိနိုင်ကြောင်း

★ နည်းလမ်းကောင်းများညွှန်ကြားထားသော

# သမုဒ္ဒရာဝမ်းတစ်ထွာ

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက

(ယော)ဆရာတော်

**ရွှေစန္ဒာကွန်းစာပေ မှ**

**မကြာမီ ထွက်ရှိလာမည်**

စာမူခွင့်ပြုချက်အမှတ် ၂၉၉/၉၉ (၅)

* စိတ်မအေးစရာကိစ္စများက
* ခန္ဓာမှာဝိုင်းရံနေကြသည့်အခါတွင်
* စိတ်အေးစရာတရားတော်များ
* ရအောင်ယူတတ်ကြစေရန်
* နည်းပေးလမ်းပြထားသော

# စိတ်အေးစရာသာသနာ

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

ရွှေစန္ဒာထွန်းစာပေ မှ
မကြာမီ ထွက်ရှိလာမည်

စာမူခွင့်ပြုချက်အမှတ် ၄၆၆/၉၉ (၈)

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က
ဘုရားရှင်ဟောကြားတော်မူခဲ့သည့်
ဗုဒ္ဓအဘိဓမ္မာဒေသနာနှင့်
ယနေ့ခေတ်စကြဝဠာတည်ရှိနေပုံတို့
ထပ်တူညီမျှမှု၊ မှန်ကန်တိကျမှုရှိကြောင်း
နှိုင်းယှဉ်ချက်များ

# ဗုဒ္ဓအဘိဓမ္မာနှင့် စကြဝဠာသီအိုရီ

ဦးလှသိန်းထွန်း

ရွှေစန္ဒာထွန်းစာပေ မှ
မကြာမီ ထွက်ရှိလာမည်

စာမူခွင့်ပြုချက်အမှတ် ၂၈၀/၉၉ (၅)

## ဆက်လက်ထွက်ရှိလာမည့်စာအုပ်များ

(၁)သမုဒ္ဒရာဝမ်းတစ်ထွာ (ယောဆရာတော်)
(၂)မေတ္တာတရားပျူ့စွမ်းအား ။
(၃)အိမ်တွင်းမင်္ဂလာလူ့ကျင့်စဉ် ။
(၄)စိတ်အေးစရာသာသနာ ။
(၅)စိတ်စွမ်းရည် ။
(၆)ပညာလမ်းပြလူ့အလှ ။
(၇)ဘဝဇာတ်ခုံပုံစံစုံ ။
(၈)ဘဝတွက်တာအပေါင်းလက္ခဏာ ။
(၉)ဗုဒ္ဓအဘိဓမ္မာနှင့်
စကြဝဠာသီအိုရီ ဦးလှသိန်းထွန်း
(၁၀)ဘဝလမ်းညွှန် မောင်ကြာညို

မှာကြားနိုင်ပါသည်

**ရွှေစန္ဒာထွန်းစာပေ**

အမှတ် ၉၆(မြေညီ) ၃၈လမ်း

ရန်ကုန်မြို့။

☎ ၀၁-၂၄၃၈၇၀

# ရွှေစန္ဒာထွန်းစာပေတိုက်တွင်
# ရရှိနိုင်သောစာအုပ်များ

(၁)မေတ္တာနှလုံးအလှဆုံး (ယောဆရာတော်)
(၂)အဆင်းအတက်လမ်းနှစ်ဖက် ။
(၃)အသိမှန်ကန်အဖိုးတန် ။
(၄)ကုသိုလ်လည်းရ ဝမ်းလည်းဝ ။
(၅)ဆင်းရဲ၏နောက်ချမ်းသာရောက် ။
(၆)ဗုဒ္ဓဘာသာသိမှတ်ဖွယ်ရာ ဆန်းလွင်
(၇)မွေဒသသနစာစု ။
(၈)ဘုံစဉ်စံ ဘဝလမ်းပြဒသသန ။
(၉)ဒေသစာရီဝေသာလီ ပါရဂူ
(၁၀)ကုသိုလ်ဆောင်ရာ
မြတ်ချမ်းသာ တက္ကသိုလ်သျှင်သီရိ


ဆင်းရဲ၏နောက် ချမ်းသာရောက်
တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်